မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများနှင့် နိုင်ငံတကာဥပဒေ

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညှိနှိုင်းအသင်း

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်း
(Thailand Burma Border Consortium)
၂၀၀၈ ခုနှစ် အောက်တိုဘာလ

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများနှင့် နိုင်ငံတကာဥပဒေ

ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာကော်မီတီ
(Committee for Internally Displaced Karen People)
ကရင်ဒုက္ခသည်နှင့်ဖွံ့ဖြိုးတိုးတက်ရေးရုံး
(Karen Office of Relief and Development)
ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန
(Karenni Social Welfare and Development Centre)
မွန်ဒုက္ခသည်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မီတီ
(Mon Relief and Development Committee)
ရှမ်းဒုက္ခသည် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မီတီ
(Shan Relief and Development Committee)

တို့၏ ကွင်းဆင်းလေ့လာသူတေသနပြုချက်များနှင့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

Thailand Burma Border Consortium
12/5 Convent Road, Bangkok, 10500, Thailand
tbbcbkk@tbbc.org
www.tbbc.org

ရှေ့မျက်နှာဖုံး။ ဖာပွန်မြို့နယ်၌ မိုးရာသီအတွင်း နေရပ်ရင်းစွန့်ခွာထွက်ပြေးနေရပုံ၊ ဇွန်လ ၂၀၀၈ (KORD)
စာအုပ်အပြင်အဆင်။ Wantanee Maneedang
ပုံနှိပ်စက်။ Wanidapress Chiangmai Thailand

စာမျက်နှာ

စာမျက်နှာ

အစီရင်ခံစာအကျဉ်း ၁

၁။ နိဒါန်း ၇

၁။ ၁။ မြန်မာနိုင်ငံ၏ ကျဆုံးနေသော အခြေအနေ ၈

၁။၂။ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများ ၁၀

၁။ ၃။ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့် အချုပ်အချာအာဏာပိုင်မှု ၁၃

၁။ ၄။ စစ်တမ်းကောက်ယူမှု၏ လုပ်ဆောင်ပုံနည်းနာ ၁၆

၂။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရပ်ရင်း စွန့်ခွာထွက်ပြေးရမှုဖြစ်ပေါ်နေပုံ ၁၉

၂။ ၁။ ပဋိပက္ခကြောင့်ဖြစ်ပေါ်ရသော နေရပ်ရင်းစွန့်စွာထွက်ပြေးရမှု ၂၀

၂။ ၂။ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်ဖြစ်ပေါ်ရသော နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှု ၂၂

၂။ ၃။ ဖျက်ဆီး၊ ရွှေ့ပြောင်း၊ စွန့်ခွာထွက်ပြေးရသောကျေးရွာများ ၂၅

၂။ ၄။ ပြည်တွင်းဒုက္ခသည်လူဦးရေခန့်မှန်းချက်များ ၂၈

၃။ ဒေသခံလူမှုအဖွဲ့အစည်းများမှ ပေးပို့သော နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အစီရင်ခံချက်များ ၃၅

၃။ ၁။ ရှမ်းပြည်နယ်တောင်ပိုင်း ၃၆

၃။ ၂။ ကရင်နီပြည်နယ် ၃၈

၃။ ၃။ ကရင်ပြည်နယ်မြောက်ပိုင်းနယ်မြေများ ၄၁

၃။ ၄။ ကရင်ပြည်နယ်အလယ်ပိုင်း ၄၄

၃။ ၅။ မွန်နယ်မြေများ ၄၆

၃။ ၆။ တနင်္သာရီတိုင်း ၄၉

၄။ လူသားဆန်ကျင့်ဝတ်မှုများ ၅၃

၄။ ၁။ အရပ်သားများအပေါ် အနှံ့အပြားနှင့် စနစ်တကျတိုက်ခိုက်မှုများ ၅၄

၄။ ၂။ ဥပဒေမဲ့ သတ်ဖြတ်မှုများ ၅၇

၄။ ၃။ ကျေးကျွန်ပြုမှု ၅၉

၄။ ၄။ လူအစုလိုက်အပြုံလိုက် အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း ၆၂

၄။ ၅။ ညှဉ်းပန်းနှိပ်စက်မှု ၆၅

၄။ ၆။ မုဒိမ်းပြုကျင့်မှု ၆၇

၄။ ၇။ လူမဆန်သော အခြားလုပ်ရပ်များ ၆၉

နောက်ဆက်တွဲများ ၇၁

၁။ နေရပ်ရင်းစွန့်ခွါထွက်ပြေးရသူ ပြည်တွင်းဒုက္ခသည် အရေအတွက် ခန့်မှန်းချက် ၂၀၀၈ ခုနှစ် ၇၂

၂။ ဖျက်ဆီး၊ ရွှေ့ပြောင်း၊ စွန့်ခွာထွက်ပြေးရသောကျေးရွာများ (၂၀၀၇–၂၀၀၈ ခုနှစ်) ၇၃

၃။ ရွှေ့ပြောင်းခံရသည့်စုစည်းစခန်းများ (၂၀၀၈) ၇၅

၄။ မြန်မာပြည်အရှေ့ပိုင်း နအဖ၏စစ်တပ်ဌာနချုပ်များ (၂၀၀၈) ၇၇

၅။ ၂၀၀၈ခုနှစ် စစ်တမ်းကောက်လှာပုံစံ ၇၉

မြေပုံစာရင်းများနှင့် နေရာအမည်များ

စာမျက်နှာ

မြေပုံများ

မြန်မာပြည်အရှေ့ပိုင်းစစ်တပ်အင်အားတိုးချဲ့မှုများ၊ ၂၀၀၈ ၂၁
အစိုးရဖွဲ့ဖြိုးရေးစီမံကိန်းများ ၂၀၀၈ ၂၃
အိုးအိမ်စွန့်ခွာပြေးရသည့်အခြေမဲ့ရွာများ ၁၉၉၆–၂၀၀၈ ၂၇
မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများအတွင်း ပြည်တွင်းအခြေမဲ့မှု – ၂၀၀၈ခုနှစ် ၂၉
ရှမ်းပြည်နယ် တောင်ပိုင်း ၃၇
ကရင်နီပြည်နယ် ၃၉
ကရင်ပြည်နယ် မြောက်ပိုင်း ၄၃
ကရင်ပြည်နယ် အလယ်ပိုင်း ၄၅
မွန်ဒေသများ ၄၇
တနင်္သာရီတိုင်း ၅၁

ရေချောင်းပြတ်တောက်ခြင်းကြောင့် ကျောင်းတက်ကြီးပြင်းနေသော် (KORD၊ ဇွန်လ ၂၀၀၈ခုနှစ်)

အစီရင်ခံစာအကျဉ်း

“(နအဖ) စစ်တပ်တွေ ကျမတို့ရွာကိုလာတိုင်း ကျမတို့ပြေးရတာပဲ။ ကျမတို့ဆီကို သူတို့မရောက်တာ တောင်မှ မော်တာနဲ့လှမ်းပစ်တယ်။ သူတို့က ကျမတို့ရဲ့ဝမ်းစာတွေနဲ့ ပစ္စည်းတွေကိုခိုးတယ်။ တိရိစ္ဆာန်တွေကိုသတ်သွားတယ်။ အိမ်တွေကို မီးရှို့တယ်။ မိုင်းတွေ ထောင်သွားတယ်။ ကျမတို့လုပ်နိုင် တာကတော့ ပြေးဖို့ဘဲ။”

(ကရင်အမျိုးသမီးတဦး၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ၊ အထူးပြု စောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏ တွေ့ဆုံမေး မြန်းချက်မှ၊ သံတောင်မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

အစီရင်ခံစာအကျဉ်း

ဒီမိုကရေစီရေးအတွက် ကန့်ကွက်ဆန္ဒပြသူများကို မြန်မာစစ်အစိုးရက ပစ်ခတ်နှိမ်နင်းပြီးနောက်ပိုင်း၊ အနှစ် ၂၀ အကြာ၌ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများသည် ယခင်ကထက်ပင်ပို၍ အနှံ့အပြားဖြစ်ပွားလာခဲ့သည်သာမက ပို၍လည်း စနစ်တကျ ကျူးလွန်လာခဲ့သည်။ ပြည်တွင်းဒုက္ခသည်များဆိုင်ရာ လမ်းညွှန်မှုများကို တင်ပြထားပြီး ဆယ်နှစ်အကြာ၌ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်ပေးမှုများသည် ဆိုးသွမ်းအုပ်ချုပ်နေသော အစိုးရနှင့်ပတ်သက်၍ မယ်မယ်ရရ ထိရောက်မှုမရှိဘဲ ဖြစ်နေခဲ့သည်။

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်း (Thailand Burma Border Consortium) သည် ၂၀၀၂ ခုနှစ်ကစ၍ လူမျိုးစုအခြေခံသော အဖွဲ့အစည်းများနှင့် လက်တွဲကာ မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ ပြည်တွင်းဒုက္ခသည်များ၏ ထူးခြားချက်များကို မှတ်တမ်းတင်ထားခဲ့သည်။ ဤကာလအတွင်း၌ မြန်မာနိုင်ငံအရှေ့ပိုင်းမှာဖြစ်ပွားသော လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများသည် နိုင်ငံတကာရာဇဝတ်မှု မြောက်–မမြောက် ငြင်းခုန်ဆွေးနွေးမှုများ တိုးတက်ဖြစ်ပေါ်လာနေသည်။ သို့ဖြစ်ရာ ပြည်တွင်းနေရပ်ရင်းစွန့်ခွာ ထွက်ပြေးရမှုများ၏ တစုံလုံးပမာဏ၊ နယ်မြေအလိုက်ပမာဏတို့နှင့် ပတ်သက်၍ နောက်ဆုံးပေါ်သတင်းအချက်အလက်များအပြင်၊ ဤစစ်တမ်းသည် လူသားဆန့်ကျင်ရေးရာဇဝတ်မှုများဆိုင်ရာ တရားဝင်အခြေခံလုပ်ငန်းစည်းမျဉ်းများနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်အတွင်းသတင်းရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တင်ပြထားပါသည်။

စစ်ကြောင့်ဖြစ်ပွားသော နေရပ်ရင်းစွန့်ခွာ ထွက်ပြေးရမှုများသည် ကရင်ပြည်နယ်မြောက်ပိုင်းနယ်မြေများမှာ နေရာအစိပ်ဆုံး ဖြစ်ပွားနေပါသည်။ ဤနယ်မြေများ၌ ၂၀၀၈ ခုနှစ်၏ ပထမ ၆ လအတွင်း မြန်မာစစ်တပ်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား တိုက်ပွဲများဆက်တိုက်ဖြစ်ပွားနေခဲ့သည်။ မိုးရာသီကာလသည် ယခင်က မြန်မာစစ်တပ်စစ်ကြောင်းများအတွက် ခေတ္တရပ်နားချိန်ဖြစ်ခဲ့သော်လည်း လွန်ခဲ့သော ၂ နှစ်အတွင်း စစ်တပ်များ တိုးသည်ထက်တိုး၍ချထားနေပုံကိုထောက်လျှင် နယ်မြေသိမ်းပိုက်မှုသည် ယခုအခါ၌ နှစ်လုံးပေါက် ဖြစ်နေကြောင်းတွေ့ရသည်။ ဤသို့ဖြင့် ပြီးခဲ့သောနှစ်အတွင်း ဘေးဒဏ်သင့်မြို့နယ် ၄ မြို့နယ်မှာ နောက်ထပ် နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူကျေးရွာသားပေါင်း (၂၇, ၀၀၀)ရှိလာခဲ့သည်။ အရပ်သားများအပေါ် ပစ်မှတ်ထားနေကျ စစ်တပ်၏တိုက်ခိုက်မှုများသည် စစ်အစိုးရ၏ ၂၀၀၆ ခုနှစ် ထိုးစစ်အပြီးနောက်ပိုင်းတွင် မသိမသာ လျော့နည်းသွားခဲ့သည်။ သို့ဖြစ်စေကာမူ လက်နက်ကိုင်အတိုက်အခံအင်အားစုများ ဘက်မှာ ရပ်တည်သည်ဟု ယူဆရသော ကျေးရွာသားများအပေါ် ရမ်းကားမှုများကား လျော့ပါးသွားခြင်း မရှိသေးချေ။

ရှမ်းပြည်တောင်ပိုင်း လဲချားမြို့နယ်ပတ်ပတ်လည်ရှိ မြို့နယ် ၄ ခုသည်လည်း အထူးစိုးရိမ်ဖွယ်ဖြစ်သည်။ ရှမ်းပြည် တပ်မတော်–တောင်ပိုင်း (SSA-S) မှ တပ်ရင်းမှူးဟောင်းတဦး လက်နက်ချပြီးနောက် ပိုင်းတွင် ဤနယ်မြေအတွင်း၌ လက်နက်ကိုင်တိုက်ပွဲများနှင့် မြန်မာစစ်တပ်ချထားမှုများ တိုး၍ဖြစ်ပွားခဲ့သည်။ မြန်မာစစ်တပ်သည် ၎င်း၏ အင်အားသာလွန်မှုကို ပြသသောအားဖြင့် တောင်ဘက်က လက်နက်ကိုင်အတိုက်အခံအုပ်စုများနှင့် မြောက်ဘက်က အပစ်အခတ်ရပ်စဲရေး အုပ်စုများ

အကြားရှိ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်သည်။ လွန်ခဲ့သော ၁၂ လအတွင်း ဤဒေသမှာ အရပ်သား (၁၃,၀၀၀) ကျော်တို့သည် နေရပ်ရင်းမှ စွန့်ခွာထွက်ပြေးသွားရသည်ဟု ခန့်မှန်းရပါသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်းမှာ လူနေအိမ်စုပေါင်း (၃,၂၀၀) သည် အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်းသော်လည်းကောင်း၊ လူသူစွန့်ခွာသွားရခြင်းသော်လည်းကောင်း ဖြစ်ပွားခဲ့သည်ဟု ထိုင်း–မြန်မာနယ်စပ်တလျောက်ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်း (TBBC) က အစီရင်ခံတင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤကွင်းဆင်းလေ့လာချက် အစီရင်ခံစာများသည် ကျေးရွာများ၏အိုးအိမ်အခြေပျက်မှုများ မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက်ပိုင်း အဆင့်မြင့်ဂြိုဟ်တုဓါတ်ပုံ (high resolution commercial satellite imagery) များဖြင့် အတည်ပြုပုံပြုထားခြင်း ဖြစ်သည်။ ပြီးခဲ့သောနှစ်အတွင်း၌ ဒေသခံအဖွဲ့အစည်းများသည် နောက်ထပ်ကျေးရွာနှင့် ပုန်းအောင်းရာနေရာ (ရွာပုန်း)ပေါင်း (၁၄၂) ခုပါဝင်သော အတင်းအဓမ္မနေရာမှဖယ်ရှားခံရပုံကို မှတ်တမ်းပြုထားခဲ့သည်။

သို့ရာတွင် နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများသည်အိမ်ထောင်စုအဆင့်၌ နိုင်ထက်စီးနင်းပြုသော အကြောင်းအချက်များကြောင့် ပို၍အဖြစ်များပါသည်။ အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း၊ ခြိမ်းခြောက်ငွေတောင်းခြင်း၊ မြေယာသိမ်းပိုက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရမည့် သီးနှံခွဲတမ်း သတ်မှတ်ခိုင်းစေခြင်း၊ လုပ်ခွင်နှင့်စျေးကွက်များသို့သွားလာမှု ကန့်သတ်ချုပ်ချယ်ခြင်း တို့သည် အိမ်ထောင်စုများ၏ဝင်ငွေကို ဆိုးဆိုးရွားရွားထိခိုက်စေသည့်အပြင် လူဦးရေတည်ရှိမှုကိုလည်း မတည်မငြိမ်ဖြစ်စေပါသည်။ ပြီးခဲ့သောနှစ်အတွင်း၌ နဂိုရှိရှင်းစွဲ ဤအကြောင်း အချက်များသည် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံချက်များ၊ ရှမ်းပြည်နယ်၊ ကရင်နီပြည်နယ်နှင့် ပဲခူးတိုင်းတို့ရှိ သတ္တုတူးဖော်ရေးစီမံချက်များနှင့် မွန်ပြည်နယ်ရှိ သဘာဝဓါတ်ငွေ့ပိုက်လိုင်းကြောင့် လည်းကောင်း၊ နေရာအနှံ့လုပ်နေသော စီးပွားဖြစ်စိုက်ပျိုးရေးနှင့် လမ်းဖောက်လုပ်ရေးတို့ကြောင့် လည်းကောင်း ပို၍ဆိုးရွားလာခဲ့သည်။

မြန်မာနိုင်ငံအရှေ့ပိုင်းရှိ နေရပ်ရင်းစွန့်ခွာ ထွက်ပြေးရသူဦးရေစုစုပေါင်းသည် သန်းတဝက်ကျော်ရှိနိုင်သော်လည်း ကျေးလက်ဒေသများအတွင်းမှာပင် လူဦးရေအနည်းဆုံး (၄၅၁,၀၀၀) ရှိနေမည်ဟု ခန့်မှန်းရပါသည်။ လူမျိုးစုတိုင်းရင်းသားများအုပ်ချုပ်သော အပစ်အခတ်ရပ်စဲရေးနယ်မြေများရှိ ယာယီစခန်းများတွင် လူဦးရေ (၂၂၄,၀၀၀) ရှိနေကြသည်။ သို့ရာတွင် ဘေးအတွေ့နိုင်ဆုံးအုပ်စုမှာ တိုက်ပွဲများအများဆုံးဖြစ်ပွားလေ့ရှိသော နယ်မြေများတွင် ပုန်းအောင်းနေကြရသော ခန့်မှန်းခြေ အရပ်သားဦးရေ (၁၀၁,၀၀၀) ဖြစ်ပြီး၊ ဒုတိယ ဘေးအတွေ့နိုင်ဆုံး အုပ်စုမှာ သတ်မှတ်ထားသော ရွှေ့ပြောင်းစုစည်းကျေးရွာ စခန်းများသို့ စစ်တပ်၏မောင်းပို့ခြင်းခံရသော ရွာသား (၁၂၆,၀၀၀) ခန့် ဖြစ်သည်။

လက်နက်ကိုင်တိုက်ပွဲနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အကျိုးဆက်များကြောင့်သော်လည်းကောင်း၊ ဤအကျိုးဆက်များမှရှောင်တိမ်းရန်သော်လည်းကောင်း ပြီးခဲ့သောနှစ်အတွင်းမှာပင်လျှင် ခန့်မှန်းခြေ လူပေါင်း (၆၆,၀၀၀)ခန့်သည် မိမိတို့၏နေရပ်ရင်းမှ မဖြစ်မနေစွန့်ခွာခဲ့ရသည်။ နာဂစ်မုန်တိုင်းတိုက်ပြီးနောက်ပိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် လူသားချင်းစာနာမှုဆိုင်ရာ

အကူအညီများ ဝင်ရောက်ရေးနှင့်ပတ်သက်၍ ခွင့်ပြုလိုက်လျောမှုများရှိခဲ့သည့်တိုင် မြန်မာနိုင်ငံ၏ အခြားသောနယ်မြေများ၌ အထူးသဖြင့် စစ်ဘေးဒဏ်သင့်နယ်မြေများ၌ စစ်အစိုးရသည် ကယ်ဆယ်ရေးလုပ်သားများအပေါ် ကန့်သတ်ချုပ်ချယ်မှုများဖြင့် အဟန့်အတားပြုနေဆဲရှိသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ၌ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေများ ဆက်လက်ချိုးဖောက်နေကြောင်းကို အိုးအိမ်အခြေပျက်ရမှုများအကြီးအကျယ်ဖြစ်ပွားနေခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအပေါ် အဟန့်အတား ပြုနေခြင်းတို့က ညွှန်ပြနေပါသည်။

လူသားဆန့်ကျင်ရေးရာဇဝတ်မှုများဆိုသည်မှာ မည်သည့်အရပ်သားပြည်သူတို့အပေါ်မဆို အနှံ့အပြား သို့မဟုတ် စနစ်တကျတိုက်ခိုက်ခြင်းမှာ အကြီးဝင်စွာကျူးလွန်သော လုပ်ရပ်ဖြစ်ကြောင်း နိုင်ငံတကာဥပဒေများက အသိအမှတ်ပြု ဖော်ပြထားပါသည်။ အရပ်သားများအပေါ်တိုက်ခိုက်ခြင်းဆိုသည်မှာ စစ်ရေးအရတိုက်ခိုက်သည်ကို ရည်ညွှန်းသည်သာမက အစိုးရပေါ်လစီနှင့် စပ်လျဉ်း၍ လူသတ်ခြင်း၊ ကျွန်ပြုခြင်း၊ လူများကို အစုလိုက်အပြုံလိုက် အတင်းအကြပ် နေရာရွှေ့ပြောင်းစေခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အဓမ္မပြုကျင့်ခြင်းတို့ကိုပါ ရည်ညွှန်းပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံးနှင့်အကြီးဝင်သော နိုင်ငံတကာ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေကို ထင်ဟပ်ဖော်ပြနေပါသည်။ ဤအစီရင်ခံစာမှာဖော်ပြထားသော အထောက်အထားများသည် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသမှာ ကျူးလွန်သောအကြမ်းဖက်မှုများသည် တရားဥပဒေ၏ စည်းကို ကျော်နင်းကာ လူသားဆန့်ကျင်ရေးရာဇဝတ်မှုမြောက်သည် ဟူသော နိုင်ငံတကာလွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မကြာသေးမီက အကဲဖြတ်ချက်ကို အားဖြည့်ပေးသကဲ့သို့ရှိနေပါသည်။

အမြင်ကွဲပြားသူတို့ကမူ လူသားဆန့်ကျင်ရေးရာဇဝတ်မှုများ အကြောင်းစွဲချက်တင်ခြင်းသည် နိုင်ငံရေးစေ့စပ်ဆွေးနွေးပွဲများ ဖြစ်ပေါ်တိုးတက်စေရေးကို အနှောင့်အယှက်ပေးရုံသာ ရှိလိမ့်မည်ဟု ဆိုကြသည်။ သို့ရာတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးသည် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအပေါ်မှာ တည်မှီသင့်သည်မဟုတ်သည့်နည်းတူ၊ လူသားချင်းစာနာမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံရေးစေ့စပ်ဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် စတေးသင့်သည်လည်း မဟုတ်ချေ။ အမှန်တကယ်၌ အာဏာပိုင်တို့သည် ဤမတော်မတရားမှုများအဆုံးသတ်သွားရေးအတွက် အလေးအနက်ဆွေးနွေးမှုများ လုပ်မည်မဟုတ်ကြောင်း တွင်တွင်ငြင်းဆန်နေခဲ့သည်။ တရားစွဲဆိုမည်တကဲကဲ ခြိမ်းခြောက်မှုသည် သံတမန်အသိုင်းအဝိုင်း၏ သြဇာအာဏာကို အမှန်တကယ်တိုးစေပြီး၊ ပြစ်မှုကျူးလွန်သူများကို အပြစ်လွှတ်ငြိမ်းခွင့် ပေးနေသော အခြေအနေအဆုံးသတ်ရေးအတွက် အာဏာရစစ်အစိုးရအဖို့ ထည့်သွင်းစဉ်းစားစရာ တရပ်ဖြစ်စေပါသည်။

ဤသို့ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရဲလောက်စရာဖြစ်စေသော အပြစ်လွှတ်ငြိမ်းခွင့် ရနေခြင်း အကြောင်းနှင့် သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများ ချမှတ်ပေးသော အကြံပြုချက်များကို မြန်မာစစ်အစိုးရက ဖေါ်ဆောင်ရန်ပျက်ကွက်နေခြင်းတို့ကြောင့် ကာကွယ်စောင့်ရှောက်ရေးတာဝန်သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပုခုံးပေါ်သို့ကျရောက်နေပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအဖို့ တင်ကျန်နေသော ဝန်ထုပ်ဝန်ပိုးကြီးမှာ မြန်မာနိုင်ငံရှိ ဤတာဝန်ကို အကောင်အထည် ဖေါ်ဆောင်ရွက်ရန်နှင့် စစ်အစိုးရကို တာဝန်ခံမှုရှိလာစေရန်ပင် ဖြစ်ပါသည်။

“အထွေထွေကောင်စီသည်... ... မြန်မာအစိုးရကို လူမျိုးစုနယ်မြေများတွင် အရပ်သားများအပေါ် ပစ်မှတ်ထားသော စစ်ဆင်ရေးများကို ရပ်ပစ်ရန်၊ ထိုစစ်ဆင်ရေးများနှင့်ဆက်နွယ်၍ လူမျိုးစုအမျိုးသားပြည်သူတို့အပေါ်ကျူးလွန်သော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများကို ရပ်ပစ်ရန် ...လူပေါင်းဓရောမအများအပြားကို တမင်ရည်ရွယ်၍အတင်းအကျပ် နေရာရွှေ့ပြောင်းစေခြင်း၊ အိမ်နီးချင်းတိုင်းပြည်များသို့ စစ်ပြေးဒုက္ခသည်များအဖြစ် ဝင်ပြေးသွားရသော အခြားအကြောင်းရင်းများကို အဆုံးသတ်ပစ်ရန်နှင့် ... နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် လက်တွဲကာ ပြည်တွင်းဒုက္ခသည်များကို လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများနှင့် အကူအညီများပေးရန် ... အလေးအနက်တောင်းဆိုလိုက်သည်။ ... ”

(ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ဆုံးဖြတ်ချက် ၆၁ / ၂၃၂၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ၊ ၂၀၀၇ ခုနှစ် မတ်လ ၁၃ ရက်၊ အပိုဒ် ၃ (ခ) နှင့် (ဃ)။

“အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ လူ့အခွင့်အရေးကောင်စီ၊ လူ့အခွင့်အရေးကော်မရှင်၊ အထွေထွေအတွင်းရေးမှူးနှင့် ၎င်း၏အထူးအကြံပေးအရာရှိ၊ အကြောင်းအရာအလိုက် အထူးလုပ်ထုံးလုပ်နည်းများအတိုင်းဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသူများက တင်ပြသော အကြံပြုချက်များကိုလည်းကောင်း၊ အထူး သံတမန်နှင့် သက်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်အဖွဲ့အစည်းများကတင်ပြသော အကြံပြုချက်များကိုလည်း ကောင်း ဖေါ်ဆောင်ခြင်းမရှိခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။”

(ပေါ်လို ဆာဂျီယို ပင်နဲရို့။ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ အထူးသံတမန်၏ အစီရင်ခံစာ၊ ၂၀၀၈ ခုနှစ် မတ်လ ၇ ရက်၊ A/HRC/7/18 ။ အပိုဒ် ၈၉)

ဓလေးဆူးဒေသခံကညီလင်္ကာတိုင်းရင်းသားလူမျိုးစုများပြန်လည်နေရာချထားရေးနှင့် လုံခြုံရေးဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးအဖွဲ့ (KNDR) ၊ နိုဝင်ဘာလ ၂၀၁၇ခုနှစ်)

အခန်း ၂

နိဒါန်း

“အစိုးရအနေနဲ့ အရပ်သားများအပေါ် စာနာမှု၊ လေးစားမှုရှိသင့်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းတွေရှာသင့်ပါတယ်။ ဒါပေမယ့် ဒီစစ်အစိုးရကတော့ အကျင့်ပျက်ချစားပြီး ကိုယ့်ပြည်သူကို နှိပ်စက်နေတဲ့ အစိုးရပါပဲ။”

(ကရင်အမျိုးသားတဦး၊ ကရင်ဒုကၡသည်နှင့်ဖွံ့ဖြိုးတိုးတက်ရေးရုံး၊ အထူးပြုစောင့်ကြည့်လေ့လာရေး အုပ်စု (focus group)၊ ဖားအံမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

၁။ ၁။ မြန်မာနိုင်ငံ၏ ကျဆုံးနေသော အခြေအနေ

“ကျမတို့ မဲရုံကိုသွားကြတော့ ‘ထောက်ခံမဲ’ပဲ ထည့်ခဲ့ရပါတယ်။ ကန့်ကွက်မဲထည့်ရင်လည်း ကျမတို့ကို ဒဏ်ခတ်အုံးမယ်။ သူတို့ကသေသေချာချာစောင့်ကြည့်နေတော့ ကျမတို့အားလုံးပဲ ထောက်ခံမဲ ထည့်ခဲ့ရတာပေါ့။”

*(ကရင်အမျိုးသမီးတဦး၊ ပြည်တွင်းနေရပ်ရင်းဒေသတိုစွန့်ခွာခဲ့ရသူ၊ ကရင်အမျိုးသားများဆိုင်ရာ ကော်မတီ၊ အထူးပြု စောင့်ကြည့်လေ့လာရေးအုပ်စု **(Focus group)**၊ ကျောက်ကြီးမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) သည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ အတွင်း လောင်စာဆီဈေးနှုန်းအဆမတန် မြှင့်တင်လိုက်မှုနှင့် စီးပွားရေးအလွဲလွဲအချော်ချော် စီမံအုပ်ချုပ်မှုများနှင့်ပတ်သက်၍ လူထု၏ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သော်လည်း ဖိနှိပ်ချေမှုန်း၍ အာဏာကို ဆက်လက်ကိုင်စွဲထားခဲ့သည်။ စစ်အစိုးရသည် အပေါ်ယံကြည့်လျှင် အင်အား တောင့်တင်းပုံပေါ်နေသော်လည်း မြန်မာနိုင်ငံကို ချောက်ထဲကျမည့်ကိန်းဆိုက်အောင် လုပ်နေလျက် ရှိသည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးတို့ပါဝင်သော ညွှန်းကိန်း ၁၂ ခုဖြင့် နိုင်ငံပေါင်း ၁၇၇ နိုင်ငံကို မကြာသေးမီက စစ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံ[1] သည် ပြင်းထန်သောပြည်တွင်းစစ်နှင့် လူ့အဆောက်အဦ ယိုယွင်းပျက်စီးမှုဒဏ် အခံရဆုံးတိုင်းပြည် ၁၂ ခုတွင် ပါဝင်နေကြောင်း တွေ့ရှိရသည်။[2]

စစ်အစိုးရသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အကြံပေးအရာရှိအား ပေးထားသော ကတိကဝတ်ကို ဖောက်ဖျက်ခြင်း၊ ငြိမ်းချမ်းစွာဆန္ဒပြသူများကို ဆက်လက်ဖမ်းဆီးနေခြင်းနှင့် ၎င်းတို့ စိတ်ကြိုက်ရေးဆွဲထားသော ‘စည်းကမ်းပြည့်ဝသောဒီမိုကရေစီ’ သို့လမ်းပြမြေပုံဖြင့် ရှေ့ဆက်တိုး နေခြင်းတို့ကို ပြုလျက်ရှိသည်။ စစ်အစိုးရ၏ ဒီမိုကရေစီလမ်းပြမြေပုံ ဤလုပ်ငန်းဖြစ်စဉ်သည် ၁၄ နှစ်တာကာလအတွင်း အထစ်ထစ်အငေါ့ငေါ့ဖြစ်ခဲ့ရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို နောက် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှာ အပြီးသတ်နိုင်ခဲ့ကာ၊ ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲများကျင်းပရန် ကြံစည်ထားသည်။ သို့ရာတွင် ဒီမိုကရေစီအုပ်ချုပ်ရေးဆီသို့ ကူးပြောင်းရမည့်အစား ဆန္ဒခံယူပွဲနှင့် အခြေခံ ဥပဒေ မူကြမ်းတို့သည် “နှစ်ပါင်းရာစုဝက်နီးပါးမျှ မြန်မာနိုင်ငံခံစားလာခဲ့ရသော ဤမတော်မတရား အုပ်စိုးမှုကို ဆက်လက်တည်တံ့စေရန်နှင့် ပို၍ပင် ခိုင်မြဲသွားစေရန်”[3] ရည်ရွယ်ထားခဲ့သည်။

---

[1] မြန်မာနိုင်ငံကို ယခင် (Union of Burma) ဟု ခေါ်ဆိုနေရာမှ (Union of Myanmar) အဖြစ်သို့ ၁၉၈၈ ခုနှစ်တွင် စစ်အစိုန်းဖြင့် တရားဝင် အမည် ပြောင်းလဲခဲ့သည်။ တိုင်းနှင့် ပြည်နယ်အချို့၏ အင်္ဂလိပ်အမည်များကိုလည်း ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ဥပမာ ကရင်ပြည်နယ်ကို (Kayin State) အဖြစ်၊ ကရင်နီပြည်နယ်ကို (Kayah State) အဖြစ်၊ ပဲခူးတိုင်းကို (Bago Division) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ဤအစီရင်ခံစာတွင် သမိုင်းအရခေါ်ဝေါ် သည့် လူအများသုံးသည့်အတိုင်း ဆက်လက်ဖော်ပြသုံးစွဲထားပါသည်။

[2] Fund for Peace and Foreign Policy, 2008, *The Failed State Index*, Carnegie Endowment for International Peace, http://www.foreignpolicy.com/story/cms.php?story_id=4350&page=0

[3] Human Rights Watch, May 2008, “*Vote to Nowhere: The May 2008 Constitutional Referendum in Burma*”, p7, http://hrw.org/doc/?t=asia_pub&c=burma

ဆန္ဒခံယူပွဲသည် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်မြောက်ရေးအတွက် နိုင်ငံတကာ စံထားသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိပါဟု အကြီးအကျယ်ဝေဖန်ခံခဲ့ရသည်။ ဆန္ဒခံယူပွဲမတိုင်မီ ရက်အချို့အလိုလောက်မှာ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးပါးမှုများ ဖြစ်ပွားထားသည့်ကြားထဲ ကပင် ဆန္ဒခံယူပွဲကို တိုင်းပြည်တဝှမ်းလုံးနီးပါးလောက်မှာ ကျင်းပလိုက်သောအခါ၌ အများပြည်သူ တို့၏ စိတ်အခြေအနေမည်သို့ရှိမည်ဆိုသည်ကို စစ်အစိုးရကအရေးမစိုက်ကြောင်း အမှန်တကယ်ပင် ထင်းထင်းကြီး ပေါ်လွင်သွားခဲ့သည်။ ဥရောပသမဂ္ဂက ဆိုထားသည့်အတိုင်း "ဘက်ပေါင်းစုံခြိမ်းခြောက်ထားသောအခြေအနေ"[4] အောက်တွင် (နအဖ) စစ်အစိုးရ၏ အဆိုအရ မဲဆန္ဒပေးခွင့်ရှိသူများ၏ ၉၈% က ဆန္ဒခံယူပွဲမှာ လာရောက်မဲပေးကြပြီး၊ ၉၂ % ကျော်ကျော်က အခြေခံဥပဒေမူကြမ်းကို ထောက်ခံအတည်ပြုပေးခဲ့ကြသည်ဟု ဆိုခဲ့သည်။

စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းပေါ်ပေါက်ရေးအတွက် နိုင်ငံတကာ၏ ဖိအားပေးမှုများသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း အတိုက်အခံလှုပ်ရှားမှုများကို စစ်အစိုးရက ရက်ရက်စက်စက်နှိမ်နင်းပြီးနောက်ပိုင်းမှာ အထွဋ်အထိပ်သို့ရောက်ခဲ့သည်။ ပြစ်တင်ရှုတ်ချမှုများတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ [5] (တရုတ်နှင့် ရုရှားနိုင်ငံတို့အပါအဝင်) မှ သဘာပတိအဖွဲ့၏ ထုတ်ပြန်ကြေညာချက်များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်၊[6] အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် သြစတြေးလျနိုင်ငံတို့၏ ပို၍ပြင်းထန်လာသော ဒဏ်ခတ်ပိတ်ဆို့မှုများ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၏ "အထူးမနှစ်မြို့ဖွယ်ဖြစ်ကြောင်း"ဖော်ပြချက်[7] တို့ပါဝင်သည်။ သို့ရာတွင် လမ်းပြမြေပုံကိစ္စ မြန်မြန်ထက်ထက်အဆင်ပြေသွားခြင်းနှင့် နာဂစ်မုန်တိုင်းဘေးဒဏ်အတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ မဖြစ်မနေဆောင်ရွက်ပေးရခြင်းတို့ကြောင့် စစ်အစိုးရ၏အနေအထားမှာ ပြန်လည်အားကောင်းလာခဲ့ပြီး၊ သံတမန်ရေးရာဆောင်ရွက်မှုများ မထိမရောက်ဖြစ်လာခဲ့သည်။

နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ အမျိုးသားရင်ကြားစေ့ရေးဦးတည်သော စေ့စပ်ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် အချိန်ရေရေရာရာသတ်မှတ်ပေးရေး၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်မြောက်ရေးကို အားပေးသော အခြေအနေတရပ်ဖြစ်ပေါ်ရေး၊ တမျိုးသားလုံးဆိုင်ရာ စီးပွားရေးနှိုးနှောဖလှယ်ပွဲတရပ် ပေါ်ပေါက်ရေး၊ ရန်ကုန်မြို့မှာ ရုံးစိုက်ခွင့်ရရေးတို့အတွက် ဖိအားပေးရာ၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အကြံပေးမှုအခန်းကဏ္ဍသည် ဆက်လက်ရှိမြဲရှိနေပါသည်။ သို့ရာတွင် အထွေထွေအတွင်းရေးမှူး၏ အထူးအကြံပေးအရာရှိက "လက်ဆုပ်လက်ကိုင်ပြစရာ အကျိုးရလဒ်ထွက်ပေါ်လာခြင်းမရှိ" ကြောင်း ဝန်ခံခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဘက်ကမူ ၂၀၀၈ ခုနှစ် သြဂုတ်လအတွင်းက ကြားဝင်ဖြန်ဖြေပေးမှု[8] ကို "အချိန်

[4] Deutsche Presse-Agentur, 29 May 2008, "EU 'strongly deplores' Suu Kyi arrest extension"
[5] UN Security Council, 11 October 2007, Presidential Statement, S/PRST/2007/37, and 2 May 2008, Presidential Statement, S/PRST/2008/13, www.un.org/Docs/sc/unsc_pres_statements08.htm
[6] UN Human Rights Council, 2 October 2007, Resolution S-5/1,
[7] AFP, 28 September 2007, "ASEAN expresses 'revulsion' over Myanmar crackdown"
[8] Irrawaddy, 22 September 2008, "Taking a Deep Breathe – Ibrahim Gambari", www.irrawaddy.org

အလဟဿ ဖြုန်းတီးခြင်း”[9] ဟု ဆိုခဲ့သည်။ အမျိုးသားရင်ကြားစေ့ရေးသို့ဦးတည်ဆောင်ရွက်ရမည့် အစား စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ချုပ်ကာလကို နောက်တန့်ထပ်တိုးလိုက်ခြင်း အားဖြင့် အတိုက်အခံတို့ကို ဆက်လက်၍ ဘေးဖယ်ကျဉ်ထားလိုက်ပြန်သည်။

ချိန့်သောတိုင်းပြည်တပြည်မှာ စစ်တပ်အုပ်စိုးမှုအမြစ်တွယ်နေသော ဤအခြေအနေမျိုး၌ အတိုက် အခံနိုင်ငံရေးပါတီများ အရှုံးကို သည်မျှနှင့်ပိုင်းထာပြီး၊ လာမည့်ပါလီမန်ရွေးကောက်ပွဲမှာ ပါဝင်အောင် ဖိအားပေးမှုများတိုး လာနေလျက်ရှိသည်။ ရွေးကောက်ပွဲများ လွတ်လပ်ပြီးတရားမျှတလိမ့်မည်ဟူ၍ မည်သူတဦးတယောက်ကမျှ စိတ်ကူးယဉ်ခြင်းမရှိကြသော်လည်း စစ်အစိုးရပြိုလဲသွားလိမ့်မည် သို့မဟုတ် ဖယ်ရှားခံရလိမ့်မည်ဟု ဟောကိန်းထုတ်ရန်လည်း ခက်ပါသည်။ တစတစပြောင်းလဲမှုမှနေ၍ ပို၍စစ်မှန်သောပြောင်းလဲမှုသို့ရောက်သွားလိမ့်မည်ဟု အထူးသဖြင့် ပြည်နယ်အဆင့်ရှိ လူမျိုးစုများဘက်က ယုံကြည်ချင်သလိုလိုဖြစ်နေသည်။ ရွေးကောက်ပွဲဝင်ရေးအတွက် လက်နက်ချရမည်ဆိုသည့်တိုင် နိုင်ငံရေးပါတီတရပ်ဖွဲ့စည်းရေးအမြင်ဖြင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ ၃ ဖွဲ့က ကြားဖြတ်ကချင်ကော်မီတီတရပ်ကို ဖွဲ့စည်းပြီးပြီဖြစ်သည်။ ပကတိအခြေအနေတွင် “နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ နီးပါးကို ထိန်းသိမ်းထားပြီး၊ နှိပ်ကွပ်မှုများဆက်လက်၍လုပ်နေပါက နိုင်ငံရေးပြောင်းလဲမှုတရပ်မရှိနိုင်”ဟူ၍ မြင်နေကြသည်။[10]

၁။၂။ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများ

“ကျောက်မီးသွေးကုမ္ပဏီတခုက ကျမတို့နယ်မြေမှာ သူတို့စခန်းနဲ့၊ ရေစုပ်စက်ရုံတရုံတရုံ ဆောက်ထားတယ်။ အခု ကျမတို့ကို အဲဒီဘက်ဆီကိုပေးမသွားတော့ဘူး။”
(ရှမ်းအမျိုးသမီးတဦး၊ ရှမ်းဒုက္ခသည်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အထူးပြု စောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၊ ကျေးသီးမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

အစုလိုက်အပြုံလိုက် ပြည်တွင်းအိုးအိမ်အခြေပျက်မှုသည် ၁၉၅၀ ခုလွန်နှစ်များအတွင်းက ကျူးကျော်ရပ်ကွက်မှလူများကို ရန်ကုန်မြို့မှမောင်းထုတ်ပြီး ဆင်ခြေဖုံးမြို့များမှာ ပြန်လည်နေရာချထားပေးခဲ့စဉ်ကတည်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၁၉၉၈ ခုနှစ်၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများနှင့်ပတ်သက်သော ကုလသမဂ္ဂလမ်းညွှန်မှုများကို စတင်အကောင်အထည်ဖော်သောအချိန်မှစ၍သာ ပြည်တွင်းဒုက္ခသည်များအရေး တုံ့ပြန်ဆောင်ရွက်ပေးရန်အတွက် အခြေခံလုပ်ငန်းစည်းမျဉ်းများရှိလာခဲ့သည်။[11] ဤအခြေခံလုပ်ငန်းစည်းမျဉ်းသည် နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုနှင့် စပ်လျဉ်း

---

[9] British Broadcasting Commission News, 25 August 2008, “UN Burma Envoy ‘wasted his time’”

[10] Paulo Sergio Pinheiro, cited in David Brunnstorm, Reuters, April 14, 2008, “UN rights expert calls Myanmar vote plan ‘surreal’”

[11] The UN Guiding Principles on Internal Displacement, 1998, E/CN.4/1998/53/Add.2, recognises internally displaced persons as “*persons who have been forced or obliged to flee or to leave their homes or places of habitual residence, in particular as a result of or in order to avoid the effects of armed conflict, situations of generalized violence, violations of human rights or natural or human-made disasters, and who have not crossed an internationally recognized State border.”*

သော အသိအမြင်များမြှင့်တင်ရာ၌လည်းကောင်း၊ ကူညီရေးအတွက် လှုံ့ဆော်စည်းရုံးရာ၌ လည်းကောင်း အဖိုးအနှုန်ထိုက်တန်ကြောင်း သက်သေထင်ရှားပြခဲ့သည်။

သို့ရာတွင် စစ်အစိုးရ၏ နိုင်ငံရေးအကဲဆတ်မှုကြောင့် မြန်မာနိုင်ငံရှိ ပြည်တွင်းဒုက္ခသည်ပမာဏကို မသိရဘဲ ရှိနေခဲ့သည်။ ၁၉၈၈ မှ ၁၉၉၀ ခုနှစ်များအတွင်း၊ လူပေါင်း ၁. ၅ သန်းကို မြို့တွင်းရပ်ကွက်များမှနေ၍ ဆင်ခြေဖုံးရပ်ကွက်များရှိ အဆင့်အတန်းနိမ့်သောအိုးအိမ်များသို့ မောင်းထုတ်ခဲ့သည်ဟု ကုလသမဂ္ဂက ခန့်မှန်းခဲ့သော်လည်း၊ စစ်အစိုးရထိန်းချုပ်ရာနယ်မြေများရှိ ပြည်တွင်းဒုက္ခသည် ပမာဏကို အကဲဖြတ်သတ်မှတ်ရန် မဖြစ်နိုင်ဘဲရှိနေခဲ့သည်။[၁၂] ကိုးကားဖော်ပြလေ့ရှိသော ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအတွင်း၌ ပြည်တွင်းဒုက္ခသည်ဦးရေသည် အနည်းဆုံးတစ်သန်းရှိနေပြီး၊ အိမ်နီးချင်းတိုင်းပြည်များရှိ မြန်မာဒုက္ခသည်များသည် သိန်းဂဏန်းနှင့်ချီ၍ရှိနေသည်။ သို့ရာတွင် ပြည်တွင်းဒုက္ခသည်ချည်းသက်သက်ပင်လျှင် လူဦးရေ ၃ သန်းအထိရောက်လာခဲ့သည်။[၁၃] စစ်ဘေးဒဏ်သင့်နယ်မြေများ၌ လမ်းညွှန်မှုများကြောင့် လူသားချင်းစာနာမှုလုပ်ငန်း ဆောင်ရွက်သူများ ပို၍ပြောအားရှိလာသောအချက်မှာ ပြည်တွင်းဒုက္ခသည်ဖြစ်ရခြင်းသည် တိုက်ပွဲများနှင့် အနေနီးနေခြင်းကြောင့်မျှသာ မဟုတ်ဘဲ၊ စစ်ပွဲမှ အကျယ်အပြန့်ပေါ်ထွက်လာသော အကျိုးဆက်များကြောင့်လည်း ဖြစ်ပေါ်နိုင်သည်ဟူသောအချက်ပင်ဖြစ်သည်။ တနည်းဆိုရသော် အိုးအိမ်အခြေပျက်မှုသည် ဖြစ်ပွားခဲ့လေပြီးသော အကြမ်းဖက်မှုများနှင့် မတော်မတရားမှုများကြောင့်သာ ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ၊ ဖြစ်လာလတ္တံ့သော ခြိမ်ခြောက်မှုများကို ရှောင်တိမ်းရန်အတွက်ကြောင့်လည်း ပေါ်ပေါက်လာရခြင်းဖြစ်သည် ဟူသောအချက်ကို အများလက်ခံလာခဲ့ပြီဖြစ်သည်။ ဤအချက်ကြောင့် ပင်လျှင် စစ်ပွဲမှလည်းကောင်း၊ အကြမ်းဖက်မှုမှလည်းကောင်း၊ မတော်မတရားမှုမှလည်းကောင်း လွတ်အောင်ထွက်ပြေးရသည်ဖြစ်စေ၊ အစိုးရ၏အမိန့်များကြောင့်လည်းကောင်း၊ ကြောက်ရွံ့မှုကြောင့်လည်းကောင်း မဖြစ်မနေနေရပ်ရင်းစွန့်ခွာရသည်ဖြစ်စေ မြန်မာနိုင်ငံရှိ အိုးအိမ်အခြေပျက်မှုများသည် ကာယကံရှင်တို့၏ ဆန္ဒမပါကြောင်း နားလည်လာစေပါသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ လူ့အခွင့်အရေးအကြောင်း၊ နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုအကြောင်းတို့နှင့် စပ်လျဉ်း၍ စစ်ပွဲ၏ဂယက်ရိုက်ခတ်မှုများနှင့် အထူးသဖြင့် သူပုန်နှိမ်နင်းရေး မဟာဗျူဟာများအကြောင်းတို့ကို အကျယ်အပြန့်မှတ်တမ်းပြုထားခဲ့ပြီးဖြစ်သည်။[၁၄] စစ်ပွဲသိပ်မပြင်းထန်သော ဆယ်စုနှစ်များတလျှောက်လုံး၌ (နအဖ)နှင့် အဆက်ဆက်သော အစိုးရများတို့သည် သူပုန်နှိမ်နင်းရေးမဟာဗျူဟာကို အရပ်သားများအပေါ် အဓိကပစ်မှတ်ထားခဲ့ကြသည်။ "ဖြတ် ၄–ဖြတ်ပေါ်လစီ" သည် စစ်မက်ဖက်ပြိုင်တိုက်ခိုက်ရာနယ်မြေများမှ ရွာသူရွာသားများကို အစိုးရထိန်းချုပ်ရာနယ်မြေများသို့ အတင်းအကျပ်ရွှေ့ပြောင်းစေပြီး၊ လက်နက်ကိုင်အတိုက်အခံအဖွဲ့များအား တပ်သားသစ်၊ သတင်းအချက်အလက်၊ ထောက်ပံ့ပစ္စည်းနှင့် ဘဏ္ဍာငွေကြေးတို့ကို အဆက်ဖြတ်ပစ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤပေါ်လစီသည် သူပုန်တို့ထိန်းချုပ်ထားရာ "အမဲရောင်" နယ်မြေများကို သူတပြန်

[12] UN Centre for Human Settlements (UN Habitat), 1991, Human Settlements Sector Review : Union of Myanmar, p10

[13] Internal Displacement Monitoring Centre, 14 February 2008, *Myanmar (Burma) : No end in sight for internal Displacement crisis*, www.internal-displacement.org

[14] Ibid, and Paulo Sergio Pinheiro, 7 March 2008, *Report of the Special Rapporteur on the Situation of Human Rights in Myanmar*, A/HRC/7/18, http://ap.ohchr.org/documents/dpage_e.aspx?m=89

ကိုယ်တပြန် ထိန်းချုပ်ရာ "အညိုရောင်"နယ်မြေများအဖြစ်သို့ပြောင်းပစ်ရန်နှင့် နောက်ဆုံးတွင် ရန်ကုန်ရှိ စစ်အစိုးရထိန်းချုပ်ရာ "အဖြူရောင်"နယ်မြေများအဖြစ်သို့ ပြောင်းလဲပစ်ရန်ပင် ဖြစ်သည်။

အတင်းအကျပ်ပြန်လည်နေရာချထားသည့်အမိန့်ကို မနာခံသူရွာသားများအား သူပုန်လိုလားသူများ အဖြစ် သတ်မှတ်သည်။ ထို့နောက်တွင် စစ်ကြောင်းများက ဤအရပ်သားလူထုများကို ပစ်မှတ်ထား တိုက်ခိုက်တော့သည်။ ဤသို့အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နေရပ်ရင်းစွန့်ခွာ ထွက်ပြေးရမှုများကို ဖြစ်ပွားစေသည်သာမက၊ မြန်မာအစိုးရ တရားဝင်သဘောတူလက်မှတ်ရေးထိုး ထားခဲ့သော နိုင်ငံတကာလူသားချင်းစာနာရေးဥပဒေများကိုပါ ချိုးဖောက်ခြင်းလည်းဖြစ်သည်။[၁၅]

အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ လမ်းညွှန်မူများ၏ ရည်ညွှန်းဖော်ပြချက်များသည် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ၏ အခြေအနေနှင့်လည်း ကိုက်ညီနေပါသည်။ ဤဒေသ၌ အစိုးရ၏ ဖွံ့ဖြိုးရေးစီမံကိန်းများသည် အများပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက် စေသည့်အပြင်၊ စစ်တပ်များ တိုးချဲ့ထားစရာ အကြောင်းဖြစ်ခဲ့သည်။ အခြေခံအဆောက်အဦ တည်ဆောက်ရေးနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းတို့ကို ဇောင်းပေးနေခြင်းကြောင့် စစ်အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်သည် စစ်ဘေးစစ်ဒဏ်သင့်နယ်မြေများမှာ ဖြစ်ပွားနေသော ဆင်းရဲမွဲတေမှုကို လျော့ပါးသက်သာစေခြင်းမရှိခဲ့ချေ။[၁၆] အစိုးရကိုဆန့်ကျင်သည်ဟု ယူဆခံရသော လူမှုအသိုင်းအဝန်း၊ ရပ်ရွာများအဖို့ အများအားဖြင့် ဤသို့လုပ်ငန်းစီမံကိန်းများ၏ တန်ဖိုးကို မတန်တဆခံစားနစ်နာရခြင်းများ (နေရပ်ရင်းမှ နှင်ထုတ်ခံရခြင်းအပါအဝင်ဖြစ်သည်) ရှိစေသည့်အပြင်၊ သင့်တော်သော အကျိုးအမြတ်ဝေစုကိုလည်း မခံစားရချေ။

"ပြည်တွင်းနေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုသည် နိုင့်ထက်စီးနင်းပြုခြင်းအကြောင်းအချက်နှင့် စီးပွားရေး အကြောင်းအချက်တို့ပေါင်းစပ်မှုကြောင့်ဖြစ်နိုင်သည်။"[၁၇] ဟူသော နိုင်ငံတကာအသိအမှတ်ပြုမှု သည်လည်း အရေးပါပါသည်။ မြန်မာနိုင်ငံ၌ ဤအချက်သည် မြေယာသိမ်းပိုက်ခြင်း၊ အရင်းအနှီး ပိုင်ဆိုင်မှုပစ္စည်းများကိုသိမ်းခြင်း၊ စစ်တပ်အတွက် အနိုင်ကျင့်ပစ္စည်းတောင်းခြင်း၊ အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်းတို့ကြောင့်ဖြစ်ပွားသော ဆင်းရဲတွင်းသို့သက်ဆင်းကျရောက်ခြင်းနှင့် ပြည်ပသို့ မဖြစ်မနေထွက်သွားရခြင်းတို့နှင့် သက်ဆိုင်နေပါသည်။ ဤအကြောင်းအချက်များ၏ မဖြစ်မနေ၊ မရှောင်မလွှဲသာလုပ်ရသော သဘောသဘာဝသည် မိမိဆန္ဒအလျောက် အကျိုးအမြတ်ရလိုမှု အတွက်လုပ်သည့် စီးပွားရေးအရ ပြည်ပသို့ထွက်ခွာမှုနှင့် အများဆုံးဆက်စပ်နေသော 'ဆွဲငင်မှု အကြောင်းအချက်'များနှင့် ကွာခြားပါသည်။[၁၈]

သို့ဖြစ်စေကာမူ၊ အသိအမြင်တိုးလာသည်နှင့်အမျှဖြစ်ပေါ်လာသော ကာကွယ်စောင့်ရှောက်ပေးရေး အပိုင်းသည် ပြည်တွင်းဒုက္ခသည်များနှင့်ပတ်သက်၍ မိမိတာဝန်ရှိသည်ကို ဆောင်ရွက်ပေးလိုခြင်း မရှိသော တိုင်းပြည်အာဏာပိုင်များကြောင့် အလွန်ကန့်သတ်ခံနေရသည်။ (နအဖ) စစ်အစိုးရသည်

---

[15] Geneva Conventions I-IV, 1949, Common Article 3, http://www2.ohchr.org/english/law/
[16] International Crisis Group, 2004, Myanmar: Aid to the Border Areas, Yangon / Brussels,
[17] UN OCHA & Brookings Institution, 1999, *Handbook for Applying the Guiding Principles on Internal Displacement*, New York, p5
[18] Andrew Bosson, May 2007, Forced Migration / Internal Displacement in Burma: With an Emphasis on Government Controlled Areas, Internal Displacement Monitoring Centre.

"ပြည်တွင်းဒုက္ခသည် အများအပြားရှိနေသည် ဟူသောပြောဆိုတင်ပြမှုများကို "အပြီးပြတ် ငြင်းဆန်နေ"လျက်ရှိသည်။ [19] နာဂစ်မုန်တိုင်းတိုက်ခတ်ခံရပြီးနောက်ပိုင်း၊ ရောဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ဝင်ရောက်ရေးနှင့်ပတ်သက်၍ ခွင့်ပြု လိုက်လျောမှုများရှိခဲ့သည့်တိုင် မြန်မာနိုင်ငံ၏အခြားသောနယ်မြေများ၌ အထူးသဖြင့် စစ် ဘေးဒဏ် သင့်နယ်မြေများ၌ စစ်အစိုးသည် ကယ်ဆယ်ရေးလုပ်သားများအပေါ် ကန့်သတ်ချုပ်ချယ်မှုများဖြင့် ဆက်လက်၍ အဟန့်အတားပြုနေဆဲ ရှိသည်။

စစ်အစိုးရကို လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေ ချိုးဖောက်မှုများကို ရပ်တန်းက ရပ်ရန်တိုက်တွန်းထားသော ကုလသမဂ္ဂဆုံးဖြတ်ချက်များရှိနေလင့်ကစား၊ ကာကွယ်စောင့်ရှောက် ပေးရေးပြဿနာနှင့် ပတ်သက်သော ပေါ်လစီအဆင့်ဆွေးနွေးပွဲများသည် အရာမရောက်ဘဲ ရှိနေခဲ့သည်။[20] စစ်အစိုးရမှာ မတော်မတရားမှုများကို မည်သို့မည်ပုံရပ်တန်းက ရပ်စေမည်၊ နောက်ထပ်မဖြစ်ပွားအောင်မည်သို့ ကြိုတင်တားဆီးမည်ဆိုသည်နှင့် ပတ်သက်၍ ဆွေးနွေးလိုစိတ်မရှိ ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ၏ လူသိရှင်ကြား အပြင်းအထန်ရှုတ်ချမှုတွင် သံတမာန်ရေးရာအရလည်း စိတ်ပျက်ဖွယ်ကောင်းကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။[21] ဤကဲ့သို့ သောအခြေအနေမျိုး၌ စုပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက်ရေးဆွဲထားသော လမ်းညွှန်မှုများနှင့် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာအခြေခံလုပ်ငန်းစည်းမျဉ်းများသည် မြန်မာစစ်အစိုးရနှင့်ဆက်ဆံရာ၌ မယ်မယ်ရရ ထိရောက်မှုမရှိခြင်းသည် အံ့ဩစရာတော့မဟုတ်ချေ။

၁။၃။ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့် အချုပ်အချာအာဏာပိုင်မှု

"ဗမာပြည်မှာ နိုင်ငံရေးအပြောင်းအလဲဖြစ်မှာလားဆိုတာကို ကျနော်သိချင်ပါတယ်။ အဲဒီအခါကျရင် အားကြိုးတဲ့လူမျိုးတွေက ကျနော်တို့အပေါ် ဗိုလ်ကျနိုင်မှာလား။ အဲဒီလို ဗိုလ်ကျမယ်ဆိုရင် ကျနော်တို့ကို ကူညီပါ။"
(ကရင်အမျိုးသားတဦး၊ ကရင်ဒုက္ခသည်နှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး၊ အထူးပြုစောင့်ကြည့်လေ့လာရေး အုပ်စု (Focus group)၊ ဖားအံမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

နိုင်ငံတကာဥပဒေသည် အခြားတိုင်းပြည်များ၏ လွတ်လပ်ရေးနှင့် နယ်မြေတည်တန့်ခိုင်မြဲမှုကို လေးစားရန်တာဝန်ရှိသည့်အပြင်၊ မိမိတို့နိုင်ငံသားများ၏ လူ့အခွင့်အရေးကိုဖြည့်ဆည်းပေးရေး အတွက်လည်း တာဝန်ရှိသောအချုပ်အချာအာဏာပိုင်နိုင်ငံများကို အခြေခံထားပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် မိမိတို့နိုင်ငံသားများနှင့်ပတ်သက်၍ တိုင်းပြည်အာဏာပိုင်များ၏ တာဝန် ဝတ္တရာများကို အခြေခံအားဖြင့် ဖော်ပြထားပါသည်။ အစိုးရများအနေနှင့် အများပြည်သူဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်ပွားနေသော အချိန်အခါမျိုး၌ တာဝန်အချို့ကို လျှော့ပေါ့ထားခွင့်ရှိ

[19] U Nyunt Maung Shein. Myanmar Permanent Representative to Geneva, UN Human Rights Council, 27 September 2007.
[20] UN Human Rights Council, 28 March 2008, Resolution 7/31, The Situation of human rights in Myanmar
[21] ICRC, 29 June 2007, Press Release: Myanmar – ICRC denounces major and repeated violations of international humanitarian law, Yangon / Geneva

သော်လည်း လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ကျွန်ုပ်ပြုမူတို့မှ ကာကွယ်ပေးရေးတာဝန်သည် အခြားသောလျှော့ပေါ့မရသည့် တာဝန်များထဲတွင် ပါဝင်သည်။[၂၂]

ဂျီနီဗာသဘောတူညီချက်ပါဝင်သော နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေသည် အရပ်သားများထိခိုက်နစ်နာမှုမရှိအောင် ကာကွယ်စောင့်ရှောက်ပေးရေးနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော ပြိုင်ဖက်အဖွဲ့အစည်းအားလုံး၏ လုပ်ဆောင်ချက်များအပေါ် သက်ရောက်သွမ်းမိုးပါသည်။ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ၏ အခြေခံမူတရပ်မှာ ရန်ဘက်အုပ်စုများတွင် တက်ကြွစွာပါဝင်ခြင်းမရှိသူများကို မည်သည့်အခြေအနေမျိုးမှာမဆို ကြင်ကြင်နာနာဆက်ဆံရမည်ဟူ၍ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခမှာပါဝင်သော ပြိုင်ဖက်အုပ်စုများကို အရပ်သားများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ရန် ခွင့်ပြုထားခြင်းမရှိချေ။[၂၃]

သို့ရာတွင် တခါတရံ၌ နိုင်ငံအာဏာပိုင်များသည် အကြမ်းဖက်မှု၊မတော်မတရားမှုတို့နှင့်ပတ်သက်၍ အဓိကကျူးလွန်သူများ ဖြစ်နေတတ်ပါသည်။ ဤကဲ့သို့သောအမှုမျိုးများ၌ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် အချုပ်အချာအာဏာပိုင်နိုင်ငံများ၏ 'ပြည်တွင်းရေး'ဆိုသည်တို့တွင် ဝင်ရောက်စွက်ဖက်ရမည်ကို ဝန်လေးနေခဲ့ကြသည်။ ဤသဘောထားများကြောင့် လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်းများအနက် ၁၉၉၄ခုနှစ် ရဝန်ဒါနိုင်ငံ လူမျိုးတုံးသတ်ဖြတ်မှု၊ ၁၉၉၅ ခုနှစ် ဘော်လကန်နိုင်ငံများမှာဖြစ်ပွားသော လူမျိုးသန့်စင်ရေးသတ်ဖြတ်မှုနှင့် ၁၉၉၉ ခုနှစ် ကိုဆိုဗိုနယ် လူသားဆန့်ကျင်ရေးရာဇဝတ်မှုများတွင် နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်ပေးမှုများသည် စိတ်ပျက်စရာကောင်းလောက်အောင် မလုံမလောက်ဖြစ်ခဲ့ကြရပါသည်။

နိုင်ငံတကာရာဇဝတ်တရားရုံးသည် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေ၊ လူ့အခွင့်အရေးဥပဒေတို့ကို ဤသို့အကြီးအကျယ်ချိုးဖောက်နိုင်စေလောက်သော အပြစ်လွတ်ငြိမ်းခွင့်ရနေခြင်းကိစ္စကို ဖြေရှင်းရေးအတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ တရားရုံး၏စီရင်ဆုံးဖြတ်ပိုင်ခွင့်သည် နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်ပူပန်နေသောအကြီးဆုံးရာဝတ်မှုကြီးများ"[၂၄] (အတိုကျဖော်ပြရလျှင်၊ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားဆန့်ကျင်ရေးရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ) နှင့်ပတ်သက်၍ကန့်သတ်ခွင့်ပြုခဲ့သည်။ ၁၉၄၈ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက်က မစွက်ဖက်ရေးမူကို အယူအဆရေးအရ စောဒကတက်ထားပြီးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ကမူ 'ကမ္ဘာလုံးဆိုင်ရာတရားစီရင်ဆုံးဖြတ်ပိုင်ခွင့်' အမြင် အတည်ဖြစ်ရေးအတွက် အလားအလာများကို အားဖြည့်ပေးခဲ့သည်။ [၂၅]

လူသားဆန့်ကျင်ရေးရာဇဝတ်မှုများဆိုသည်မှာ မည်သည့်အရပ်သားပြည်သူတို့အပေါ်မဆို အနှံ့အပြား သို့မဟုတ် စနစ်တကျတိုက်ခိုက်ခြင်းမှာ အကြီးဝင်လျက်၊ ကျူးလွန်သော လုပ်ရပ်ဖြစ်ကြောင်း

---

[22] International Covenant on Civil and Political Rights, Article 4, UN General Assembly Resolution 2200A (XX1), 1966, http://www2.ohchr.org/english/law/

[23] Geneva Conventions (I-IV) 12 August 1949, Common Article 3, http://www2.ohchr.org/english/law/

[24] Rome Statute of the International Criminal Court, 1998, Article 5, http://www2.ohchr.org/english/law/

[25] Amnesty International, 1 September 2001, "Universal Jurisdiction: The duty of states to enact and enforce legislation", Chapter 5, IOR53/008/2001

နိုင်တကာဥပဒေက အသိအမှတ်ပြုထားပါသည်။[၂၆] အရပ်သားများအပေါ်တိုက်ခိုက်ခြင်းဆိုသည်မှာ စစ်ရေးအရတိုက်ခိုက်သည်ကို ရည်ညွှန်းသည်သာမက အစိုးရပေါ်လစီနှင့်စပ်လျဉ်း၍ လူသတ်ခြင်း၊ ကျွန်ပြုခြင်း၊ လူများကိုအစုလိုက်အပြုံလိုက် အတင်းအဓမ္မနေရာရွှေ့ပြောင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အဓမ္မပြုကျင့်ခြင်းတို့ကိုပါ ရည်ညွှန်းပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံးနှင့်အကြီးဝင်သော နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေကို ထင်ဟပ်ဖော်ပြနေပါသည်။

ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မရှေးမနှောင်းပင်၊ ကနေဒါအစိုးရကြီးမှူးသော ကော်မရှင်တရပ်ကလည်း အချုပ်အချာအာဏာပိုင်ဆိုင်မှုကိစ္စတွင် ဝင်ရောက်စွက်ဖက်ရေးအယူအဆများကို စောဒကတက်ခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် အစုလိုက်အပြုံလိုက်ရက်စက်မှုတွင် ဝင်ရောက်စွက်ဖက်ခွင့်ရှိ–မရှိ စဉ်းစားခြင်းမပြုဘဲ၊ ဆွေးနွေးတင်ပြမှုသည် အကြီးအကျယ် အန္တရာယ်ကျရောက်ဖွယ်ရှိနေသူများကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် လူသားတို့မှာ တာဝန်ရှိကြောင်း အလေးတင် ဖော်ပြခဲ့သည်။ "ယနေ့ခေတ်သစ်ကြီး၌ အချုပ်အချာအာဏာပိုင်ဆိုင်မှုမှာ စိုးမိုးအုပ်ချုပ်မှုသာမက တာဝန်ယူမှုလည်းပါဝင်သည်။"[၂၇] ဤအယူအဆပြောင်းလဲမှုကို အစိုးရခေါင်းဆောင်များက တရားဝင်လက်ခံအတည်ပြုကြပြီး၊ အောက်ပါအတိုင်း အသိအမှတ်ပြုခဲ့ကြသည်။

"အကယ်၍ ငြိမ်းချမ်းသော နည်းလမ်းဖြင့်လည်း လုံလောက်ခြင်းမရှိ၊ တိုင်းပြည်အာဏာပိုင်များကလည်း မိမိတို့၏ပြည်သူများကို လူမျိုးတုံးသတ်ဖြတ်ခြင်း၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးသန့်စင်သတ်ဖြတ်ခြင်းနှင့် လူသားဆန့်ကျင်ရေးရာဇဝတ်မှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် အထင်အရှားပျက်ကွက်ပါက နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ကုလသမဂ္ဂမှတဆင့် ... စုပေါင်းအရေးယူဆောင်ရွက်ရန် အသင့်ရှိသည်။"[၂၈]

ကုလသမဂ္ဂလုံခြုံရေးကောင်စီက "အရပ်သားများအပေါ်တမင်ပစ်မှတ်ထားခြင်း ... နှင့် စစ်မက်ဖြစ်ပွားနေသောအခြေအနေများအတွင်း၌ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေများကို စနစ်တကျ၊ ပြောင်ပြောင်တင်းတင်းနှင့် အကြီးအကျယ်ချိုးဖောက်သောကျူးလွန်မှုများသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်။"[၂၉] ဟုဖော်ပြရာ၌ ဤအချက်ကို ထပ်လောင်းအတည်ပြုပေးခဲ့သည်။ သို့ဖြစ်ရာ ယခု မူအားဖြင့်လက်ခံထားကြသောအချက်မှာ အကယ်၍ တိုင်းပြည်အာဏာပိုင်များက အစုလိုက်အပြုံလိုက်ရက်စက်မှုများ ခံရရန်အလားအလာရှိသူများကိုလည်းကောင်း၊ လက်တွေ့ခံနေရသူများကိုလည်းကောင်း၊ ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်းမရှိ သို့မဟုတ် ကာကွယ်စောင့်ရှောက်ပေးလိုစိတ်မရှိပါက သံတမာန်ရေးဆိုင်ရာ၊ လူသားချင်းစာနာမှုဆိုင်ရာနှင့် အာဏာတည်ရေးဆိုင်ရာလုပ်ဆောင်ချက်များ ကျင့်သုံးခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ပေးရေးတာဝန်သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ပုခုံးပေါ်သို့ ကျရောက်သည်ဟူ၍

[26] Rome Statute of the International Criminal Court, 1998, Article 7.1
[27] Gareth Evans, "The Responsibility to Protect: Unfinished Business", G8 Summit 2006: Issues and Instruments, www.crisisgroup.org
[28] UNGA, 2005 World Summit Outcome Document, UN doc. A/Res/60/1, 24 October 2005, para 138
[29] UN Security Council, Resolution 1674, Adopted on 28 April 2006

ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏အညတြလူသားများကို ကမ္ဘာ့လုံခြုံရေးအစီအစဉ်၏ရှေ့မျက်နှာစာသို့ ဆောင်ကျဉ်းပေးရန် အလားအလာရှိသော အထင်ကရပြောင်းလဲမှုကြီးတခုပင်ဖြစ်သည်။

၁။ ၄။ စစ်တမ်းကောက်ယူမှု၏ လုပ်ဆောင်ပုံနည်းနာ

"ဒီမှာနေရတာမလုံခြုံပေမယ့် ကျနော်တော့ ဒီကနေထွက်မသွားချင်ပါဘူး။ ဒုက္ခသည်စခန်းမှာလည်း မနေချင်ပါဘူး။ ကိုယ့်ရွာမှာပဲ ကိုယ်နေချင်ပါတယ်။"
(ကရင်နီအမျိုးသားတဦး၊ ကရင်နီလူမှုဖူလုံရေးဗဟိုဌာန၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group)၏တွေ့ဆုံမေးမြန်းချက်မှ၊ ဖာဆောင်းမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

ထိုင်း–မြန်မာနယ်စပ်တလျှောက်ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်း (TBBC) သည် ၂၀၀၂ ခုနှစ်ကစ၍ လူမျိုးစုအခြေခံသော အဖွဲ့အစည်းများနှင့်လက်တွဲကာ၊ မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ပြည်တွင်းဒုက္ခသည်များ၏ ထူးခြားချက်များကို မှတ်တမ်းတင်ထားခဲ့သည်။[30] မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ၏ နယ်မြေအတော်များများသို့ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများ မရောက်မပေါက်နိုင်ဘဲ ရှိနေသည်။ ထို့အပြင် စစ်ဘေးစစ်ဒဏ်သင့်နယ်မြေများမှ သတင်းအချက်အလက်များစုဆောင်းခြင်းသည် အလွန်လည်းအန္တရာယ်များပါသည်။ လူမျိုးစုအခြေခံသော အဖွဲ့အစည်းများ၏ တစိုက်မတ်မတ် ဆောင်ရွက်မှုနှင့်ရဲရင့်မှုတို့သာမရှိပါက ဤအစီရင်ခံစာတခုတလေမျှ ပေါ်ထွက်လာနိုင်လိမ့်မည် မဟုတ်ချေ။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း၌ မြန်မာနိုင်ငံအရှေ့ပိုင်းမှာဖြစ်ပွားသော လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများသည် နိုင်ငံတကာရာဇဝတ်မှု မြောက်–မမြောက် ငြင်းခုန်ဆွေးနွေးမှုများဖြစ်ပေါ်နေခဲ့သည်။ သို့ဖြစ်ရာ ပြည်တွင်းနေရက်ရင်းစွန့်ခွာထွက်ပြေးရမှုများ၏ တစုံလုံးပမာဏ၊ နယ်မြေအလိုက်ပမာဏတို့နှင့်ပတ်သက်၍ နောက်ဆုံးပေါ်သတင်းအချက်အလက်များအပြင် ဤစစ်တမ်းသည် လူသားဆန့်ကျင်ရေး ရာဇဝတ်မှုများဆိုင်ရာ တရားဝင်အခြေခံလုပ်ငန်းစဉ်းများနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်အတွင်း သတင်းရရှိသော မတော်မတရားမှုများကို တင်ပြထားပါသည်။

ပြည်တွင်းနေရက်ရင်းစွန့်ခွာထွက်ပြေးရမှုများ၏ တစုံလုံးပမာဏ၊ နယ်မြေအလိုက်ပမာဏတို့နှင့် ပတ်သက်သော အရေအတွက်ပြစစ်တမ်းများသည် ၂၀၀၈ ခုနှစ် ဇွန်လမှ ဇူလိုင်လအတွင်း၊ မြို့နယ် ၃၈ မြို့နယ်မှ အဓိကကျသော သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံထားပါသည်။[31] လူဦးရေခန့်မှန်းချက်များသည် အောက်ပါပုဂ္ဂိုလ်အမျိုးအစားများ အတွက် ဖြစ်ပါသည်။

- တိုက်ပွဲအများဆုံးဖြစ်ပွားတတ်သောနယ်မြေများတွင် (နအဖ) စစ်အစိုးရ၏ စစ်ကြောင်းများရန်မှ လွတ်အောင်ပုန်းအောင်းနေသူများ။
- (နအဖ) စစ်အစိုးရ၏ ပြန်လည်နေရာချထားရေး စုစည်းစခန်းများသို့ မောင်းပို့ခံရသော သူများ။

[30] Previous surveys can be accessed from www.tbbc.org/resources.html
[31] The survey guidelines are reproduced in Appendix 5.

- လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စစ်ဘေးစစ်ဒဏ်ကြောင့်ထွက်ပြေးပြီးနောက် သို့မဟုတ် နိုင်ငံတော်အစိုးရမဟုတ်သူတို့၏ အတင်းအကျပ်နေရာရွှေ့ပြောင်းပေးခြင်းခံရပြီးနောက် သို့မဟုတ် ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများမှပြန်လာပြီးနောက် လူမျိုးစုများအုပ်ချုပ်သော အပစ်အခတ်ရပ်စဲရေးနယ်မြေများတွင် နေထိုင်သူများ ဟူ၍ဖြစ်ပါသည်။

ယခင်ယခင်နှစ်များနည်းတူပင် နေရပ်ရင်းမှမဖြစ်မနေစွန့်ခွာခဲ့ရသော်လည်း မြို့ပြအရပ်နှင့် နှစ်ဘက်စလုံး အုပ်ချုပ်ရေးသက်ရောက်သောနယ်မြေများမှာ ရှိနေသောလူဦးရေကို ခန့်မှန်း၍မရနိုင်ခဲ့ချေ။ နေထိုင်ရာနေရာအမျိုးအစား ခွဲခြားရာ၌လည်းကောင်း၊ အိုးအိမ်အခြေပျက်နေထိုင်ရသူလူဦးရေနှင့် ပုံမှန်နေထိုင်သူလူဦးရေကို ခွဲခြားရာ၌လည်းကောင်း၊ ရှုပ်ထွေးမှုများရှိနေသဖြင့် လူဦးရေကိန်းဂဏန်းများသည် အဖြစ်နိုင်ဆုံးခန့်မှန်းချက်များသာ ဖြစ်ပါသည်။

အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (focus group) များ၏ ဆွေးနွေးပွဲများကို မြို့နယ် ၁၂ မြို့နယ်မှာ ဆောင်ရွက်ခဲ့ပါသည်။ ဆွေးနွေးချက်များကို အသံဖမ်းတိပ်ခွေဖြင့်ဖမ်းယူပြီးလျှင် စာဖြင့်ပြန်လည်ရေးသားခြင်းနှင့် ဘာသာပြန်ဆိုခြင်းများပြုခဲ့ပါသည်။ လူသားဆန့်ကျင်ရေးရာဇဝတ်မှုများနှင့် ပတ်သက်၍ ဤအခန်းများမှာ ကိုးကားဖော်ပြထားသော လူ့အခွင့်အရေးချိုးဖောက်မှု အစီရင်ခံချက်များသည် နယ်ခံလူသားချင်းစာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာအုပ်စုများ ပြုစုထားသော ပုံမှန်ကွင်းဆင်းလေ့လာချက်အစီရင်ခံစာများမှနေ၍ စုဆောင်းထားခြင်းဖြစ်ပါသည်။

အခန်း

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှု ဖြစ်ပေါ်နေပုံ

> ကျနော်တို့မှာ အဓိကလိုအပ်နေတာကတော့ လုံခြုံရေးပါပဲ။ ဗမာစစ်သားတွေ ကျနော်တို့နယ်မြေထဲကနေ ထွက်သွားစေချင်တယ်။ သူတို့ထောင် ထားတဲ့မိုင်းတွေပါ ဖြုတ်ယူသွားစေချင်တယ်။ ကျနော်တို့ ပြန်သွားတဲ့အခါ ဗမာစစ်သားတွေ ကျနော်တို့အပေါ် နောက်ထပ်မရမ်းကားစေချင်ဘူး။

(ကရင်အမျိုးသမီးတဦး၊ ပြည်တွင်းနေရပ်ရင်းဖောတီစွန့်ခွာခဲ့ရသူ၊ ကရင်အမျိုးသားများဆိုင်ရာ ကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏တွေ့ဆုံမေးမြန်းချက်မှ၊ ပုလောမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

၂။ ၁။ ပဋိပက္ခကြောင့်ဖြစ်ပေါ်ရသော နေရပ်ရင်းစွန့်စွာထွက်ပြေးရမှု

"ကျနော်တို့တောထဲသွားရင် ဒါမှမဟုတ် သူပုန်တွေကိုအားပေးရင် အပြစ်ပေးမယ်လို့ သူတို့က ခြိမ်းခြောက်ပါတယ်။ အနီးအနားမှာ တိုက်ပွဲဖြစ်ရင် ကျနော်တို့ရွာကို သူတို့မီးရှို့ကြမှာဘဲ။"
(ကရင်နီအမျိုးသားတဦး၊ ကရင်နီလူမှုဖူလုံရေးဗဟိုဌာန၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏တွေ့ဆုံမေးမြန်းချက်မှ၊ ရှားတောမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

ဤနှစ်စစ်တမ်းက မြန်မာနိုင်ငံအရှေ့ပိုင်းဒေသမှာ ချထားသော (နအဖ) စစ်အစိုးရ၏ ဗဟိုလျင် တပ်ရင်းနှင့် ခြေမြန်တပ်ရင်းပေါင်း (၂၄၉) ရင်းကို ဖော်ထုတ်တင်ပြထားပါသည်။ ဤတပ်ရင်းများသည် (နအဖ) စစ်အစိုးရ၏ မြိတ်မြို့အခြေစိုက်ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်၊ မော်လမြိုင်မြို့အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ တောင်ငူမြို့အခြေစိုက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးမြို့အခြေစိုက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ကျိုင်းတုံမြို့အခြေစိုက် တြိဂံတိုင်းစစ်ဌာနချုပ်တို့၏ လက်အောက်ခံတပ်ရင်းများဖြစ်သည်။ ပြီးခဲ့သောနှစ်က သတင်းအချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်ပါက မဖြစ်စလောက်သာအရေအတွက်လျော့နည်းသွားသော်လည်း ဤတပ်ရင်း များသည် တတိုင်းပြည်လုံးရှိ၊ မြန်မာစစ်တပ်တပ်ရင်းများ၏ ၃၀% မျှ ဖြစ်နေသေးသည်။[၃၂] သို့ရာတွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် တိုက်ကင်းလှည့်လည်နေသောစစ်ကြောင်းများကို အားဖြည့်ပေးရန်အတွက် အရေအတွက် မသိရသော နောက်ထပ်တပ်ရင်းများကိုလည်း ချထားသေးသည်။

ပဋိပက္ခကြောင့်ဖြစ်ပေါ်ရသော နေရပ်ရင်းစွန့်စွာထွက်ပြေးရမှုသည် ကရင်ပြည်နယ်မြောက်ပိုင်းနယ်မြေတွင် ဖြစ်ပွားမှုအစိုပ်ဆုံးဖြစ်သည်။ ဤနယ်မြေ၌ ၂၀၀၈ ခုနှစ်၊ ပထမ ၆ လအတွင်း၊ မြန်မာစစ်တပ်နှင့် ကရင်အတိုက်အခံလက်နက်ကိုင်အဖွဲ့တို့ တိုက်ပွဲပေါင်း ၄၉၁ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။[၃၃] မိုးရာသီကာလသည် ယခင်ကမြန်မာစစ်တပ်စစ်ကြောင်းများအတွက် ခေတ္တရပ်နားချိန်ဖြစ်ခဲ့သော်လည်း လွန်ခဲ့သော ၂ နှစ်အတွင်း စစ်တပ်များတိုးသည်ထက်တိုး၍ ချထားနေပုံကို ထောက်လျှင် နယ်မြေသိမ်းပိုက်မှုသည် ယခုအခါ၌ နှစ်လုံးပေါက်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ဤသို့ဖြင့် ပြီးခဲ့သောနှစ်အတွင်း ဘေးဒဏ်သင့်မြို့နယ် ၄ မြို့နယ်မှာ နောက်ထပ် နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူကျေးရွာသားပေါင်း (၂၇,၀၀၀) ရှိလာခဲ့သည်။ အရပ်သားများအပေါ် ပစ်မှတ် ထားနေကျ စစ်တပ်၏တိုက်ခိုက်မှုများသည် စစ်အစိုးရ၏ ၂၀၀၆ ခုနှစ် ထိုးစစ်အပြီးနောက်ပိုင်းတွင် မသိမသာလျော့နည်းသွားခဲ့သည်။ သို့ဖြစ်စေကာမူ လက်နက်ကိုင်အတိုက်အခံ အင်အားစုများဘက်မှာရပ်တည်သည်ဟု ယူဆရသောကျေးရွာသားများအပေါ် ရမ်းကားမှုများကား လျော့ပါးသွားခြင်းမရှိသေးချေ။

ရှမ်းပြည်တောင်ပိုင်း၊ လဲချားမြို့နယ်ပတ်ပတ်လည်ရှိ မြို့နယ် ၄ ခုသည်လည်း အထူးစိုးရိမ်ဖွယ်ဖြစ်သည်။ ရှမ်းပြည် တပ်မတော်–တောင်ပိုင်း (SSA-S) မှ တပ်ရင်းမှူးဟောင်းတဦး လက်နက်ချပြီး နောက်ပိုင်းတွင် ဤနယ်မြေအတွင်း၌ လက်နက်ကိုင်တိုက်ပွဲများနှင့်မြန်မာစစ်တပ်ချထားမှုများ တိုး၍ဖြစ်ပွား

[32] Network for Democracy and Development, May 2007, *Civil and Military Administrative Echelon of State Peace and Development Council in Burma*
[33] Karen National Union, 6 September 2008, Summary Report on Military Activities in KNLA Areas for Period from January 1, 2008 to June 30, 2008

မြန်မာပြည်အရှေ့ပိုင်းစစ်တပ်အင်အားတိုးချဲ့မှုများ၊ ၂၀၀၈



ခဲ့သည်။ မြန်မာစစ်တပ်သည် ၎င်း၏အင်အားသာလွန်မှုကိုပြသသောအားဖြင့် တောင်ဘက်က လက်နက်ကိုင်အတိုက်အခံအုပ်စုများနှင့် မြောက်ဘက်က အပစ်အခတ်ရပ်စဲရေးအုပ်စုများအကြားရှိ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်သည်။ လွန်ခဲ့သော ၁၂ လအတွင်း၊ ဤဒေသမှာ အရပ်သား (၁၃,၀၀၀) ကျော်တို့သည် နေရပ်ရင်းမှ စွန့်ခွာထွက်ပြေးသွားရသည်ဟု ခန့်မှန်းရပါသည်။

ပြီးခဲ့သောနှစ်အတွင်း ရှမ်းပြည်နယ်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ) က နှစ်သုတ်ခွဲ လက်နက်ချပြီးနောက်ပိုင်းတွင် ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ် နယ်စပ်တွင် ရွာသားများဟိုပြေးသည်ပြေး ဖြစ်နေခဲ့ရသည်။[34] သူပုန်တို့နှင့်မြန်မာစစ်တပ်တို့သည် ယခင် ပဒို့ အပစ်အခတ်ရပ်စဲရေးနယ်မြေတွင် အာဏာနှင့်အရင်းအမြစ်အတွက် ယှဉ်ပြိုင်နေကြသည်ဖြစ်ရာ ရွာသားပေါင်း (၃,၀၀၀) ခန့်သည် နေရပ်ရင်းကိုစွန့်ခွာထွက်ပြေးခဲ့ရသည်။

အခြားပြည်နယ်နှင့် တိုင်းများမှလာသည့် ပဋိပက္ခကြောင့်ဖြစ်ပေါ်ရသော နေရပ်ရင်းစွန့်စွာထွက်ပြေးရမှု သတင်းများသည် စစ်တပ်များတိုး၍ချထားမှုနှင့်ပတ်သက်သော အိုးအိမ်ဥစ္စာဆုံးရှုံးရမှုများနှင့် ဆက်စပ်နေပါသည်။ ရိက္ခာအချို့အဝက်သာထုတ်ပေးသော မြန်မာစစ်တပ်၏ ကိုယ်ထူကိုယ်ထပေါ်လစီကြောင့် ရှေ့တန်းတပ်များသည် ဒေသခံရွာသားများထံမှရိက္ခာများကို မဖြစ်မနေ အနိုင်ကျင့်တောင်းယူနေရသည်ဖြစ်ရာ ဒေသခံရွာသားများ၏ စားဝတ်နေရေးကို ထိခိုက်စေလျက်ရှိသည်။ အလားတူစွာပင် သွားလာမှုကန့်သတ်ချုပ်ချယ်ခြင်းနှင့် အတင်းအဓမ္မလုပ်အားခိုင်းစေခြင်းတို့သည် အစိုးရ၏ စုစည်းကျေးရွာများသို့မောင်းပို့ခံရသော ရွာသားများအဖို့ နေရပ်ရင်းစွန့် ခွာထွက်ပြေးရမှုကို တာရှည်စေပါသည်။

၂။ ၂။ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်ဖြစ်ပေါ်ရသော နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှု

"ကြက်ဆူပင်စိုက်ဖို့ ကျမတို့ကတောရင်းပေးတယ်။ ဒါတောင်အစိုးရက ကျမတို့မြေတွေကို သိမ်းသေးတယ်။ ပြီးတော့၊ ကျမတို့ရွာသားတွေက လမ်းဘေးမှာထင်းရှူးပင်တွေစိုက်ပေးရသေးတယ်။ အဲဒီစီမံကိန်းတွေကြောင့် ကျမတို့မှာ ကိုယ့်အတွက်တောင်ကိုယ်လုပ်မစားနိုင်တောပါဘူး။"
(ရှမ်းအမျိုးသမီးတဦး၊ ရှမ်းဒုက္ခသည်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group)၏ တွေ့ဆုံမေးမြန်းချက်မှ၊ မိုင်းကိုင်မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း အကြီးထွားမြန်ဆုံးတိုင်းပြည်ဖြစ်သည်။ ဤလုပ်ငန်းတွင် အနည်းဆုံးကုမ္ပဏီ ၂၇ ခုနှင့် နိုင်ငံ ၁၃ ခုမှ ရင်းနှီးမြှုပ်နှံသူများပါဝင်သည်။[35] ကုမ္ပဏီများက တာဝန်ယူမည်မဟုတ်သော ဇရာမခြိမ်းခြောက်မှုကြီးတခုမှာ ရခိုင်ကမ်းလွန်မှတရုတ်ပြည်သို့ ကီလိုမီတာ (၂,၀၀၀) ကျော်ရှည်လျားသော ပိုက်လိုင်းတည်ဆောက်မည့် ရွှေဓါတ်ငွေ့စီမံကိန်းပင်ဖြစ်သည်။ ဤစီမံကိန်းများမှနေ၍ စစ်အစိုးရ၏ ဘဏ္ဍာတိုက်ထဲသို့

[34] Shan Herald Agency for News, 12 August 2008, "Former Ceasefire Group to Form Political Party for 2010 Election" www.shanland.org
[35] Human Rights Watch, 19 November 2007, Press Release: Burma Targeted Sanctions Needed on Petroleum Industry, www.hrw.org/campaigns/burma/drilling/

အစိုးရဖွဲ့ဖြိုးရေးစီမံကိန်းများ ၂၀၀၈



အမေရိကန်ဒေါ်လာ (၁၂) မှ (၁၇) ဘီလျံအထိ ဝင်လိမ့်မည်ဟုမျှော်လင့်ရသည်။ စစ်အစိုးရ စီမံအုပ်ချုပ်မှုအောက်ရှိ သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုသမိုင်းအရဆိုလျှင် ယနေ့အချိန်၌ ဤအရွယ်အစားရှိသောစီမံကိန်းကြောင့် ပြင်းထန်သောလူ့အခွင့်အရေးချိုးဖောက်မှုများ မုချဖြစ်ပွားပေလိမ့်မည်ဟု ယူဆထားနိုင်သည်။[၃၆]

လောလောဆယ်၌ စစ်အစိုးရ၏ ဝင်ငွေရရှိရာအကြီးမားဆုံးအရင်းအမြစ်သည် ၁၉၉၂ ခုနှစ်တွင် ထုတ်လုပ်မှုစတင်ခဲ့သော မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ ရတနာသဘာဝဓါတ်ငွေ့စီမံကိန်းဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ရင်းနှီးမြှုပ်နှံသူများ၏ ပါဝင်ပတ်သက်မှုအထောက်အထားများကြောင့် ၂၀၀၅ ခုနှစ်တွင် တရားမဝင်ဖြေရှင်းချက်တရပ် ပေါ်ထွက်လာခဲ့သည်။ မည်သို့ဖြစ်စေ အတင်းအကျပ်လုပ်အားစေခိုင်းခြင်း၊ မြေယာသိမ်းခြင်း၊ အနိုင်ကျင့်တောင်းယူခြင်းနှင့် အကြမ်းဖက်ခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ်တွင် လူဦးရေမတည်ငြိမ်မှု ဆက်လက်ဖြစ်ပွားနေကြောင်းကို ပိုက်လိုင်းအနီးရှိကျေးရွာ ၁၄ ရွာမှာ မကြာသေးမီက ပြုလုပ်ခဲ့သောတွေ့ဆုံမေးမြန်းမှုများက ဖော်ပြနေပါသည်။ [၃၇]အလားတူပင် တကြောတည်းဆက်နေသော မွန်ပြည်နယ်ရှိ ကန်ပေါက်–မြိုင်ကလေးဓါတ်ငွေ့ပိုက်လိုင်းကြောင့်လည်း ပြီးခဲ့သောနှစ်အတွင်းမှာ နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပွားခဲ့သည်။

အရွယ်အစားပိုသေးငယ်သော်လည်း အခြားသောတူးဖော်ရေးလုပ်ငန်းများကလည်း မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် လူဦးရေမတည်ငြိမ်မှုကို ဖြစ်စေလျက်ရှိသည်။ ပြီးခဲ့သောနှစ်အတွင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းအသစ်တခုအတွက် မြေယာသိမ်းယူမှုများ ဖြစ်ပွားခဲ့သည်။ ကရင်နီပြည်နယ်၏ တိုက်ပွဲများဖြစ်ပွားရာနယ်မြေများရှိ တူးဖော်ရေးလုပ်ငန်းသစ်များပတ်ဝန်းကျင်မှာထောင်ထားသော မြေမြုပ်မိုင်းများကြောင့် အနီးအနားရွာသားများသည် မိမိတို့နေအိမ်များနှင့် လယ်ယာ၊ ဥယျာဉ်ခြံမြေများကို မဖြစ်မနေစွန့်ခွာထွက်ပြေးခဲ့ရသည်။ အလားတူပင် ပဲခူးတိုင်း၏ တိုက်ပွဲဖြစ်ပွားရာနယ်မြေများတွင် ရွှေတူးဖော်ရေးလုပ်ငန်းများအတွက် မြေယာများသိမ်းယူခဲ့ပြီး လုပ်ငန်းများတွင်ဒေသခံရွာသားများအစား မြန်မာနိုင်ငံအလယ်ပိုင်းမှပြောင်းရွှေ့လာသူများကို အလုပ်ခန့်ထားခဲ့သည်။

အခြားစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းသစ်များနှင့်ဆက်နွယ်နေသော လူ့အခွင့်အရေးချိုးဖျက်မှုများနှင့် နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများလည်း ဆက်လက်ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကဲင်တွန် (Keng Tong)နှင့် တာဆန်း ရေအားလျှပ်စစ်ဓါတ်ထုတ်လုပ်ရေးစီမံကိန်းများသည် မှန်မှန်တိုးတက်ဖြစ်ထွန်းနေကာ လူဦးရေ (၃၅,၀၀၀)ခန့်သည် မဖြစ်မနေ ရွှေ့ပြောင်းသွားပြီးဖြစ်နေခဲ့သည်။ သံလွင်မြစ်အောက်ပိုင်းရှိ ကျေးရွာသားထောင်ပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ခြိမ်းခြောက်မှုရှိနေသည့်တိုင် ဆည်ဆောက်လုပ်မည့်နေရာ အကြောင်းနှင့်ပတ်သက်၍ ရွာသားများကို အသိပေးခြင်း၊ တိုင်ပင်ခြင်းမရှိချေ။ [၃၈]

---

[36] Matthew Smith and Naing Htoo, 2008, "Energy Security: Security for Whom?" Yale Human Rights and Development Law Journal, Vol. 11, p 240

[37] ibid

[38] Mon Youth Progressive Organisation, 2007, "In the Balance: Salween Dams threaten downstream communities in Burma", www.salweenwatch.org

၂၀၀၆ခုနှစ်မှစ၍ မြန်မာနိုင်ငံတဝှမ်းလုံးရှိ၊ တောသူတောင်သားများသည် ဇီဝလောင်စာထုတ်လုပ်ရေးအတွက် လိုအပ်သောကြောက်ဆူပင်စိုက်ပျိုးရေးအတွက် မြေယာသိမ်းခြင်း၊ ခွဲတမ်းချ၍ပစ္စည်းများဆင့်ဆိုတောင်းယူခြင်း၊ အဓမ္မလုပ်အားစေခိုင်းခြင်း ခံခဲ့ကြရသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများထိခိုက်ခံခဲ့ရသည်မှာ ကျေးရွာသားများအဖို့ ပြည်တွင်းမှာ နေရပ်ရင်းစွန့်ခွာထွက်ပြေးရသည် သာမက၊ ရှမ်းပြည်နယ်တောင်ပိုင်း မှလူဦးရေ ၈၀၀ နီးပါး ခန့်သည်လည်း အိမ်နီးချင်းထိုင်းနိုင်ငံသို့ ထွက်ပြေးရသည်အထိ ဖြစ်ခဲ့သည်။[၃၉]

၂။ ၃။ ဖျက်ဆီး၊ ရွှေ့ပြောင်း၊ စွန့်ခွာထွက်ပြေးရသောကျေးရွာများ

"ဗမာစစ်သားတွေက ကျနော်တို့ကို ရွာပြင်မှာ ဒါမှမဟုတ် တောထဲမှာတွေ့သွားရင် ဖမ်းချုပ်ပြီး၊ စစ်လားမေးလားလုပ်တယ်။ ညှဉ်းပမ်းနှိပ်စက်တယ်။ ကျနော်တို့ကို သူပုန်လို့စွပ်စွဲပြီး၊ အမိန့်ရထားတဲ့ အတိုင်းပဲ၊ နေရာမှာတင် ပစ်သတ်မယ်လို့ ခြိမ်းခြောက်တယ်။"
(ရှမ်းအမျိုးသားတဦး၊ ရှမ်းဒုက္ခသည်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏မိုးနဲ့မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

ဒေသခံ လူသားချင်းစာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာအုပ်စုများ၏ ကွင်းဆင်းစစ်တမ်းကောက်ယူချက်များ၏ ဖော်ပြချက်အရဆိုလျှင် ၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိကျေးရွာပေါင်း (၃,၂၀၀)သည် ဖျက်ဆီးခြင်း သို့မဟုတ် အတင်းအဓမ္မရွှေ့ပြောင်းခြင်းခံခဲ့ရသည်။ သို့တည်းမဟုတ် စွန့်ခွာပစ်ထားခြင်းခံခဲ့ရသည်။[၄၀] ဤကွင်းဆင်းလေ့လာချက်အစီရင်ခံစာများသည် ကျေးရွာများ၏အိုးအိမ်အခြေပျက်မှုများမဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက်ပိုင်းအဆင့်မြင့်ဂြိုဟ်တုဓါတ်ပုံ (high resolution commercial satellite imagery) များဖြင့် အတည်ပြုပုံပိုးထားခြင်း ဖြစ်သည်။[၄၁]

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ ဤရွာလုံးကျွတ်စွန့်ခွာရမှုတစုံလုံးသည် မဟာဗျူဟာမြောက်အောင်ပွဲများ တသီကြီးရရှိပြီးနောက်ပိုင်းမှာ မြန်မာစစ်တပ်၏ သူပုန်နှိမ်နင်းရေးမဟာဗျူဟာကို နယ်မြေသစ်များသို့ တိုးချဲ့လာကြောင်း ထင်ဟပ်ဖော်ပြနေပါသည်။ ၁၉၉၀ ခုလွန် အလယ်ပိုင်းနှစ်များ၌ ကရင်အမျိုးသားအစည်းအရုံး၏ဌာနချုပ် ကျသွားခဲ့သည်။ ခွန်ဆာက မောင်ထိုင်းတပ်မတော်နှင့်အတူ လက်နက်ချခဲ့သည်။ မွန်နှင့် ကရင်နီပြည်နယ် တို့မှာလည်း အပစ်အခတ်ရပ်စဲရေးသဘောတူချက်များ ရရှိခဲ့သည်။ ဤအတွက်ကြောင့် မြန်မာစစ်တပ်သည် ယခင်မည်သည့်အခါကမျှ မရောက်ရှိခဲ့ဖူးသော နယ်မြေများသို့ တိုးချဲ့ဝင်ရောက်လာနိုင်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာနယ်မြေများရှိ ကျေးရွာများကို မြို့များသို့လည်းကောင်း၊ ထိန်းချုပ်ရပိုလွယ်ကူမည့် စုသည်းကျေးရွာများသို့ လည်းကောင်း

---

[39] Ethnic Community Development Forum, 2008, "Biofuel by Decree: Unmasking Burma's bio-energy fiasco",
[40] TBBC, 2007, "Internal Displacement in Eastern Burma", www.tbbc.org/idps/idps.htm
[41] Science and Human Rights Program, 2007, *High Resolution Satellite Imagery of the Conflict of Burma,* American Association for the Advancement of Science, Washington DC, www.aaas.org/news/releases/2007/media/0928burma_report.pdf
See also, TBBC, 2006, "Internal Displacement in Eastern Burma", pp 33 & 56, www.tbbc.org/idps/idps.htm

အမိန့်ထုတ်ဆင့်ပြောင်းရွှေ့စေခဲ့သည်။ မြန်မာစစ်တပ်သည် ဤပြောင်းရွှေ့အမိန့်တည်အောင် လုပ်သောအားဖြင့် အမိန့်ထုတ်ဆင့်ပြီးများမကြာမီမှာ မူလရွာများကိုမီးတိုက်ပစ်လေ့ရှိသည်။

၂၀၀၀ ခုနှစ်တွင် ပြောင်းရွှေ့အမိန့်ထုတ်ဆင့်ခြင်းမခံရသော ရွာဟူ၍မရှိသလောက်နည်းသွားခဲ့သည်။ သို့ဖြစ်သည့်တိုင် ဤမိရိုးဖလာမြေယာပိုင်ဆိုင်မှုစနစ် ဖျက်သိမ်းရေးကြိုးပမ်းမှုများကို ရွာအတော်များများ၌ ရွာသားများကဖီဆန်ခဲ့ကြသည်။ အရပ်သားများအနှံတမှု၏ အဓိကသဏ္ဌာန်မှာ ကျေးရွာများကိုစွန့်ပစ်ခဲ့သော်လည်း၊ ပြောင်းရွှေ့ခိုင်းသောအမိန့်ကိုမနာခံဘဲ ဘိုးဘွားပိုင်မြေယာများနှင့်နီးနိုင်သမျှနီးနီး လယ်ယာစိုက်ခင်းများနှင့် တောတောင်ထဲမှာပုန်းခိုနေကြခြင်းဖြစ်သည်။

ပြီးခဲ့သောနှစ်အတွင်း၌ ဒေသခံအဖွဲ့အစည်းများက နောက်ထပ်အတင်းအကျပ်ပြောင်းရွှေ့ခံရ သို့မဟုတ် ဖျက်ဆီးခံရ သို့မဟုတ် စွန့်ပစ်ထားခြင်းခံရသောကျေးရွာနှင့် ပုန်းအောင်းရာနေရာ (ရွာပုန်းများ) ပေါင်း (၁၄၂) ရွာအကြောင်းကို မှတ်တမ်းပြုခဲ့ပါသည်။ ဤရွာများနှင့်ပုန်းအောင်းရာနေရာများသည် ကရင်ပြည်နယ် မြောက်ပိုင်းဒေသနှင့် ပဲခူးတိုင်းအရှေ့ပိုင်းတို့၏ တိုက်ပွဲဖြစ်ပွားရာနယ်မြေများတွင်တည်ရှိကြသည်။ သို့ရာတွင် အတင်းအကျပ်ရွှေ့ပြောင်းခိုင်းမှုများသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့ပတ်ဝန်းကျင်ရှိ နိုင်ငံရေးအရအတိမ်းအစောင်းမခံသော မြို့နယ်များတွင်လည်း အဖြစ်များပါသည်။ ဤနယ်မြေနှစ်ခုသည် လွန်ခဲ့သော ၁၂ လအတွင်း ဖြစ်ပွားခဲ့သည့်ပဋိပက္ခကြောင့် ဖြစ်ပေါ်ရသော နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများအနက် အန္တရာယ်အများဆုံးနေရာများ ဖြစ်ကြောင်း ဖေါ်ထုတ်တင်ပြထားပြီး ဖြစ်သည်။

အစောပိုင်းနှစ်များက အတင်းအကျပ်ပြောင်းရွှေ့ခံထားခဲ့ရသောကျေးရွာများ၌ နောက်ပိုင်းမှာ လူများပြန်၍နေထိုင်ခဲ့ကြသော်လည်း ဤကဲ့သို့ပြန်နေခြင်း သို့မဟုတ် ပြန်လည်အခြေချခြင်းသည် တာရှည်ခံနိုင်မည်လား မခံနိုင်လား ဆိုသည်မှာ လုံခြုံရေးနှင့်လုပ်စားစာရာအသက်မွေးဝမ်းကျောင်း လုပ်ငန်းတို့ ချို့တဲ့မှုကြောင့် မရေမရာမသေချာလှပါ။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက တနင်္သာရီတိုင်းရှိ စုစည်းကျေးရွာများအတွက် လူဦးရေခန့်မှန်းချက် တက်လိုက်ကျလိုက်ဖြစ်နေရခြင်းမှာ ရွာသားများက လုံခြုံရေးအခြေအနေကိုကြည့်ပြီး၊ စုစည်းကျေးရွာများနှင့် မိမိတို့၏မူလရွာဟောင်းများအကြားတွင် ကူးချည်သန်းချည် လုပ်နေကြသောကြောင့်ဖြစ်သည်။

အိုးအိမ်စွန့်ခွာပြေးရသည့်အခြေမဲ့ရွာများ ၁၉၉၆–၂၀၀၈



တိုင်းနှင့်ပြည်နယ်များ	ဖျက်ဆီး၊ ရွှေ့ပြောင်း၊ သို့မဟုတ် စွန့်ပစ်ခံရသည့်ရွာများ			
	၁၉၉၆–၀၂	၂၀၀၃–၀၇	၂၀၀၈	၁၉၉၆–၀၈
ပဲခူးတိုင်းအရှေ့ပိုင်း	၁၁၃	၁၄၉	၃၇	၂၉၉
ကရင်ပြည်နယ်	၅၃၄	၃၂၂	၆၇	၉၂၃
ကရင်နီပြည်နယ်	၂၀၀	၇၃	၇	၂၈၀
မွန်ပြည်နယ်	၇၂	၁၅	၁	၈၈
ရှမ်းပြည်နယ်	၁၄၇၈	၉၇	၂၄	၁၅၉၉
တနင်္သာရီတိုင်း	၁၃၉	၅၂	၆	၁၉၇
စုစုပေါင်း	၂၅၃၆	၇၀၈	၁၄၂	၃၃၆

၂။ ၄။ ပြည်တွင်းဒုက္ခသည်လူဦးရေခန့်မှန်းချက်များ

“မြေမြှုပ်မိုင်းတွေလည်းမဖြုတ်ဘူး၊ (နအဖ) တပ်တွေလည်း ထွက်မသွားဘူးဆိုရင် ကျနော်တို့ ပြန်သွားလို့မဖြစ်ဘူး။ ကျနော်တို့တတွေလိုချင်တာကတော့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးရပြီး၊ ကိုယ့်ရွာ ကိုယ် ပြန်နေဖို့ပါဘဲ။”

*(ကရင်အမျိုးသားတဦး၊ ပြည်တွင်းနေရပ်ရင်းဇာတိစွန့်ခွာခဲ့ရသူ၊ ကရင်အမျိုးသားများဆိုင်ရာ ကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု **(Focus group)** ၏တွေ့ဆုံမေးမြန်းချက်မှ၊ သံတောင်မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)*

လက်နက်ကိုင်တိုက်ပွဲနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အကျိုးဆက်များကြောင့်သော်လည်း ကောင်း၊ ဤအကျိုးဆက်များမှရှောင်တိမ်းရန်သော်လည်းကောင်း ပြီးခဲ့သော နှစ်အတွင်းမှာ ခန့်မှန်းခြေလူပေါင်း (၆၆,၀၀၀) ခန့်သည် မိမိတို့နေရပ်ရင်းမှ မဖြစ်မနေစွန့်ခွာခဲ့ရသည်။ ဤအချက်က လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းမှာ မှတ်တမ်းတင်ခဲ့သော နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်းကိုဖေါ်ပြနေပြီး၊ အရပ်သားများအပေါ် စစ်တပ်၏တိုက်ရိုက်တိုက်ခိုက်မှု လျော့နည်းသွားကြောင်းကိုလည်း ထင်ဟပ်ဖေါ်ပြနေပါသည်။ သို့ရာတွင် ဤမျှလောက် ကြီးများသော နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုပမာဏသည် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေချိုးဖောက်မှုများ ဆက်လက်၍အကြီးအကျယ်ဖြစ်ပွား နေကြောင်းကို လည်း ညွှန်ပြနေပါသည်။

လောလောဆယ် အိုးအိမ်အခြေပျက်မှုအမြင့်ဆုံးနှုန်းကို ကရင်ပြည်နယ်မြောက်ပိုင်း ဖာပွန်တောင်ကုန်း များပေါ်တွင် လူပ်ရှားနေသော မြန်မာစစ်တပ်စစ်ကြောင်းများရန်မှ လွတ်အောင်ပုန်းအောင်းနေကြ သောရွာသားများထဲတွင် တွေ့ရသည်။ သို့ရာတွင် လူဦးရေစာရင်းများတွင် အသိသာဆုံးပြောင်းလဲမှု များကို ပဲခူးတိုင်းအရှေ့ပိုင်းရှိကျောက်ကြီးမြို့နယ်မှာ တွေ့ရသည်။ ဤမြို့နယ်၌ ယခင်ကပုန်းအောင်း နေသောရွာများ သို့မဟုတ် နှစ်ဖက်စလုံးအုပ်ချုပ်ရေးသက်ရောက်သောနယ်မြေများရှိ ရွာများသည် စုစည်းကျေးရွာများသို့ တိုး၍တိုး၍ ထည့်သွင်းခံနေရသည်။ စုစည်းကျေးရွာများသို့ လူဦးရေ အတော်အသင့်အများအပြားရွှေ့ပြောင်းသွားကြောင်းကိုရှမ်းပြည်နယ်ရှိ လဲချား၊ နမ့်ဆန်နှင့် ကွန်ဟိန်း မြို့နယ်များမှာလည်း မှတ်တမ်းပြုထားသည်။

စစ်အစိုးရက ပြည်တွင်းဒုက္ခသည်များရှိနေကြောင်းအသိအမှတ်ပြုရန် ငြင်းဆန်နေမှုကြောင့် လူအရေ အတွက်ကို တွက်ချက်ရန်အလွန်ခက်ခဲပါသည်။ ဤအစီရင်ခံစာအတွက် လူဦးရေခန့်မှန်းချက်များ သည် နေရပ်ရင်းမှ မဖြစ်မနေစွန့်ခွာထွက်ပြေးရမှုများ အများဆုံးဖြစ်ပွားသော ၃၈ မြို့နယ်၏ ကျေးလက်ဒေသများမှ ရရှိခဲ့ခြင်းဖြစ်ပြီး၊ မြို့ပြဒေသများမှာသော်လည်းကောင်း၊ နှစ်ဖက်စလုံး အုပ်ချုပ်ရေးသက်ရောက်သောနယ်မြေများမှာသော်လည်းကောင်း၊ စစ်တမ်းကောက်ယူရန် မဖြစ်နိုင် ခဲ့ပါ။ အဓိကအခက်အခဲမှာ နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူများနှင့် အဆင်ပြေစွာပြန်လည်အခြေချပြီး လူ့အဖွဲ့အစည်းထဲသို့ပြန်လည်ဝင်ဆံ့သွားသူများကို သဲသဲကွဲကွဲဖြစ်အောင် ခွဲခြားရခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ဤအစီရင်ခံစာပါ ပြည်တွင်းဒုက္ခသည်လူဦးရေခန့်မှန်းချက်များသည် လျော့ပေါ့ခန့်မှန်းချက် များသာဖြစ်ပါသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများအတွင်း ပြည်တွင်းအခြေမဲ့မှု – ၂၀၀၈ခုနှစ်



ပြည်နယ်နှင့်တိုင်းများ	တောပုန်းခိုများတွင် နေထိုင်သော အခြေမဲ့သူများ	စုစည်းကျေးရွာများတွင် နေထိုင်သော အခြေမဲ့သူများ	အပစ်အခတ်ရပ်စဲ ဒေသများတွင် နေထိုင် သောအခြေမဲ့သူများ	အခြေမဲ့သူ စုစုပေါင်း
ပဲခူးတိုင်းအရှေ့ပိုင်း	၂၁၀၀၀	၂၃၅၀၀	၀	၄၄၅၀၀
ကရင်ပြည်နယ်	၄၉၅၀၀	၁၀၉၀၀	၄၄၅၀၀	၁၀၄၉၀၀
ကရင်နီပြည်နယ်	၉၃၀၀	၅၀၀၀	၃၉၀၀၀	၅၃၃၀၀
မွန်ပြည်နယ်	၈၀၀	၄၈၀၀	၄၂၀၀	၄၇၇၀၀
ရှမ်းပြည်နယ်	၁၆၅၀၀	၂၆၁၀၀	၉၂၄၀၀	၁၃၅၀၀၀
တနင်္သာရီတိုင်း	၃၉၀၀	၅၅၇၀၀	၆၀၀၀	၆၅၆၀၀
စုစုပေါင်း	၁၀၁၀၀၀	၁၂၇၀၀၀	၂၂၄၀၀၀	၄၅၁၀၀၀

မြန်မာနိုင်ငံအရှေ့ပိုင်းရှိ နေရပ်ရင်းစွန့်ခွာထွက်ပြေးရသူဦးရေစုစုပေါင်းသည် သန်းတဝက်ကျော်ရှိနိုင်သော်လည်း ကျေးလက်ဒေသများတွင်ပင် ဦးရေအနည်းဆုံး (၄၅၁,၀၀၀) နေမည်ဟု ခန့်မှန်းရပါသည်။ လူမျိုးစုတိုင်းရင်းသားများအုပ်ချုပ်သော အပစ်အခတ်ရပ်စဲရေးနယ်မြေများရှိ ယာယီစခန်းများတွင် လူဦးရေ (၂၂၄,၀၀၀) နေထိုင်နေကြပါသည်။ တိုက်ပွဲများ အများဆုံးဖြစ်ပွားလေ့ရှိသောနယ်မြေများတွင် (နအဖ) စစ်အစိုးရ၏တပ်များရန်မှလွတ်အောင် ပုန်းအောင်းနေရသောအရပ်သားဦးရေသည် (၁၀၁,၀၀၀) ဖြစ်ပြီး၊ ရွာသား (၁၂၆,၀၀၀) ခန့်သည် (နအဖ) စစ်အစိုးရ၏ ရွာမှမောင်းထုတ်သော အမိန့်ကိုနာခံလျက် သတ်မှတ်ထားသော စုစည်းကျေးရွာများသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။

ဤခန့်မှန်းချက်များအရကြည့်လျှင်၊ ပြည်တွင်းဒုက္ခသည်လူဦးရေသည် လွန်ခဲ့သောနှစ်ကထက်စာလျှင် ၁၀ ရာခိုင်နှုန်း လျော့သွားကြောင်းတွေ့ရသည်။ အပစ်အခတ်ရပ်စဲရေးနယ်မြေများတွင် ပြည်တွင်းဒုက္ခသည်ခန့်မှန်းခြေ (၇၀,၀၀၀) ကျော် လျော့သွားသောကြောင့်ဖြစ်သည်။ သို့ရာတွင် ပုန်းခိုရာနေရာများနှင့် စုစည်းကျေးရွာများရှိ ပြည်တွင်းဒုက္ခသည် ဦးရေခန့်မှန်းချက်များသည် အမှန်တကယ်ပင်လျော့နည်းသွားခဲ့သည်။ ဤတွေ့ရှိချက်များက ထင်ဟပ်ဖေါ်ပြနေသည်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် စစ်အစိုးရ၏အာဏာစက်ကိုတိုးချဲ့ခဲ့ခြင်းနှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များ လက်နက်နှင့်နယ်မြေစွန့်လွှတ်အောင် တိုးမြှင့်အားပေးခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ အကျိုးဆက်ကား ပြည်တွင်းဒုက္ခသည်အချို့သည် စစ်တမ်းကောက်ယူရန်အလှမ်းမမှီသည့် နှစ်ဖက်စလုံးအုပ်ချုပ်ရေးသက်ရောက်သောနယ်မြေများသို့ 'စိမ့်ဝင်' သွားခဲ့ကြခြင်းပင်ဖြစ်သည်။ ပြည်တွင်းဒုက္ခသည် ဦးရေလျော့နည်းသွားမှုသည် မြို့ပြလူနေရပ်ကွက်များသို့ လူဦးရေရွှေ့ပြောင်းသွားခြင်း၊ ထိုင်းနိုင်ငံထဲရှိ ဒုက္ခသည်စခန်းများနှင့် ပြည်ပရွှေ့ပြောင်းအလုပ်သမားအသိုက်အဝန်းထဲသို့ ထွက်ပြေးဝင်ရောက်သွားခြင်း၊ ပို၍တိုးတက်ကောင်းမွန်လာသော စစ်တမ်းကောက်ယူနည်းများနှင့် အဆင်ပြေသော နေရပ်ရင်းပြန်လည်ဝင်ရောက်နေထိုင်မှု သို့မဟုတ် ပြန်လည်အခြေချနေထိုင်မှုတို့နှင့်လည်း ဆက်စပ်နေနိုင်ပါသည်။

ဘေးအတွေ့နိုင်ဆုံးသောပြည်တွင်းဒုက္ခသည်အုပ်စုများသည် ဝေးလံသီခေါင်ပြီး၊ တောင်ထူထပ်သော တောများ နှင့် စိုက်ခင်းများရှိရာနေရာများ၏ တိုက်ပွဲအများဆုံးဖြစ်ပွားရာနယ်မြေများတွင် ပုန်းအောင်းနေကြသူများဖြစ်သည်။ ဤလူများသည် သူပုန်နှိမ်နင်းရေးအကြောင်းပြချက်ဖြင့် စစ်တပ်၏ ရမ်းကားမှုများကိုကြောက်ကြသောကြောင့် (နအဖ) စစ်အစိုးရ၏ စစ်ကြောင်းများနှင့်မတွေ့အောင် မိမိတို့အိမ်များကို စွန့်ခွာရှောင်တိမ်းနေကြခြင်းဖြစ်သည်။ ပုန်းအောင်းနေသူများသည် မိမိတို့ဇာတိရွာများမှ ဝေးဝေးလံလံသို့ပြောင်းရွှေ့သွားခြင်း မရှိတတ်ကြချေ။ ဇာတိရွာများသည် (နအဖ) စစ်အစိုးရ၏တပ်များ သို့မဟုတ် အရံတပ်များ၏ တိုက်ကင်းများတွေ့သွားနိုင်သည့် အန္တရာယ်ကြားကပင် ခိုကပ်နေရခြင်းအတွက် စေ့ဆော်သောအဓိကအကြောင်းအချက်ဖြစ်သည်။ အသက်ရှင်သန်မှုကို ခြိမ်းခြောက်သောလုပ်ရပ်များတွင် လူနေအိမ်ရှိရာနေရာများအပေါ် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ မြေမြုပ်မိုင်းများထောင်ခြင်း၊ အကျဉ်းရုံးကွပ်မျက်စီရင်ခြင်းနှင့် ဖမ်းမိသူများကို လူမဆန်စွာအပြစ်ပေးခြင်းတို့ ပါဝင်သည်။ လူနေအိမ်ခြေရှိရာနေရာများကို လူမရှိဘဲတွေ့ရှိပါက ရွာသားနေအိမ်များကို မီးတိုက်လေ့ရှိသည်။ သီးနှံနှင့်ရိက္ခာများကိုမူ ဖျက်ဆီးပစ်ခြင်းသော်လည်းကောင်း၊ သိမ်းယူခြင်းသော်လည်းကောင်း လုပ်တတ်သည်။

လောလောဆယ်၌ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်းအရှေ့ပိုင်းတို့တွင် ရွာသား (၆၀,၀၀၀) ကျော်တို့သည် မြန်မာစစ်တပ်၏ရန်ကြောင့် ပုန်းအောင်းနေလျက်ရှိသည်။ တခုလုံးအနေနှင့်ခြုံကြည့်လျှင် အရပ်သားများအပေါ် စစ်ရေးအရတိုက်ရိုက်တိုက်ခိုက်မှုများလျော့ကျသွားခဲ့သော်လည်း ဤနယ်မြများ၌ ပြီးခဲ့သောနှစ်အတွင်းမှာ ဆက်လက်ဖြစ်ပွားနေဆဲရှိသည်။ စစ်အစိုးရသည် နယ်မြေတွင်းမှာ လမ်းသစ်များဖောက်လုပ်ခြင်းနှင့် ပထမဦးဆုံး အကြိမ်အဖြစ် အခြေစိုက်စစ်စခန်းများ တသီတတန်းကြီးချထားခြင်းအားဖြင့် ၎င်း၏ရည်မှန်းချက်ကို အမိအရဖေါ်ဆောင်နေခဲ့သည်။ အလားတူပင်၊ ကရင်နီပြည်နယ်တောင်ပိုင်း၌လည်း စစ်အစိုးရသည် တိုက်ပွဲဖြစ်ပွားရာနယ်မြေများတွင် သတ္တုတူးဖေါ်ရေးလုပ်ငန်းများအတွက် ခွင့်ပြုချက်များတိုး၍ချထားပေးပြီးလျှင် ဤလုပ်ငန်းများ၏ ပတ်ဝန်းကျင်လုံခြုံရေးအတွက် မြေမြှုပ်မိုင်းများကိုအနှံ့အပြားချထားခဲ့သည်။ ရွာပုန်းများကို ရှာဖွေရေးနှင့် ဖျက်ဆီးရေးအတွက် တိုက်ကင်းလှည့်ခြင်းကိုအဓိကမထားတော့ဘဲ၊ ယခုအခါ၌ စစ်အစိုးရသည် သူပုန်အားပေးသူများဟုယူဆရသော အရပ်သားများကို ဖွဲ့ဖြိုးရေးစီမံကိန်းများဖြင့်လည်း မောင်းနှင်ထုတ်ပစ်ရန်ကြိုးစားလျက်ရှိသည်။

(နအဖ) စစ်အစိုးရ၏ ပြန်လည်နေရာချထားသော စုစည်းကျေးရွာများသို့ ပြောင်းရွှေ့ရန်စေခိုင်းခံရသော လူထုများသည် ၎င်းတို့၏အိမ်များကို ကိုယ်တိုင်ဖျက်ကြရပြီး သယ်နိုင်သမျှပိုင်ဆိုင်ပစ္စည်းများနှင့် စားရေရိက္ခာများကို သတ်မှတ်ထားသောနေရာသို့ သတ်မှတ်ပေးထားသောရက်အနည်းငယ်အတွင်း မိမိဘာသာသယ်ဆောင်ကြရပါသည်။ ပြန်လည်နေရာချထားသောစုစည်းကျေးရွာများသည် မြို့များ သို့မဟုတ် (နအဖ) တပ်စခန်းများနှင့်နီးကပ်နေခြင်းတို့ကြောင့်လည်းကောင်း၊ လူနေထူထပ်ခြင်းနှင့် လွှင်တီးခေါင်ဖြစ်ခြင်းတို့ကြောင့်လည်းကောင်း၊ သင့်လျော်သော စိုက်ပျိုးမြေများရရှိရန် ခဲယဉ်းပါသည်။ (နအဖ) စစ်တပ်စခန်းများနှင့်နီးကပ်နေခြင်းကြောင့်လည်း အခကြေးငွေမရဘဲ၊ အလုပ်လုပ်ပေးရန်ဆင့်ဆိုခြင်း၊ မြေသိမ်းခြင်းတို့အပြင် ပုံမှန်မဟုတ်ဘဲ အချိန်တိုအတွင်းမှာ မတော်မတရားအခွန်အတုတ်ကောက်ခြင်းတို့ကိုလည်း အမြဲတစေခံနေကြရပါသည်။ သွားလာမှုကန့်သတ်ချုပ်ချယ်ခြင်းကို နေရာအနှံ့မှာ လုပ်နေလျက်ရှိသည်။ သွားလာခွင့်လက်မှတ်များသည် အချိန်ကန့်သတ်ချက်ပါသည်ဖြစ်ရာ ရွာသားများအဖို့မိမိတို့လယ်ယာစိုက်ခင်းများကို သွားရောက်ကြည့်ရှုထိန်းသိမ်းနိုင်ခြင်း မရှိကြချေ။

စုစည်းကျေးရွာများအနက် ပြည်တွင်းဒုက္ခသည် အများဆုံးစုစည်းထားသောစခန်းသည် တနင်္သာရီတိုင်းမှာရှိပါသည်။ ဤစခန်း၌ လူဦးရေ (၅၅,၀၀၀)နေထိုင်လျက်ရှိသည်ဟု ခန့်မှန်းရသည်။ ဤလူဦးရေသည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းမှာ တက်လိုက်ကျလိုက်ဖြစ်ခဲ့သည်။ ဤအချက်ကညွှန်ပြနေသည်မှာ ရွာသားများကလုံခြုံရေးအခြေအနေကိုကြည့်ပြီး စုစည်းကျေးရွာများနှင့် မိမိတို့၏မူလရွာဟောင်းများအကြားတွင် ကူးချည်သန်းချည်လုပ်နေကြသည် ဟူသောအချက်ပင်ဖြစ်သည်။ သို့ရာတွင်တမြန်နှစ်ကမူ ပဲခူးတိုင်းအရှေ့ပိုင်း၊ စုစည်းကျေးရွာများတွင် လူဦးရေသည်နှစ်ဆအထိမြင့်တက်လာခဲ့သည်။ ဤအချက်က တောင်ပေါ်ကရင်ကျေးရွာများနှင့် မြေပြန့်ကရင်ကျေးရွာများကိုအဆက်ဖြတ်ပစ်ရန်ရည်ရွယ်သော စစ်အစိုးရ၏ သူပုန်နှိမ်နင်းရေးကြိုးပမ်းမှု တစိတ်တပိုင်းအဖြစ် ရွာမှမောင်းထုတ်ခြင်း၊ ခရီးသွားလာခွင့်ချုပ်ချယ်ကန့်သတ်ခြင်း၊ စစ်ဆင်ရေးကို အသစ်တိုး၍လုပ်ဆောင်နေကြောင်း ထင်ဟပ်ဖေါ်ပြနေပါသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ ပြည်တွင်းဒုက္ခသည်အများစုသည် မြန်မာစစ်တပ်က အာမခံချက်မရှိသည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစုံတရာပေးထား (သို့သော် အမြဲလေးစားသည်တော့မဟုတ်ချေ) သည့်နေရာများဖြစ်သော လူမျိုးစုများအုပ်ချုပ်ရာ အပစ်အခတ်ရပ်စဲရေးနယ်မြေများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မဟာမိတ်ဟောင်းများ[၄၂] ၊ လူမျိုးစုကိုယ်စားပြုနိုင်ငံရေးပါတီများမှ ခွဲထွက်လာခဲ့သောတပ်ဖွဲ့များ [၄၃]နှင့် အတိုက်အခံများ၏ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) အဖွဲ့ဝင်ဟောင်း လက်နက်ကိုင်တပ်ဖွဲ့များ [၄၄] ပါဝင်သည်။ ဝအွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA)၊ ကရင်ပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) တို့သည် အတင်းအဓမ္မ ရွာရွှေ့ပြောင်းခြင်းနှင့် လူ့အခွင့်အရေးနှိပ်ကွပ်မှုများကို ကျူးလွန်ရာမှာပါဝင်ကြသည်။ မွန်ပြည်သစ်ပါတီကမူ စစ်အစိုးရကျူးလွန်သော စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများမှ ရှောင်ပြေးလာကြသောရွာသားများကို ကာကွယ်စောင့်ရှောက်မှု တစုံတရာပေးထားခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများတွင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီမှုများသည် မပြောပလောက်သောအခြေအနေမှာရှိနေသေးသရွေ့ ဤနယ်မြေများတွင် ဝင်ရောက်အခြေချနေထိုင်မှုသည် ပြည်တွင်းဒုက္ခသည်ပြဿနာအတွက် အဖြေဖြစ်လိမ့်မည်တော့မဟုတ်ချေ။

မွန်အပစ်အခတ်ရပ်စဲရေးနယ်မြေ၌ ပြည်တွင်းဒုက္ခသည် (၆၅,၀၀၀) ကျော်တို့ နေထိုင်လျက်ရှိသည်ဟုခန့်မှန်းရသည်။ ဤရွာများသည် စိုက်ပျိုးမြေရရှိရန်ခက်ခဲခြင်း၊ အပစ်အခတ်ရပ်စဲရေးနယ်မြေပြင်ပသို့သွားလာခွင့်ကို (နအဖ)စစ်အစိုးရက ချုပ်ချယ်ကန့်သတ်ထားခြင်း၊ ပြန်လည်အခြေချနေထိုင်ရေးအတွက် အထောက်အပံ့ပေးရန်နှင့် ဆုံးရှုံးသွားခဲ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ပစ္စည်းများကိုအစားပြန်ဖြည့်ပေးရန် လူမျိုးစုအာဏာပိုင်များက မတတ်နိုင်ခြင်းတို့ကြောင့် ခိုကိုးရာမဲ့နေဆဲရှိကာ အတည်တကျလည်းမရှိသေးချေ။ ဤပြည်တွင်းဒုက္ခသည်ကျေးရွာများကို သွားရောက်အကူအညီပေးရန် ရန်ကုန်အခြေစိုက်နိုင်ငံတကာအသိုက်အဝန်းများ၏ ကြိုးပမ်းမှုများသည် ဘာတခုမျှအရာရောက်ခြင်းမရှိခဲ့ချေ။ ဤအခြေအနေသည် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတကာကြက်ခြေနီကော်မီတီ (အိုင်စီအာစီ) က နယ်မြေဆိုင်ရာရုံးများကို လုပ်ငန်းရပ်ဆိုင်းပစ်လိုက်ရသောဖြစ်ရပ်မတိုင်မီကတည်းက ရှိနေသောအခြေအနေဖြစ်သည်။

---

[42] ဝပြည်သွေးစည်းညီညွတ်ရေးပါတီ United Wa State Army (UWSA), ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) Karenni National People's Liberation Front (KNPLF), and ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) Shan Nationalities People's Liberation Organisation (SNPLO)

[43] ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် (ဒီကေဘီအေ) Democratic Karen Buddhist Army (DKBA), ကရင် ငြိမ်းချမ်းရေးအဖွဲ့ the Karen Peace Force (KPF), ကရင်နီသွေးစည်းညီညွတ်ရေးအဖွဲ့ the Karenni Solidarity Organisation (KnSO), and ကရင်အမျိုးသားအစည်းအရုံး–
ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေး ကောင်စီ) the Karen National Union / Karen National Liberation Army Peace Council

[44] မွန်ပြည်သစ်ပါတီ New Mon State Party (NMSP), ရှမ်းပြည်တပ်မတော် (မြောက်) Shan State Army North (SSA-N) and ပအို့ဝ်အမျိုးသားအဖွဲ့ချုပ် PaO National Organisation (PNO)

ပြီးခဲ့သောနှစ်အတွင်း အပစ်အခတ်ရပ်စဲရေးနယ်မြေများရှိ ပြည်တွင်းဒုက္ခသည်ပမာဏ ခန့်မှန်းချက်များ လျော့နည်းသွားရခြင်းအတွက် အဓိကအကြောင်းရင်း ၃ ခု ရှိပါသည်။ ပထမအချက်မှာ အပစ်အခတ်ရပ်စဲရေးနယ်မြေများထဲသို့ (နအဖ) စစ်အစိုးရ၏ အာဏာစက်ချုံထွင်လာမှုနှင့် ရွာသားများအပေါ် ရမ်းကားမှုများကြောင့် အထူးသဖြင့် (ကလလတ)၊ ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း)၊ ဒီကေဘီအေ (DKBA) နှင့် (ရလလဖ) တို့၏ အုပ်ချုပ်ရေးအောက်မှာ နေထိုင်နေကြသော ပြည်တွင်းဒုက္ခသည်လူဦးရေသည် သိသိသာသာကျဆင်းသွားခဲ့သည်။ ဤအာဏာစက်ချုံထွင်လာမှုကို ရွာသားများအားပြောင်းရွှေ့ရန် အမိန့်ထုတ်ခြင်း၊ မြေယာနှင့်ပစ္စည်းများသိမ်းယူခြင်း၊ လုပ်အားပေးရန်အတင်းအဓမ္မဆင့်ဆိုခြင်း၊ အရောင်းအဝယ်နှင့် ခရီးသွားလာမှုတို့ကို ကန့်သတ်ချုပ်ချယ်ခြင်းကဲ့သို့သော နည်းများဖြင့်ဖော်ပြခဲ့သည်။ ဒုတိယအချက်မှာ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နယ်မြေမှကျေးရွာသားများသည် အနီအနားမြို့များဖြစ်သော မိုင်းဆတ်နှင့် မိုင်းတုံမြို့များသို့ ပြောင်းရွှေ့နေကြရသည်။ နောက်ဆုံးအချက်မှာ လူဦးရေစာရင်းအရပြောရလျှင် ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်များမှ ပြီးခဲ့သောလူဦးရေခန့်မှန်းချက်များတွင် ယခင်က အိုးအိမ်အခြေပျက်ခဲ့သူများပါဝင်ခဲ့သည်။ သို့သော် နောက်ပိုင်း၌ ၎င်းတို့သည် အပစ်အခတ်ရပ်စဲရေးနယ်မြေများတွင် ဝင်ရောက်နေထိုင်ခဲ့ကြသည်ဖြစ်ရာ ဤနှစ်စစ်တမ်း၌ ဤသူများကိုထည့်သွင်းခြင်းမပြုခဲ့ချေ။

(ဖွန်ဒေတာ လပွတ်နှုန်း ၁ ဘဝအသက်အရွယ်ရောက်ပြီးသူတွေအနေနဲ့ ကိုယ်ရေးကိုယ်တာ ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိကြသလား)

အခန်း ၃

ဒေသခံလူမှုအဖွဲ့အစည်းများမှပေးပို့သော နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အစီရင်ခံချက်များ

“ဒီပြဿနာတွေလည်း ကျနော်မရှင်းနိုင်တော့ ဒီဒုက္ခတွေထဲကလည်း မလွတ်နိုင်ဘူး။ တခုတည်းသော နည်းလမ်းကတော့ ထိုင်းနိုင်ငံထဲဝင်ပြေးပြီး အလုပ်သမားအဖြစ်နဲ့ အလုပ်ရှာလုပ်ဖို့ပါပဲ။”

(ရှမ်းအမျိုးသားတဦး၊ ရှမ်းဒုက္ခသည်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အထူးပြုစောင့် ကြည့်လေ့လာရေးအုပ်စု (Focus group) ၏တွေ့ဆုံမေးမြန်းချက်မှ၊ မိုးနဲမြို့နယ် ဇွန်လ၊ ၂၀၀၈–ခုနှစ်)

၃။ ၁။ ရှမ်းပြည်နယ် တောင်ပိုင်း

“ပေါ်တာတွေကို နေ့အခါမှာမိုင်းရှင်းကရိယာနဲ့ လူသားဒိုင်းအဖြစ်နဲ့ သုံးတယ်။ ညအခါကျတော့ ကြိုးနဲ့ တုပ်ထားတယ်။ ပေါ်တာတယောက်ဖျားနာပြီး ပစ္စည်းဆက်မသယ်နိုင်တော့ဘူးဆိုရင် တောနက်ထဲမှာ တယောက်ထဲ ပစ်ထားခဲ့တယ်။”
*(ရှမ်းအမျိုးသားတဦး၊ ရှမ်းဒုက္ခသည်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု **(Focus group)** ၏တွေ့ဆုံမေးမြန်းချက်မှ၊ မိုးနဲ့မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)*

ရှမ်းပြည်နယ်တောင်ပိုင်း၊ မြို့နယ် ၁၂ မြို့နယ်မှာနေထိုင်နေကြသူများသည် လူ့အခွင့်အရေးချိုးဖျက်မှုအမျိုးမျိုးကို ခံစားနေရလျက်ရှိသည်။ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်ဇွန်လအတွင်း သတ္တုတူးဖေါ်ခြင်းနှင့် စိုက်ခင်းကြီးများအပါအဝင် (နအဖ) စစ်အစိုးရ၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် မြန်မာစစ်တပ်ကျင့်သုံးသော လူမျိုးစုလက်နက်ကိုင်အဖွဲ့များကို ခွဲထွက်အုပ်စုများ၏အကူအညီနှင့် တိုက်ခိုက်ရေးမဟာဗျူဟာတို့ကြောင့် ဥဒုက္ခဝေဒနာများသည်တိုးပွါလာခဲ့သည်။ အနည်းဆုံးအားဖြင့် လူပေါင်း(၂၄,၀၀၀)တို့သည် ပြီးခဲ့သောနှစ်အတွင်းမှာ မိမိတို့နေအိမ်များမှနေ၍ မဖြစ်မနေ စွန့်ခွာခဲ့ကြရပြီး ရှမ်းပြည်နယ်တောင်ပိုင်းရှိပြည်တွင်းဒုက္ခသည်ဦးရေသည် လောလောဆယ်အားဖြင့် (၁၃၅,၄၀၀) ကျော်ကျော်ရှိသည်ဟု ခန့်မှန်းရပါသည်။

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်ရင်း (၇၅၈) ခွဲထွက်အုပ်စုက (နအဖ)နှင့် ပူးတွဲလှုပ်ရှားရာနေရာများဖြစ်သော လဲချား၊ နမ့်ဆန်နှင့် မိုင်းကိုင်မြို့နယ်များ၌ လူ့အခွင့်အရေးချိုးဖောက်မှုများတိုးလာခဲ့သည်။ အနည်းဆုံးရွာပေါင်း ၂၄ ရွာတို့သည် ပြီးခဲ့သောနှစ်အတွင်းမှာ အိုးအိမ်အခြေပျက်ခဲ့ကြရပြီး၊ ရွာသားများသည် စစ်စခန်းများဆောက်ပေးရန် အတင်းအဓမ္မစေခိုင်းခံကြရသည်။ လုပ်အားပေးရန်အတင်းအကျပ်ဆင့်ဆိုခြင်းခံရသည့်အပြင် ရွာသားများသည် အတင်းအကျပ်စစ်သားလုပ်ခိုင်းခြင်းနှင့် ကြီးလေးသောအခွန်အတုတ်များကောက်ခြင်းတို့ကို ခံခဲ့ကြရသည်။ (နအဖ) စစ်အစိုးရသည် ဇီဝလောင်စာထုတ်လုပ်ရေးအတွက် ရွာသားများကို ကြက်ဆူဆီပင်စိုက်ခင်းများကို ဆက်လက်စိုက်ခိုင်းနေလျက်ရှိသည်။ ပဲပပ်၊ နေကြာစေ့ပင်၊ ထင်းရှူးပင်နှင့် နွေစပါးများကိုလည်း မြို့နယ်အာဏာပိုင်များအတွက် အခကြေးငွေမပေးဘဲ အတင်းအဓမ္မစိုက်ခိုင်းနေလျက်ရှိသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် တဂါလံလျှင် (၂,၂၀၀)ကျပ် မှနေ၍ (၄,၂၀၀)အထိ လောင်စာဆီဈေးနှုန်းမြင့်တက်သွားမှုကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကုန်ဈေးနှုန်းများမြင့်တက်သွားခဲ့သည်။ ထိုစဉ်ကဆန္ဒပြပွဲများကို နှိမ်နင်းပြီးနောက်ပိုင်းတွင် ရန်ကုန်နှင့်မြန်မာနိုင်ငံအလယ်ပိုင်းမြို့ကြီးများတွင် သီတင်းသုံးကာ စာသင်နေကြသောရှမ်းပြည်တောင်ပိုင်းမှ ရဟန်းသံဃာတော်များသည် နေရပ်ရင်းသို့ပြန်လာခဲ့ကြသည်။ ဤအတွက်ကြောင့် နယ်မြေခံဘုန်းကြီးကျောင်းများမှာ နေရပ်ပြန်သံဃာတော်များအတွက် ကျွေးမွေးခြင်း၊ နေရာထိုင်ခင်းပေးခြင်းပြုရန်ပစ္စည်းလေးပါးမလုံမလောက်ဖြစ်ဖြစ်ခဲ့ရသည်။ (နအဖ)ကလည်း ဘုန်းကြီးကျောင်းများကို မျက်စိဒေါက်ထောက်ကြည့်နေခဲ့သည်။

နာဂစ်မုန်တိုင်းတိုက်ပြီးနောက်တွင် ကုန်ဈေးနှုန်းများမြင့်တက်လာခဲ့ပြန်ပါသည်။ ခါတ်ဆီတဂါလံဈေးနှုန်းသည် (၄,၂၀၀) မှနေ၍ (၈,၂၀၀) ကျပ်အထိလည်းကောင်း၊ စားဆီဈေးနှုန်းသည် (၂,၀၀၀) မှနေ၍ (၃,၀၀၀) ကျပ်အထိသို့လည်းကောင်း၊ ဆားအိတ်အသေးတအိတ်သည် (၁၀၀) မှနေ၍ (၈၀၀)

ရှမ်းပြည်နယ်တောင်ပိုင်း


T
B
B
C
ပန်ယန်း
SSA-N
ကျေးသီး
မိုင်းရှူး
မိုင်းကိုင်
SSA-N
မိုင်းပျင်း
ကွန်ဟိန်း
လဲချား
PNO
လွိုင်လင်
နမ့်စန်
တောင်ကြီး
ဟိုပုံး
PNO
ရှမ်းပြည်နယ်
မိုင်းဆတ်
မိုးနဲ
လင်းခေး
မိုင်းပန်
မိုင်းတုံ
မောက်မယ်
PNO
UWSA
ဆီဆိုင်
ဖယ်ခုံ
ကရင်နီပြည်နယ်
UWSA
လွိုင်ကော်
ထိုင်းနိုင်ငံ
အိုးအိမ်စွန့်ခွာပြေးရသည့်အခြေမဲ့ရွာများ
ရွှေပြောင်းရေးစခန်း
တိုင်းစစ်ဌာနချုပ်
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
ပြည်တွင်းဒုက္ခသည်စခန်း
ဒုက္ခသည်စခန်း
ကားလမ်း
မြစ်
ပုန်းအောင်းနေထိုင်ရာဒေသ
အပစ်အခတ်ရပ်စဲဒေသ
ပြည်နယ်နှင့်တိုင်းနယ်နိမိတ်
အစိုးရဖွဲ့ဖြိုးရေးစီမံကိန်းများ
ရေကာတာစီမံကိန်း
စိုက်ပျိုးရေးစီမံကိန်း
သတ္တုတူးဖေါ်ရေးလုပ်ငန်း
သစ်ထုတ်လုပ်ရေးလုပ်ငန်း
ကားလမ်းဖေါက်လုပ်ရေးလုပ်ငန်း
ရေမျက်နှာပြင်အမြင့်
မီတာ ၅၀၀ အောက်
မီတာ ၅၀၀ – ၁၄၀၀ အကြား
မီတာ ၁၄၀၀ – ၂၅၀၀ အကြား
0
20
40
ကီလိုမီတာ

ကျပ်အထိလည်းကောင်း မြင့်တက်သွားခဲ့သည်။ ဒေသအာဏာပိုင်တို့က တမြို့နယ်မှ တမြို့နယ်သို့ သော်လည်းကောင်း၊ မြို့မှတောသို့သော်လည်းကောင်း ဆန်အရောင်းအဝယ်လုပ်ခြင်းကို ကန့်သတ်ပိတ်ပင်ထားခဲ့သည်။

စစ်အစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်းမှအကူအညီများကို ကန့်သတ်ပိတ်ပင်ထားသော်လည်း နာဂစ်မုန်တိုင်းဒုက္ခသည်များအတွက် ရှမ်းပြည်တောင်ပိုင်းပြည်သူများအား အတင်းအကျပ် အလှူငွေ ထည့်ခိုင်းနေခဲ့သည်။ အလွန်ဆင်းရဲသောမိသားစုများသည်ပင် မုန်တိုင်းတိုက်ပြီးနောက်ပိုင်း ၃ လကြာမျှ တလလျှင်ငွေကျပ် (၁,၀၀၀) (အမေရိကန်ဒေါ်လာ ၁–ဒေါ်လာ) နှင့် ဆန် ၂၅ ကီလို အလှူထည့်ရသည်။ ပို၍ချောင်လည်သောမိသားစုများကမူ ငွေကျပ် (၂,၀၀၀) (အမေရိကန်ဒေါ်လာ ၂–ဒေါ်လာ)နှင့် ဆန်ကီလို ၁၀၀ ပေးလှူရသည်။ ထို့ပြင် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) က တဝက်တပျက်ထိန်းချုပ်ထားသော မိုင်းတုံနှင့်မိုင်းဆတ်တွင်လည်း နာဂစ်မုန်တိုင်းဒုက္ခသည်များကို လှူရန်အတွက် ရွာသားများထံမှ လယ်ထွန်စက် ၂၈ စီးကို အနိုင်ကျင့် တောင်းယူသွားခဲ့သည်။ လယ်ထွန်စက်တစီးလျှင် ကျပ် နှစ်သန်း (အမေရိကန်ဒေါ်လာ ၂,၀၀၀) တန်ဖိုး ရှိသည်။

ထို့အပြင် ပြီးခဲ့သောနှစ်အအတွင်း၌ ကျေးသီးမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စုတွင် ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းတခုကို စတင်ဖော်ဆောင်ခဲ့သည်။ ဤစီမံကိန်းကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကြီးကြပ်ကွပ်ကဲပုံပေါ်ပါသည်။ ဗိုလ်ချုပ်မောင်အေးသည် လုပ်ငန်းခွင်းသို့ ကိုယ်တိုင်ကိုယ်ကျနှစ်ကြိမ်သွားရောက်ခဲ့သည်။ စီမံကိန်းအခြေခံစခန်းနှင့် ရေစုပ်စက်အဆောက်အဦးများအတွက် သိမ်းယူထားခဲ့သော မြေများအပြင်၊ (နအဖ) စစ်တပ်များသည် ကျောက်မီးသွေးတူးဖော်ရေးအတွက် စိုက်ပျိုးမြေ (၁၅၂) ဧကကိုသိမ်းယူခဲ့သည်။ ရွာသားများ၏ သတင်းပေးပို့ချက်အရဆိုလျှင် မြန်မာစစ်တပ်သည် ကျောက်မီးသွေးမိုင်းနယ်မြေ၏ အချင်းဝက် (၅) မိုင် ပတ်လည်အတွင်းရှိမြေယာအားလုံးကိုသိမ်းယူရန် ကြံရွယ်ထားသည်ဟု သိရသည်။ (နအဖ) တပ်များသည် ကျောက်မီးသွေးမိုင်းနယ်မြေထဲသို့ရွာသားများမဝင်ရဟု ပိတ်ပင်ထားလျက်ရှိသည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများထံမှ ကွဲ နွား၊ ဝက်တို့ကို အနိုင်ကျင့်တောင်းယူနေလျက်ရှိသည်။

၃။ ၂။ ကရင်နီပြည်နယ်

"တောထဲက တနေရာရာမှာတိုက်ပွဲဖြစ်တယ်။ အဲဒီနောက် ဗမာစစ်တပ်က နယ်မြေရှင်းလင်းရေးလုပ်ပြီး အနီးအနားကရွာသားတွေကို စစ်လား၊ မေးလားလုပ်တယ်။ အဲဒီထဲမှာကျနော်လည်းပါတယ်။ သူပုန်တယောက်ကိုမှ ကျနော်တွေ့ခဲ့တာမဟုတ်ဘဲနဲ့ ကျနော့်ကိုရိုက်ပြီးရင်း ရိုက်နေတော့တယ်။"
(ကရင်နီအမျိုးသားတဦး၊ ကရင်နီလူမှုဖွံ့ဖြိုးရေးဗဟိုဌာန၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏ တွေ့ဆုံမေးမြန်းချက်မှ၊ ရှားတော၊ မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

ပြီးခဲ့သောနှစ်တလျှောက်လုံး၌ ကရင်နီပြည်နယ်တွင် (နအဖ) စစ်အစိုးရ၏တပ်ဖွဲ့များ လာရောက်ချထားမှုများ လျော့နည်းသွားခဲ့သော်လည်း မဟာဗျူဟာမြောက်နေရာများပတ်ဝန်းကျင်တွင် တိုက်ကင်းများခပ်စိပ်စိပ်လှည့်နေလျက်ရှိကာ အသက်မွေးဝမ်းကျောင်းမှုကို ဆက်လက်၍ အကြီးအကျယ် ခြိမ်းခြောက်နေဆဲရှိသည်။ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ အစိုးရကမ္မကထလုပ်သော ဖွံ့ဖြိုးရေးစီမံကိန်းများ၊ (နအဖ) စစ်အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့အကြားတွင် တိုက်ပွဲများဖြစ်နေခြင်းတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အိုးအိမ်အခြေပျက်မှုတို့ကိုဖြစ်ပွားစေသော အဓိကအကြောင်းရင်းများဖြစ်သည်။ ပြီးခဲ့သောနှစ် တနှစ်တည်း

ကရင်နီပြည်နယ်


T
B
B
C
ဖယ်ခုံ
ရှမ်းပြည်နယ်
လွိုင်ကော်
ရှမ်းပြည်နယ်
ရှားတော
ဒီမောဆို
ကရင်နီပြည်နယ်
ဖရူဆို
KNPLF
KNPLF
KNPLF
အောလခဲ
ကရင်
ပြည်နယ်
ထိုင်းနိုင်ငံ
0
10
20
ကီလိုမီတာ
မော်ချီး
ဖာဆောင်း
မယ်စွဲ
KNPLF
အိုးအိမ်စွန့်ခွာပြေးရသည့်အခြေမဲ့ရွာများ
ရွှေပြောင်းရေးစခန်း
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
ဒုက္ခသည်စခန်း
ကားလမ်း
မြစ်
အပစ်အခတ်ရပ်စဲဒေသ
ပုန်းအောင်းနေထိုင်ရာဒေသ
ပြည်နယ်နှင့်တိုင်းနယ်နမိတ်
အစိုးရဖွဲ့ဖြိုးရေးစီမံကိန်းများ
သစ်ထုတ်လုပ်ရေးလုပ်ငန်း
ဓိုက်ပျိုးရေးစီမံကိန်း
သတ္တုတူးဖော်ရေးလုပ်ငန်း
ကားလမ်းဖောက်လုပ်ရေးလုပ်ငန်း
ရေမျက်နှာပြင်အမြင့်
မီတာ ၅၀၀ အောက်
မီတာ ၅၀၀ – ၁၄၀၀ အကြား
မီတာ ၁၄၀၀ – ၂၅၀၀ အကြား

အတွင်းမှာပင်လျှင် အရပ်သား (၁,၀၀၀) မျှ အိုးအိမ်အခြေပျက်ခဲ့ကြရပြီး လူပေါင်း (၅၃,၀၀၀) ကျော်သည် ပြည်တွင်းဒုက္ခသည်ဖြစ်နေကြရသည်။

ပအို့အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (Pa-o National Liberation Organization) သည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လတွင် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) မှ ခွဲထွက်ပြီးလျှင်၊ ရှမ်း–ကရင်နီနယ်စပ်ရှိ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ပူးပေါင်းသွားခဲ့သည်။ သည့်နောက်တွင် (နအဖ) တပ်များသည် ထိုနယ်မြေအတွင်း၌ စစ်ကြောင်းများတိုး၍ချကာ ပအို့ဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏တပ်များကို လိုက်လံရှာဖွေခဲ့သည်။ သို့ဖြစ်ရာ ဤနှစ်အတွင်း၌ နယ်မြေတွင်းရှိရွာသား ၁၀၀ ကျော်တို့သည် စစ်ကြောင်းများလွတ်အောင်ထွက်ပြေးခဲ့ကြပြီး၊ အခြားရွာသားများကမူ ပေါ်တာအဖြစ်သော်လည်းကောင်း၊ လမ်းပြအဖြစ်သော်လည်းကောင်း၊ ဆက်သားအဖြစ်သော်လည်းကောင်း အဆွဲခံနေကြရသည်။

(နအဖ) သည် သူပုန်ထောက်ခံအားပေးသူအဖြစ် မသက်ာရသူများကိုလည်း လက်တုံ့ပြန်လေ့ရှိသည်။ သာဓက အနေနှင့်ဖော်ပြရပါလျှင် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လအတွင်းက ဖရူဆိုမြို့နယ်တွင် (နအဖ) နှင့် (KNPP) တပ်များ တိုက်ပွဲဖြစ်ပြီးနောက် အနီးအနားရှိ ကပရူး (Kapru) ရွာသားများအား (KNPP) တပ်များကိုထောက်ပံ့ခြင်း၊ လက်ံထားခြင်းပြုသည်ဟုစွပ်စွဲကာ (နအဖ)က ရွာထဲသို့ လက်နက်ကြီးဗုံးသီးများဖြင့်ပစ်ထည့်ခဲ့သည်။ အကျိုးဆက်အနေနှင့် ရွာသား (၂၀၀) ကျော်တို့ မိမိတို့နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရပြီး ကပရူးရွာသည် ယခုအခါလူသူစွန့်ပစ်ခြင်းခံရသည့် အနေအထားသို့ ရောက်ရှိခဲ့ပါသည်။

၂၀၀၈ခုနှစ်၊ ဩဂုတ်လမှာလည်း ဒီမောဆိုမြို့နယ်ရှိ လျှပ်စစ်ဓါတ်အားမီးလိုင်းတခုအနီးတွင် (နအဖ) နှင့် (KNPP) တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ သည့်နောက်တွင် (နအဖ)သည် လောပိတလျှပ်စစ်ဓါတ်အားမီးလိုင်းသွားရာလမ်းကြောင်းတလျှောက်မှာနေထိုင်နေကြသော ကျေးရွာများအား အခကြေးငွေမပေးဘဲ ခြံစည်းရိုးများကာစေပြီး၊ မီးလိုင်းတိုင်များကို နေ့ရောညပါအလှည့်ကျကင်းစောင့်စေခဲ့သည်။

ကရင်နီပြည်နယ်သည် မြန်မာစစ်တပ်နှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့အမျိုးမျိုးတို့အကြားတွင် စီးပွားရေးအရရော စစ်ရေးအရပါ အလွန်ဆက်စပ်ပတ်သက်နေသောနေရာဖြစ်သည်။ အခွန်အကောက်ဝင်ငွေရအောင် စီးပွားရေးလုပ်ခွင့်များချပေးသော (နအဖ) စစ်အစိုးရ၏ လုပ်ရပ်ကြောင့် အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးမျိုးဖြစ်ပွားခဲ့သည်။ သာဓကအနေနှင့်ဖော်ပြရလျှင် ပြီးခဲ့သောနှစ်အတွင်း၌ (နအဖ) သည် ကရင်နီပြည်နယ်လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး (ကလလတ) ကို ဖာဆောင်းမြို့နယ်၊ မော်ချိုးတောင်ပိုင်းတွင် သွပ် နှင့် ခဲမဖြူတူးဖေါ်ရေးလုပ်ငန်းများလုပ်ရန် ခွင့်ပြုချက်ချပေးခဲ့သည်။ (ကလလတ) အဖွဲ့က လွန်ခဲ့သောပြီလမှာ ဤသတ္တုတူးဖေါ်ရေးစီမံကိန်းကို စလိုက်သည်နှင့် ရွာ ၃ ရွာ ပြောင်းရွှေ့ခဲ့ရပြီး၊ စပါးစိုက်လယ်မြေကော ၅၀ ကျော် အသိမ်းခံခဲ့ရသည်။ ဖြတ်လမ်းသစ်တလမ်းလည်း ဖောက်လုပ်ခဲ့သည်။ ထို့ပြင်အနီးအနားဝန်းကျင်မှာလည်း မြေမြုပ်မိုင်းများထောင်ထားခဲ့ကြသည်။

ရှေ့တန်းတပ်များအတွက် မြန်မာအစိုးရ၏ ကိုယ်ထူကိုယ်ထပေါ်လစီဟု ဆိုသောပေါ်လစီကြောင့် ကရင်နီကျေးရွာသားများအဖို့ တောင်ယာကိုကောင်းကောင်းမလုပ်နိုင်ဘဲ ရှိနေကြသည်။ လွိုင်ကော်မြို့ရှိ ဒေသစစ်ဆင်ရေးကွပ်ကဲမှုစစ်ကြောင်းမှူး (Regional Operational Commander) ၏ အမိန့်အရ နယ်မြေတပ်ရင်းများသည် နယ်မြေတွင်းရှိကျေးရွာသားများ၏ စိုက်ပျိုးမြေများကိုသိမ်းယူပြီးလျှင် အခကြေးငွေမပေးဘဲ၊ တပ်ရင်းများအတွက် စပါးစိုက်ခိုင်းခဲ့သည်။ သာဓကအနေနှင့်ဖော်ပြရပါလျှင် လွိုင်ကော်နှင့် ဖရူဆိုမြို့နယ် နှစ်မြို့နယ်စလုံး၌ စစ်သားများက လယ်ဧက ၂၀ သိမ်းယူခဲ့သည်။ ဘောလခဲမြို့နယ်၌မူ ဧက၅၀ သိမ်းယူခဲ့သည်။ ထို့အပြင် ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ၌ ကြက်ဆူဆီစီမံကိန်းများကို လွိုင်ကော်မြို့နယ်မှာနောက်တကြော့ပြန်စခဲ့ရာ (နအဖ)၏ ဒေသစစ်ဆင်ရေးကွပ်ကဲမှုစစ်ကြောင်းမှူးက အခကြေးငွေမပေးဘဲ မိသားစုတိုင်းအား မြေ ၄ ဧကမှာ ကြက်ဆူပင် ၅,၄၀၀ ကို စိုက်ပျိုးစေခဲ့သည်။

၃။ ၃။ ကရင်ပြည်နယ်မြောက်ပိုင်း နယ်မြေများ

"ဗမာစစ်သားတွေ လမ်းဖောက်ကတည်းက စစ်သားတွေနဲ့ ပစ္စည်းတွေသယ်နေခဲ့ကြတာ။ ကျမတို့ရွာသားတွေကိုတွေ့ရင် သေနတ်နဲ့ပစ်တာပဲ။ လူတွေက အိမ်တွေစွန့်ပြီးပြေးကြရတာပေါ့။ ကျမတို့တတွေရွာပြန်ပြီးလယ် မလုပ်ရဲကြဘူး။"
(ကရင်အမျိုးသမီးတဦး၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာကော်မီတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏တွေ့ဆုံမေးမြန်းချက်မှ၊ ဖာပွန်မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်းအရှေ့ပိုင်းတို့သည် မြန်မာနိုင်ငံအရှေ့ပိုင်းတွင် စစ်တပ်များအများဆုံး တိုး၍ချထားသောနယ်မြေများဖြစ်သည်။ ဤနယ်မြေများရှိ ပြည်သူတို့သည် အိုးအိမ်အခြေပျက်မှုနှုန်းအများဆုံး နှင့် ကြောက်မက်ဖွယ်အကောင်းဆုံး လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ခံစားနေကြရသည်။ ဖာပွန်၊ သံတောင်၊ ကျောက်ကြီးနှင် ပဲခူးတိုင်းရှိ ရွှေကျင်မြို့နယ်တို့၌ ပြီးခဲ့သောနှစ်အတွင်းမှာ လူဦးရေ (၂၇,၀၀၀) ကျော် အိုးအိမ်အခြေပျက်ခဲ့ရပြီး၊ (၆၀,၀၀၀) ကျော်ကမူလှည့်လည်နေသော (နအဖ) တိုက်ကင်းများ၏ ရန်မှလွတ်အောင် ပုန်းအောင်းနေလျက်ရှိသည်။

ပြီးခဲ့သော ၁၂ လတာကာလတလျှောက်လုံး၌ (နအဖသည် အိမ်စုများနှင့် ဝမ်းစာရိက္ခာများကို ပို၍ထိထိရောက်ရောက်ရှာဖွေနိုင်ရန်နှင့် ဖျက်ဆီးပစ်နိုင်ရန်အတွက် နောက်ထပ်၍စစ်တပ်ကင်းစခန်းများဆောက်လုပ်ခဲ့သည်။ ဤကင်းစခန်းသစ်များနှင့်နီးသော ပုန်းအောင်းရာနေရာများနှင့် လယ်ယာများကို စွန့်ပစ်ထားခဲ့ကြရသည်။ ဤနယ်မြေများရှိ ကျေးရွာသားများသည် (နအဖ) စစ်တပ်များကို ရင်မဆိုင်ဘဲရှောင်တိမ်းနေကြသည်။ အမြင်မခံကြချေ။ အကြောင်းမှာ သူတို့သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ကို ထောက်ခံအားပေးသူများဟု အထင်ခံထားရပြီး အကယ်၍ ထွက်မပြေးဘဲနေပါက ပစ်သတ်ခံရဖွယ်ရှိသောကြောင့်ဖြစ်သည်။ အိမ်စုများရှိနေကြောင်းအရိပ်အခြေတွေ့ရပါက (နအဖ) တပ်များသည် ဆင်ခြင်စဉ်းစားနေခြင်းမပြုတော့ဘဲ လယ်ယာများထဲသို့လည်းကောင်း၊ ရွာသားများပုန်းအောင်းနေသည်ဟု မသင်္ကာရသောနေရာများသို့လည်းကောင်း မော်တာကျည်များပစ်ထည့်လေ့သည်။ သာဓကအနေနှင့်ဖော်ပြရမည်ဆိုလျှင် လွန်ခဲ့သော ၂၀၀၈ ခုနှစ်၊ ဩဂုတ်လအတွင်းက ရွာသားတဦးနှင့် အသက် ၇ နှစ်အရွယ်မိန်းကလေးတဦးတို့သည် ဖာပွန်မြို့မြောက်ဖက်ရှိ

လယ်ကွင်းထဲမှာ အလုပ်လုပ်နေရင်း ခမရ – ၂၅၆ ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ ဤသို့သော ပစ်ခတ်မှုမျိုးများသည် ပုန်းအောင်းနယ်မြေများတွင်ရှိုးနေသောကိစ္စဖြစ်သည်။

သို့ရာတွင် စစ်စခန်းများတိုးချဲ့ချထားခြင်းနှင့်စပ်ဆိုင်သော ဘေးဒုက္ခများဖြစ်ရခြင်း၏ အဓိက အကြောင်းရင်းသည် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းပင်ဖြစ်သည်။ ပြီးခဲ့သောနှစ်အတွင်း၌ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းသည် ကရင်ပြည်နယ်မြောက်ပိုင်းနယ်မြေ အချင်းချင်းကိုဆက်သွယ်ပေးသော လမ်းမကြီး ၈ လမ်းကိုဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် ပတ်သက်နေပါသည်။ စစ်တပ်ကင်းစခန်းသစ်များသည် ဤလမ်းမကြီးများတလျှောက်မှာ တည်ရှိနေကြပြီး ရှေ့တန်းစခန်းများသို့ စစ်သုံးပစ္စည်းနှင့်ရိက္ခာများပို့ရန်အတွက် ပုံမှန်ပေါ်တာဆင့်ဆိုခဲ့သည်။

(နအဖ) သည် နှစ်ဖက်စလုံးအုပ်ချုပ်ရေးသက်ရောက်သောနယ်မြေများအပေါ် တကယ်တမ်းအားဖြင့် အာဏာသက်ရောက်မှုရှိသော်လည်း လက်နက်ကိုင်ခုခံနေသူများအဖို့ ဝင်ထွက်၍ရနေသေးသည်။ ဤအပြန်အလှန်တိုက်ခိုက်နေကြသောတပ်များကြောင့် ကျေးရွာသူကျေးရွာသားများသည် သွားလာမှုချုပ်ချယ်ကန့်သတ်ခြင်း၊ မြေမြုပ်မိုင်းများ၊ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ အနိုင်ကျင့်တောင်းခြင်း၊ ပေါ်တာဆွဲခြင်းတို့ဖြင့်ပြဿနာသော ကျိုးလန့်စာစားဘဝသို့ရောက်ခဲ့ရသည်။ သာဓကအနေနှင့်ဖေါ်ပြရပါလျှင် ကျောက်ကြီးမြို့နယ် တောရွာများ၌ (နအဖ) ၏ ခြေမြန်တပ်မ (၁၀၁) က တင်းကျပ်သော သွားလာမှုချုပ်ချယ်ကန့်သတ်ချက်များထုတ်ဆင့်ထားခဲ့ရာ ရွာသူရွာသားတို့သည် ဥယျာဉ်များသို့ သွားလာခွင့်သော်လည်းကောင်း၊ တောထဲသို့အရှာဖွေထွက်ခွင့်သော်လည်းကောင်း မရခဲ့ချေ။ ရွာသူရွာသား (၃,၀၀၀) ခန့်၊ အထူးသဖြင့်နေ့စားအလုပ်သမားများသည် ဤအမိန့်ကြောင့် ထိခိုက်နစ်နာခဲ့ကြရသည်။ အချို့သောနေရာများ၌ ရွာသူရွာသားများသည် နယ်မြေအာဏာပိုင်များထံမှ သွားလာခွင့်လက်မှတ်များဝယ်ခြင်းအားဖြင့် လုပ်ခင်းများထဲသို့သွားရောက်နိုင်ကြသည်။ သို့သော် တနေ့လျှင် ကျပ် (၁,၀၀၀) အထိကုန်ကျသောကြောင့် ရွာသားအများစုသည် မဝယ်နိုင်ကြချေ။ ဤနှိပ်ကွပ်ရေး ပေါ်လစီများ၏ ရန်မှရှောင်သောအားဖြင့် ပြီးခဲ့သောနှစ်အတွင်း၌ မြေပြန့်နယ်မြေမှ လူပေါင်း (၁,၈၀၀) ခန့် တို့သည် တောင်ပေါ်နယ်မြေသို့တက်သွားသူတက်သွား၊ သို့မဟုတ် ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးသူထွက်ပြေး ဖြစ်ကုန်ခဲ့ကြသည်။

နှစ်ဖက်စလုံးအုပ်ချုပ်ရေးသက်ရောက်သောနယ်မြေများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများထိခိုက်အောင် (နအဖ) က လုပ်လေ့လုပ်ထရှိသောအခြားနည်းတနည်းမှာ "တောဈေးခင်းများ"သို့ ရွာသားများမသွားနိုင်အောင် ပိတ်ဆို့သည့်အနေနှင့် မြေမြုပ်မိုင်းများထောင်ထားခြင်းပင်ဖြစ်သည်။ တောဈေးဆိုသည်မှာ ဆန်နှင့်တောထွက်ပစ္စည်းများကိုဖလှယ်ရန်အတွက် မြေပြန့်သားများနှင့် တောင်ပေါ်သားများလာရောက်ကြသော နေရာဖြစ်သည်။ လွန်ခဲ့သောဇန်နဝါရီလအတွင်းမှာ ကျောက်ကြီးမြို့နယ်၏ တိတ်တိတ်ပုန်းဈေးခင်းတခုကို ရွာသားများအရောင်းအဝယ်လုပ်စဉ်မှာ ခြေမြန်တပ်ရင်း (၂၅၇) ကတွေ့သွားခဲ့သည်။ (နအဖ) စစ်သားများလာနေစဉ်၌ အလွတ်ပြေးရသဖြင့် ရွာသားအများအပြားတို့ ပစ္စည်းများ ဆုံးရှုံးကုန်ကြရသည်။

ကရင်ပြည်နယ်မြောက်ပိုင်း



၃။ ၄ ကရင်ပြည်နယ်အလယ်ပိုင်း

“ဘေးကင်းကင်းနေနိုင်ဖို့ဆိုရင် DKBA ကရော၊ (နအဖ) ကရောထုတ်နေသမျှအမိန့်တွေကို နာခံပြီးလုပ်ကိုင်စားဖို့လိုပါတယ်။”
*(ကရင်အမျိုးသမီးတဦး၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု **(Focus group)** ၏တွေ့ဆုံမေးမြန်းချက်မှ၊ ဖားအံမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)*

ကရင်ပြည်နယ်အလယ်ပိုင်းသည် အများအားဖြင့်မြေပြန့်များဖြစ်ပြီး၊ ၁၉၉၀ ခုလွန်အလယ်ပိုင်းနှစ်များတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) ခွဲထွက်ပြီးနောက်ပိုင်းတွင် မြန်မာစစ်တပ်က နေရာအတော်များများကို သိမ်းပိုက်ထားခဲ့သည်။ ဤအတွက်ကြောင့်ပင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသနည်းတူ စနစ်တကျလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အနှံ့အပြားဆင်းရဲမွဲတေမှုများ ဖြစ်ပွားခဲ့သည်။ မွန်အပစ်အခတ်ရပ်စဲရေးနယ်မြေကို ထည့်မတွက်ဘဲဖယ်လိုက်လျှင်၊ ဒေါန တောင်တန်းတလျောက်နှင့် တောင်တန်းနှင့်ကပ်နေသောနယ်မြေများရှိ ပြည်တွင်းဒုက္ခသည် ပမာဏသည် (၄၀,၀၀၀) မျှ ရှိသည်။

ကရင်ပြည်နယ်မြောက်ပိုင်းနယ်မြေများလောက် ပြင်းထန်မှုမရှိသော်လည်း ပြီးခဲ့သောနှစ်အတွင်း၌ ကော့ကရိတ် နှင့် မြဝတီမြို့နယ်များတွင် တိုက်ပွဲဖြစ်ပွားမှုနှင့် ၎င်းနှင့်ဆက်နွယ်သော လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးလာခဲ့သည်။ ၂၀၀၇ ခုနှစ်အကုန်တွင် (နအဖ) စစ်ကြောင်းများနှင့် အရပ်သားများသွားလာမှုအပေါ် ကန့်သတ်ချုပ်ချယ်မှုများကြောင့် အထူးထိခိုက်နစ်နာခဲ့သည်။ အကြောင်းမှာ ရှေ့လာမည့်နှစ်အတွက် စပါးများကိုမရိပ်သိမ်းနိုင်ခဲ့သောကြောင့်ဖြစ်သည်။ စစ်ကြောင်းများ မရှိတော့သည့်နောက်ပိုင်းမှာပင် မြေမြုပ်မိုင်းများထောင်ထားခဲ့ခြင်းကြောင့် လယ်ယာများထဲသို့ဝင်ရောက်ရေးခက်ခဲခဲ့ရသည်။ ၂၀၀၈ ခုနှစ်အတွင်း၌ ရွာသားများအပေါ်ရမ်းကားမှုများ ဆက်လက်ရှိနေခဲ့သည်။ အရက်စက်ဆုံးသာဓကတခုမှာ ၂၀၀၈ ခုနှစ်၊ ဇွန်လအတွင်းက လောပါခီး (Law Pah Kee) ရွာသားတဦးကို ဦးခေါင်းခွံအရေပြား တချို့တဝက်ဆုတ်ခွာခဲ့သော ရက်စက်သည့်လုပ်ရပ်ဖြစ်သည်။

(KNU) နှင့် (နအဖ)တို့ တိုက်ပွဲများ ဖြစ်ပွားနေဆဲရှိသော်လည်း (KNU) နှင့် (DKBA) တို့အချင်းချင်းဆက်ဆံရေးသည်လည်း ၂၀၀၅ ခုနှစ်ကစ၍ သိသိသာသာ ဆိုးရွားလာခဲ့သည်။ (DKBA) လက်နက်ချအောင် တိုး၍တိုး၍ဖိအားပေးနေသည်နှင့်အမျှ ဩဇာလွှမ်းမိုးရာနယ်မြေသာ အပူတပြင်းလိုအပ်နေသည်ဖြစ်ရာ ၂၀၀၈ ခုနှစ်အတွင်း၌ ဤကရင်တပ်နှစ်တပ်တို့ တိုက်ပွဲပေါင်း ၂၅ ပွဲ ဖြစ်ပွားခဲ့သည်ဟု သတင်းရရှိခဲ့သည်။[45] (DKBA) သည် ဤကဲ့သို့သော တိုက်ပွဲမျိုးဖြစ်ပွားပြီးလျှင် နယ်ခံရွာသားများကို ဒဏ်ခတ်လေ့ရှိသည်။ ၂၀၀၈ ခုနှစ်၊ ဇွန်လအတွင်းက (DKBA) စစ်သားနှစ်ယောက် တိုက်ပွဲမှာ ကျပြီးနောက်နေ့တွင် ကော့ကရိတ်မြို့နယ်ရှိ၊ ကျေးရွာတရွာမှ ယာတဲ ၁၈ လုံးကို မီးရှို့ပြီး၊ ရွာမှ ငွေကျပ် (၇၀၀, ၀၀၀) ကို အနိုင်ကျင့်တောင်းယူခဲ့သည်။ ဤလအတွင်းမှာပင် ကြာအင်းဆိပ်ကြီးမြို့နယ်မှာ (DKBA) စစ်သားနှစ်ဦး ထွက်ပြေးသွားခဲ့သည်ကို ကလဲ့စားချေသည့်အနေနှင့် ရွာသား ၇ ဦးကို ညှဉ်းပန်း နှိပ်စက်ခဲ့သည်။

---

[45] Karen National Union, 6 September 2008, Summary Report on Military Activities in KNLA Areas for period from January 1, 2008 to June 30, 2008 (Clashes with DKBA troops)

ကရင်ပြည်နယ်အလယ်ပိုင်း



များမကြာမီကမှ ခွဲထွက်သွားခဲ့သော (KNU/KNLA) ငြိမ်းချမ်းရေးကောင်စီသည် သစ်ခုတ်ခြင်း၊ သစ်ခွဲခြင်းနှင့် ရာဘာစိုက်ပျိုးရေးတို့တွင် လုပ်ကိုင်ခြင်းကို အဓိကအာရုံစိုက်နေပုံပေါ်သော်လည်း (KNU) နှင့် ၎င်းတို့အကြားတွင်လည်း တင်းမာမှုများရှိနေသေးသည်။[၄၆] သို့ရာတွင် (DKBA) သည် ဤကဲ့သို့သောစီမံကိန်းများနှင့် ပတ်သက်၍ အတင်းအဓမ္မလုပ်အားဆင့်ဆိုမှုများကို ပိုလုပ်ပုံပေါ်ပါသည်။ ၂၀၀၈ ခုနှစ်တလျောက်လုံး၌ လှိုင်းဘွဲ့မြို့နယ်အတွင်းတွင် တပ်မှူးများက တီမိုး (T'Moh) ကျေးရွာအုပ်စုရှိ ရာဘာစိုက်ခင်းများနှင့် ကလောကေတီး (Klaw K' Tee) ကျေးရွာပတ်ဝန်းကျင် သစ်ခုတ်လုပ်ငန်းတို့တွင် အလုပ်လုပ်ပေးရန် အမိန့်ထုတ်ဆင့်မှုကြောင့် ကျေးရွာသားများ၏ စားဝတ်နေရေးထိခိုက်ခဲ့ရသည်။

ထိုင်းလုပ်ငန်းရှင်များသည် ကရင်ပြည်နယ်အလယ်ပိုင်းတွင် ဧရာမစီမံကိန်းကြီးများ လုပ်ဆောင်နေကြသည်။ အာရှအဝေးပြေးလမ်းမကြီးနှင့် ဟတ်ကြီးဆည်ဆောက်လုပ်ရေးတို့သည် ဤစီမံကိန်းများ၏ ထိပ်တန်းနေရာမှာရှိသည်။ ဤနှစ်အတွင်း၌ ဤစီမံကိန်းနှစ်ခုစလုံးနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူမှုများ ဆက်လက်လုပ်ခဲ့သည်။ သို့ရာတွင် အာရှအဝေးပြေးလမ်းမကြီးအတွက် လက်ရှိမြဝတီမှ ဖားအံလမ်းကြောင်းကိုသုံးမည့်အစား၊ တောတွင်းဖြတ်လမ်းကို သုံးမည့်အကြံပြုချက်ကို (KNU) က ကန့်ကွက်ခဲ့သည်။ အလားတူပင် ပွင့်လင်းမြင်သာသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးသက်ရောက်နိုင်မှုများ အကဲဖြတ်ချက် ပေါ်ထွက်မလာသေးခင်အထိ ဆည်ဆောက်လုပ်ရေးကို ထောက်ခံအတည်ပြုပေးအောင် တိုး၍တိုး၍ဖိအားပေးလာနေခြင်းကိုလည်း တင်းခံခဲ့သည်။ ဤစီမံကိန်းနှစ်ခုစလုံးသည် အနာဂတ်မှာ နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပေါ်စေမည့် အဓိကအကြောင်းအချက်များ ဖြစ်ရန်အလားအလာရှိသည်။

၃။ ၅ မွန်နယ်မြေများ

"ခရီးသွားတဲ့အခါ မှတ်ပုံတင်ယူမသွားရင် စစ်မေးတာနဲ့ဒဏ်ရိုက်တာခံရလိမ့်မယ်။ မှတ်ပုံတင်ပါပြီး မသက်ဘစရာ ပစ္စည်းတခုခု ပါမသွားတာတောင်မှ လူကိုဖမ်းပြီး၊ ပိုက်ဆံယူတတ်သေးတယ်။"
(မွန်အမျိုးသားတဦး၊ မွန်ဒုက္ခသည် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏တွေ့ဆုံမေးမြန်းချက်မှ၊ ရေးမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

မွန်ပြည်သစ်ပါတီက ၁၉၉၅ ခုနှစ်တွင် ဗဟိုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လုပ်ပြီးချိန်မှစ၍ မွန်အပစ်အခတ်ရပ်စဲရေးနယ်မြေများမှာ အတော်အတန်လုံခြုံမှုရှိခဲ့သည်။ သို့ရာတွင် ခွဲထွက်အုပ်စုတစုဖြစ်သော မွန်ပြည်ပြန်လည်တည်ဆောက်ရေးပါတီ (Monland Restoration Party) က မွန်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းမြောက်ပိုင်းတို့တွင် မြန်မာစစ်တပ်ကို ဆက်လက်၍ လက်နက်ကိုင်တိုက်ခိုက်ခဲ့သည်။ မွန်နယ်မြေများ၌ ပြည်တွင်းဒုက္ခသည် (၇၀,၀၀၀) ရှိနေသည်ဟု ဤစစ်တမ်းကခန့်မှန်းထားပါသည်။ အများစုသည် မွန်ပြည်သစ်ပါတီ၏ ဤပစ်အခတ်ရပ်စဲရေးနယ်မြေများတွင် ခိုလှုံနေထိုင်ကြပါသည်။

[46] Karen Human Rights Group, 29 July 2008, "Update on KNU/KNLA-PC", News Bulletin #2008-B6

မွန်ဒေသများ


TBBC
သံဖြူဇရပ်
မွန်ပြည်နယ်
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
NMSP
NMSP
NMSP
ရေး
ဘုရားသုံးဆူတောင်ကြား
အန်ဒမန်ပင်လယ်
ရာဗူး
ဒုနဘရီတိုင်း
ရေဖြူ
အိုအိမ်ခွန်နွာပြောရသည့်အမြေစွဲများ
ရွှေပြောင်းရေစခန်း
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
ပြည်တွင်းဒုက္ခသည်စခန်း
ဒုက္ခသည်စခန်း
ကားလမ်း
မြစ်
ပုန်းအောင်းနေထိုင်ရာဒေသ
အပစ်အခတ်ရပ်စဲဒေသ
ပြည်နယ်နှင့်တိုင်းနယ်နမိတ်
အစိုးရပို့ဖြိုးရေးစီမံကိန်းများ
ရေကာတာစီမံကိန်း
ဓိုက်ပျိုးရေးစီမံကိန်း
ကားလမ်းဖေါက်လုပ်ရေးလုပ်ငန်း
သဘာဝဓါတ်ငွေ့ပိုက်လိုင်း
ရေမျက်နှာပြင်အမြင့်
မီတာ ၅၀၀ အောက်
မီတာ ၅၀၀ – ၁၄၀၀ အကြား
မီတာ ၁၄၀၀ – ၂၅၀၀ အကြား
0
20
40
ကီလိုမီတာ

ရေးမြို့နယ်တောင်ပိုင်းမှ ကျေးရွာသားများသည် မွန်ခွဲထွက်အုပ်စုက အကူအညီတောင်းခြင်းနှင့် သူပုန်ထောက်ခံအားပေးသူများအဖြစ် စွပ်စွဲခံရသူများကို မြန်မာစစ်တပ်က လက်တုံ့ပြန်ခြင်းတို့အကြားတွင် ကျရောက်နေပါသည်။ ၂၀၀၈ ခုနှစ်၊ ဇွန်လအတွင်း တိုက်ပွဲတပွဲဖြစ်အပြီးတွင် ခွဲထွက်အုပ်စုအပေါ် ၃ လ စစ်ဆင်ရေးလုပ်ခဲ့သည်။ ပွဲဦးထွက်တွင် ကျေးရွာကော်မတီ ၃ ဦးကို စစ်ကြောမေးမြန်းကာ ညှဉ်းပန်းနှိပ်စက်ခဲ့ပြီး၊ မိသားစုများက သင့်တော်သောလာဘ်ငွေမပေးမချင်း လွှတ်မပေးခဲ့ချေ။ အလားတူဒဏ်ခတ်မှုမျိုးနှင့် လက်ရှိလုပ်နေသော သွားလာမှုကန့်သတ်ချုပ်ချယ်မှုများကို ကြောက်ကြသဖြင့်၊ ပြီးခဲ့သောနှစ်အတွင်းမှာ လူပေါင်းရာနှင့်ချီ၍ အနီးအနားကျေးရွာများသို့လည်းကောင်း၊ မွန်ပြည်သစ်ပါတီ၏ အပစ်အခတ်ရပ်စဲရေးနယ်မြေများသို့လည်းကောင်း၊ ထွက်ပြေးသွားခဲ့ကြသည်။

ရေဖြူမြို့နယ်မြောက်ပိုင်း၌ ရွာသားများကို နယ်မြေအရံတပ်ထဲသို့ အလှည့်ကျဝင်ခိုင်းခဲ့သည်။ ဤအချက်သည် မွန်ခွဲထွက်အုပ်စုနှင့် မွန်ရွာသားများကို ရန်တိုက်ပေးခြင်းဖြစ်ကြောင်းသိသာပါသည်။ ဤသို့အတင်းအကျပ်လုပ်ခိုင်းခြင်းအတွက် အခကြေးငွေမပေးသည့်အပြင် စစ်မှုထမ်းပေးရသူများကပင် ကုန်ကျစားရိတ်မှန်သမျှကိုကျခံရပုံပေါ်ပါသည်။

မွန်နယ်မြေများမှာ စစ်တပ်များတိုး၍ချထားရာ၊ (နအဖ) တပ်များက ၎င်းတို့၏စစ်တပ်စခန်းများ ပတ်ဝန်းကျင်ရှိ မြေယာများကိုသိမ်းယူခဲ့ကြသဖြင့် မွန်ရွာသားအများအပြား မြေမဲ့ယာမဲ့ ဖြစ်ကုန်ကြသည်။ ၂၀၀၇ ခုနှစ်က၊ မုဒုံ နှင့် သံဖြူဇရပ်မြို့နယ်များ၌ ရာဘာခြံများအသိမ်းခံရသော ခြံပိုင်ရှင်များကို ၂၀၀၈ ခုနှစ်တွင် ၎င်းတို့၏ခြံများတွင် ရာဘာစေးခြစ်ခွင့်ပြုခဲ့သည်။ သို့ရာတွင် ထွက်ရှိသောရာဘာအတွက် အခွန်ပေးကြရပြီး၊ ၎င်းတို့မှာမြေပိုင်ဆိုင်ခွင့်မရှိတော့ကြောင်း နယ်မြေဆိုင်ရာ မြန်မာစစ်တပ်က ၎င်းတို့ကိုပြောဆိုခဲ့သည်။

နာဂစ်မုန်တိုင်းသည် ကမ်းခြေဒေသများဖြစ်သော သထုံ၊ ချောင်းဆုံ (ဘီလူးကျွန်း)၊ မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ် တို့ကို ဖြတ်သန်းတိုက်ခတ်ခဲ့သည်။ သို့ရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာလောက် အပျက်အစီး ပြင်းထန်မှုမရှိခဲ့ချေ။ မွန်ပြည်နယ်၌ ရေးမြို့နယ်ရှိတံငါရွာများသည် မုန်တိုင်းဒဏ် အခံရဆုံးဖြစ်ပြီး၊ ရွာ ၄ ရွာတွင် အိမ်ပေါင်း ၁၅၀ ကျော် ပျက်စီးခဲ့သည်။

မွန်ပြည်နယ်တဝှမ်းလုံးတွင် အာဏာပိုင်များက ရွာသားအားလုံးလိုလိုအား အိမ်အနီးအနားမှာရော၊ ရွာအပြင်ရှိ သတ်မှတ်ထားသောစိုက်ခင်းများမှာပါ ကြက်ဆူပင်များကိုအတင်းအကျပ်စိုက်ခိုင်းခဲ့သည်။ အများအားဖြင့် ရွာသားများသည် နယ်မြေအာဏာပိုင်များထံမှ အပင်ပေါက်များကို မဝယ်မနေရ ဝယ်ကြရပြီး၊ မိမိတို့ကိုယ်ပိုင်မြေကွက်များမှာ စိုက်ပျိုးကြရသည်။ သို့သော် ထွက်ရှိသောသီးနှံကို (နအဖ) က ပြန်ယူမည်ဖြစ်ပြီး ရွာသားများပိုင်ဆိုင်မည်မဟုတ်ချေ။

ကန်ပေါက်–မြိုင်ကလေး ပြည်တွင်းဓါတ်ငွေ့ပိုက်လိုင်းသည် မုဒုံ၊ သံဖြူဇရပ်နှင့် ကျိုက်မရော မြို့နယ်များကို ဖြတ်သွားသည်။ ဖျက်ဆီးခံရမည်စိုးသဖြင့် မြန်မာအာဏာပိုင်များသည် အမျိုးသမီးနှင့် ကလေးများအပါအဝင် ရွာသားများအား ပိုက်လိုင်းကိုအလှည့်ကျ မစောင့်မနေရစောင့်ခိုင်းသည်။ ဤအတွက် မိတာ ၅၀၀ မှာ ကင်းတဲ တတဲကျစီဆောက်ရန် အမိန့်ပေးခဲ့သည်။

၃။ ၆။ တနင်္သာရီတိုင်း

“ကျနော်တို့က ဗမာစစ်တပ်နားမှာနေရပြီး၊ သူတို့စောင့်ကြည့်တာကို ခံနေရပါတယ်။ သူတို့က ဟိုနေရာ မသွားနဲ့လို့ပြောရင် ဒီနေရာမှာဘဲနေရပါတယ်။ သူတို့က ခရီးသွားလက်မှတ် ဆောင်ထားလို့ပြောရင် ကျနော်တို့က သူတို့ကို လုပ်ခိုင်းရပါတယ်။ သူတို့အတွက်အလုပ်လုပ်ခိုင်းရင် လုပ်ပေးရပါတယ်။”
*(ကရင်အမျိုးသားတဦး၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာကော်မတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု **(Focus group)** ၏တွေ့ဆုံမေးမြန်းချက်မှ၊ တနင်္သာရီမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)*

ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်က တနင်္သာရီတိုင်းကိုအုပ်ချုပ်ပါသည်။ တိုင်း၏ဥက္ကဋ္ဌသည်လည်း စစ်ဌာနချုပ်တိုင်းမှူးပင်ဖြစ်သည်။ သို့ရာတွင် စစ်အုပ်ချုပ်ရေးကြောင့် ၂၀၀၈ ခုနှစ်တွင် တနင်္သာရီတိုင်း၌ လူပေါင်း (၆၅,၀၀၀) မျှ အိုးအိမ်အခြေပျက်ခဲ့ကြရသည်။ ဤလူဦးရေအနက် ရောမအများစုသည် အစိုးရထိန်းချုပ်သော စုစည်းကျေးရွာများ၌ နေထိုင်နေကြသည်။ ဤစခန်းများက ၁၉၉၇ ခုနှစ်တွင် ကရင်နယ်မြေများထဲသို့ မြန်မာစစ်တပ်ထိုးစစ်ဆင်ပြီးနောက်ပိုင်း နိုင်ငံရေးအခြေအနေကို ပြသနေပါသည်။

သူတို့နှင့် လက်တကမ်းမှာရှိနေသောကြောင့် (နအဖ) သည် စုစည်းကျေးရွာများရှိ ကျေးရွာသားများအပေါ် ကြိုက်သလိုလူ့အခွင့်အရေးချိုးဖောက်နေပါသည်။ အထူးသဖြင့် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းပင်ဖြစ်သည်။ တနင်္သာရီမြစ်ကမ်းတလျှောက် တနင်္သာရီမြို့နယ်ရှိအခြားနေရာများနှင့် ထားဝယ်မြို့နယ်တို့တွင် ရွာသူရွာသားများကို စစ်တန်းလျားနှင့် စစ်တပ်အဆောက်အဦများဆောက်လုပ်ခြင်း၊ပြုပြင်ခြင်းတို့ကို အတင်းအဓမ္မလုပ်ခိုင်းသည့်အပြင်၊ ရေတန်းတပ်များအတွက်လည်း ရိက္ခာနှင့် အခြားပစ္စည်းများကို မပေးမနေရပေးစေပါသည်။ ခြောက်သွေ့ရာသီတိုင်းမှာ ရွာသားများကိုဆင့်ခေါ်ကာ ရေတန်းစခန်းများအတွက် ပစ္စည်းများကိုသယ်ခိုင်းသည်။ ၂၀၀၇ ခုနှစ်က ပလောမြို့နယ်အာဏာပိုင်များသည် ပုလောကုန်းတံတားနှင့် တူးမြောင်းဆောက်လုပ်ရန်အတွက် ပုလောကုန်းကျေးရွာအုပ်စုရှိ ရွာသားထောင်ပေါင်းများစွာကို ဆင့်ခေါ်ခဲ့သည်။

လယ်ယာလုပ်ငန်းခွင်နှင့် စျေးကွက်များထဲသို့သွားလာမှုအပေါ် တင်းတင်းကြပ်ကြပ် ချုပ်ချယ်ကန့်သတ်ထားမှုများကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်အခွင့်အလမ်းများ မရှိသလောက်ဖြစ်နေကာ၊ ကုန်စျေးနှုန်းများလည်း ကြီးမြင့်နေသည်။ စစ်အစိုးရ၏ လွှဲမှားသောစီးပွားရေးစီမံအုပ်ချုပ်မှုကြောင့်လည်း နေရာအနှံ့မှာ ဆင်းရဲမွဲတေမှုများဖြစ်ပွားနေသည်။ စုစည်းကျေးရွာများမှ ရွာသားထောင်ပေါင်းများစွာတို့သည် လွန်ခဲ့သော ၂ နှစ်အတွင်းမှာ အလုပ်ရှာရန် ထိုင်းနိုင်ငံထဲသို့ ဝင်သွားခဲ့ကြသည်။

ကဆဲဒိုးတောင် **(Mount Kaserdoh)** ပတ်ဝန်းကျင်ရှိ ပုန်းအောင်းရာနေရာများ (ရွာပုန်းများ) မှ ပြည်တွင်းဒုက္ခသည်များအပေါ် (နအဖ) က အဆက်မပြတ်ရမ်းကားနေမှုကြောင့် ရွာသားများ၏ ရှင်သန်ရပ်တည်ရေးမဟာဗျူဟာများ မထိရောက်တော့သည့်အဖြစ်သို့ ရောက်စပြုလာခဲ့ပါသည်။ ပြီးခဲ့သောနှစ်အတွင်း၌ ဤနယ်မြေများမှာ လှည့်လည်နေသောစစ်ကြောင်းများက နောက်ထပ်

ပုန်းအောင်းရာနေရာ ၆ ခုကိုရှာတွေ့သွားပြီး မီးတိုက်ပစ်ခဲ့သည်။ ဤသို့အရပ်သားများအပေါ် တမင်ရည်ရွယ်တိုက်ခိုင်မှုများကြောင့် အရပ်သား ရာပေါင်းများစွာတို့သည် ထိုင်းနိုင်ငံသို့ထွက်ပြေးခြင်း သို့မဟုတ် စုစည်းကျေးရွာများသို့ ဝင်ရောက်နေထိုင်ခြင်းပြုကြသည်။ သို့ဖြစ်ရာ ပုန်းအောင်းရာ နေရာများရှိ ပြည်တွင်းဒုက္ခသည်ဦးရေအနည်းငယ် ကျဆင်းသွားခဲ့သည်။

အနီးအနားပတ်ဝန်းကျင်မှာ လူပ်ရှားမှုရှိပါက မြန်မာစစ်တပ်သည် ပုန်းအောင်းရာနေရာများနှင့် နှစ်ဖက်စလုံးအုပ်ချုပ်ရေးသက်ရောက်သောနယ်မြေများမှာပင်လျှင် ရွာသားများကို ဒဏ်ခတ်တတ်သည်။ ပြီးခဲ့သောနှစ်အတွင်း၌ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က ပုလောမြို့နယ်ရှိ ရှေ့တန်းကင်းစခန်းတခုကို ခြိုခိုတိုက်ခိုက်အပြီးတွင် မြန်မာစစ်တပ်က ရာဖူးစုစည်းကျေးရွာမှ ရွာသားများကို လက်တုံ့ပြန်ခဲ့သည်။ ရွာသားများကို သူပုန်ထောက်ခံအားပေးသူများဟု စွပ်စွဲကာ မိသားစုများနှင့်မိတ်ဆွေများက လွှတ်ပေးရေးအတွက်ပြန်ပေးငွေ ကျပ် (၂၀၀,၀၀၀) မပေးမချင်း ညှဉ်းပန်းနှိပ်စက်ခြင်း၊ ချုပ်နှောင်ခြင်းပြုခဲ့သည်။

မြေသိမ်းခြင်းသည် ပြီးခဲ့သောနှစ်အတွင်း မြိတ်နှင့် ကျွန်းစုမြို့နယ်တို့တွင် မြန်မာစစ်တပ်က သိမ်းသောမြေဧက ထောင်ပေါင်းများစွာနှင့် ပတ်သက်သည့် ပြဿနာကြီးတခုဖြစ်သည်။ ဤမြေများကို မြန်မာစစ်တပ်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ ဆီထွက်အုန်းနှင့် ရာဘာစိုက်ခင်းစိုက်ပျိုးရေး ဖက်စပ်လုပ်ငန်းများအတွက် သိမ်းယူခြင်းဖြစ်သည်။ ထို့ပြင် ၂၀၀၈ ခုနှစ်အတွင်း၌ (နအဖ) သည် ကျေးရွာတိုင်းအား ငရုတ်ကောင်း၊ ရာဘာနှင့် ကြက်ဆူပင်များ စိုက်ခိုင်းခဲ့သည်။

ကျေးရွာသားများသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်သော ဆန္ဒခံယူပွဲတွင် ရွေးချယ်ခွင့်ပင် မရှိခဲ့ချေ။ နယ်မြေတပ်မှူးများက ကျေးရွာလူကြီးများအား လူတိုင်းထောက်ခံမဲပေးစေရမည်ဟု အမိန့်ထုတ်ခဲ့သည်။ အချို့ရွာများ၌ ရွာသားများကိုယ်စားရွာလူကြီးများက မဲပေးရမည်ဟု အမိန့်ပေးခဲ့သည်။ သို့ဖြစ်ရာ အချို့သော ရွာသားများသည် မဲပြားကိုပင် မမြင်လိုက်ရချေ။ အချို့ကမူ နယ်မြေတပ်မှူး၏ဆန္ဒကို မဆန့်ကျင်ဝံ့ကြချေ။

တနင်္သာရီတိုင်း


ရေဖြူ
ထားဝယ်
လောင်းလုံ
သရက်ချောင်း
ထိုင်းနိုင်ငံ
အန်ဒမန်ပင်လယ်
ပလော
0 25 50
ကီလိုမီတာ
မြိတ်
တနင်္သာရီ
မောတောင်
ဘုတ်ပြင်း
ကော့သောင်
TBBC
အိုးအိမ်စွန့်ခွာပြေးရသည့်အခြေမဲ့ရွာများ
ရွှေ့ပြောင်းရေးစခန်း
တိုင်းစစ်ဌာနချုပ်
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
ဒုက္ခသည်စခန်း
ပြည်တွင်းဒုက္ခသည်စခန်း
ကားလမ်း
မြစ်
ပုန်းအောင်းနေထိုင်ရာဒေသ
အစိုးရဖွဲ့ဖြိုးရေးစီမံကိန်းများ
ဝိုက်ပျိုးရေးစီမံကိန်း
ကားလမ်းဖေါက်လုပ်ရေးလုပ်ငန်း
ရေမျက်နှာပြင်အမြင့်
မီတာ ၅၀၀ အောက်
မီတာ ၅၀၀ – ၁၄၀၀ အကြား
မီတာ ၁၄၀၀ – ၂၅၀၀ အကြား

ဘောလုံးစစ်ပွဲကြီးတစ်ခုကဲ့သို့ ဒေသခံများအတွက် ကြီးမားသော ဝမ်းသာအားရဖြစ်ရပ်တစ်ခု (CIDKP ၊ ၂၀၁၇ခုနှစ်)

အခန်း ၄

လူသားဆန့်ကျင်ရေး ရာဇဝတ်မှုများ

“ကျမတို့ အသံတချက်မထွက်ရဲဘူး။ ခွေးတကောင်ကောင်ကဟောင်လိုက်လို့ ဒါမှမဟုတ် ကြက်တကောင်ကောင်ကတွန်လိုက်လို့ရှိရင် ကျမတို့ပုန်းနေတဲ့နေရာဆီကို ဗမာစစ်တပ်မော်တာနဲ့ ပစ်လိုက်မှာစိုးတယ်။”

(ကရင်အမျိုးသမီးတဦး၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ၊ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏တွေ့ဆုံမေးမြန်းချက်မှ၊ ဖာပွန်မြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

၄။ ၁။ အရပ်သားများအပေါ် အနှံ့အပြားနှင့် စနစ်တကျတိုက်ခိုက်မှုများ

"ဤအကြမ်းဖက်မှုများအနက်အချို့သည် နှစ်ပေါင်းများစွာကတည်းက ဖြစ်ပွားနေခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အကြမ်းဖက်မှုများသည် (နဝတ) က အစိုးရအဖြစ် အာဏာသိမ်းယူခဲ့သော ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ ၄ နှစ်တာကာလအတွင်းမှာ ဆက်လက်ဖြစ်ပွားနေခဲ့သည်သာမက၊ တိုးမြင့်ပင်လာခဲ့ချေသေးသည်။"[47]

"ပြီးခဲ့သောနှစ်များအတွင်း၌ ဤအကြမ်းဖက်မှုများသည် အလွန်များပြားပြီး၊ မှန်တမ်းဖြစ်ပွား နေခြင်း ကိုထောက်လျှင်၊ အလယ်တန်းအဆင့် သို့မဟုတ် အောက်ဆင့်အရာရှိများ၏ ပင်ကိုယ်အပြုအမူဖြင့် တသီးတခြားစီ ကျူးလွန်မှုများသက်သက်မဟုတ်ဘဲ၊ နိုင်ငံရေးအရရော၊ တရားဥပဒေရေးအရပါ တာဝန်ရှိသောထိပ်ဆုံးအဆင့်၏ ပေါ်လစီကြောင့် ဖြစ်ပွားနေခြင်းဖြစ်သည်ဟု ယူဆရဖွယ်ရှိသည်။"[48]

"ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်များသည် အနှံ့အပြားနှင့် စနစ်တကျဖြစ်ပွားနေခြင်းဖြစ်ရာ ၎င်းတို့သည် အလယ်တန်းအဆင့် သို့မဟုတ် အောက်ဆင့်အရာရှိများ၏ ပင်ကိုယ်အရ လွဲမှားသော အပြုအမူကြောင့် တသီးတခြားစီဖြစ်ပွားနေခြင်းသက်သက်မဟုတ်ဘဲ၊ တဦးချင်းနှင့် အုပ်စုများကို အရေးယူခြင်းမပြုဘဲ၊ တရား ဥပဒေနှင့် လူ့အခွင့်အရေးချိုးဖောက်ခွင့်ပေးထားသော စနစ်တရပ်၏ အကျိုးဆက်ဖြစ်သည်။"[49]

ဒီမိုကရေစီရေးအတွက် ကန့်ကွက်ဆန္ဒပြသူများကို မြန်မာစစ်အစိုးရက ပစ်ခတ်နှိမ်နင်းပြီးနောက်ပိုင်း၊ အနှစ် ၂၀ အကြာ၌ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများသည် ယခင်ကထက်ပင် ပို၍အနှံ့အပြားဖြစ်ပွားလာခဲ့သည်သာမက၊ ပို၍လည်း စနစ်ကျလာခဲ့သည်။ ဤအစီရင်ခံစာသည် လူသားဆန့်ကျင်ရေးရာဇဝတ်မှုများအတွက် ဥပဒေရေးရာ အခြေခံလုပ်ငန်းစဉ်းမျဉ်းများနှင့်အညီ ၂၀၀၈ ခုနှစ်အတွင်း မတော်မတရားမှုများအကြောင်း သတင်း ပေးပို့ချက်များကို ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။ [50] ဤအစီရင်ခံစာမှာကိုးကားဖော်ပြထားသော အထောက်အထားများသည် မြန်မာနိုင်ငံအရှေ့ပိုင်းမှာ ကျူးလွန်နေသည့် အကြမ်းဖက်မှုများသည် လူသားဆန့်ကျင်ရေးရာဇဝတ်မှုမြောက်လုမြောက်ခင်ဖြစ်နေသည် [51] ဟူသော နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မကြာသေးမီကအကဲဖြတ်ချက်ကို အားဖြည့်ပေးသည့်သဘော သက်ရောက်ပါသည်။

---

[47] Yozo Yokota, 1993, "Report on the Situation of Human Rights in Myanmar", prepared by the Special Rapporteur of the Commission on Human Rights, E/CN.4/1993/37, p 229

[48] Rajsoomer Lallah, 1998, "Interim Report on the Situation of Human rights in Myanmar", prepared by the Special Rapporteur of the Commission on Human Rights, UN General Assembly, A/53/364, p 59

[49] Paulo Sergio Pinheiro, 2008, "Report of the Special Rapporteur on the Situation of human rights in Myanmar", A/HRC/7/18, p59, http://ap.ohchr.org/documents/dpage_e.aspx?m=89

[50] Guy Horton, April 2005, "Dying Alive: A Legal Assessment of Human Rights Violations in Burma", Images Asia, Thailand, http://www.ibiblio.org/obl/docs3/Horton-2005.pdf

[51] Amnesty International, 5 June 2008, Crimes Against Humanity in Eastern Burma, ASA 16/011/2008, http://www.amnesty.org/en/library/info/ASA16/011/2008/en

ပြဿနာဖြစ်နေသော အခြားနိုင်ငံတကာရာဇဝတ်မှုများ တရားစွဲဆိုတင်ပို့ရေးကိစ္စကို လေ့လာရန် လည်း လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ စစ်ရာဇဝတ်မှုများတွင် ဤအစီရင်ခံစာပါ အကြမ်းဖက်မှု အမျိုးမျိုးနှင့် အကြီးအကျယ်ပစ္စည်းဖျက်ဆီးမှုများ၊ သိမ်းယူမှုများအပါအဝင် ဂျီနီဗာ သဘောတူညီ ချက်များကို အကြီးအကျယ်ချိုးဖောက်မှုများပါဝင်သည်။[၅၂] လူမျိုးတုံးသတ်ဖြတ်မှုသည် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုဖြစ်စေသည်ဟု တွက်ဆထားသော ဘဝအခြေအနေမျိုးကို တမင်ဖြစ်ပေါ်စေ ခြင်းအပါအဝင် လုပ်ရပ်များဖြင့် အမျိုးသားအုပ်စုကိုသော်လည်းကောင်း၊ လူမျိုးစုအုပ်စုကို သော် လည်းကောင်း၊ ဘာသာရေးအုပ်စုကိုသော်လည်းကောင်း တခုလုံး သို့မဟုတ် တစိတ်တပိုင်းကို တမင်ကြံရွယ်ဖျက်ဆီးခြင်းနှင့် စပ်ဆိုင်ပါသည်။ [၅၃]သို့ရာတွင် ဤစစ်တမ်းသည် လူသားဆန့်ကျင်ရေး ရာဇဝတ်မှုကျူးလွန်မှုများကိုသာအလေးတင်ဖော်ပြထားပါသည်။ အကြောင်းမှာ၊ စစ်ရာဇဝတ်မှုများ သည် တသီးတခြားစီကျူးလွန်သော ပြစ်မှုများအဖြစ်ယူဆနိုင်သော ပြစ်မှုများဖြစ်ပြီး၊ တမင်ကြံရွယ်၍ လူမျိုးတုံးသတ်ဖြတ်ခြင်းကမူ နောက်ထပ်သက်သေအထောက်အထားပြစရာလိုသောကြောင့် ဖြစ်ပါ သည်။

အမြင်ကွဲပြားသူတို့ကမူ လူသားဆန့်ကျင်ရေးရာဇဝတ်မှုများအကြောင်းစွဲချက်တင်ခြင်းသည် နိုင်ငံရေးစေ့စပ်ဆွေးနွေးပွဲတိုးတက်ဖြစ်ပေါ်ရေးကို အနှောင့်အယှက်ပေးရုံသာရှိလိမ့်မည်ဟု ဆိုကြသည်။ သို့ရာတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးသည် နိုင်ငံရေးပြဿနာ တည်မြဲသင့်သည် မဟုတ်သည့်နည်းတူပင် လူသားချင်းစာနာမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေး ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံရေးစေ့စပ်ဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် စတေးသင့် သည်မဟုတ်ချေ။ တကယ့်တကယ်၌ "အာဏာပိုင်တို့သည် ဤမတော်မတရားမှုများ အဆုံးသတ် သွားရေးအတွက် အလေးအနက်ဆွေးနွေးမှုများလုပ်မည်မဟုတ်ကြောင်း တွင်တွင်ငြင်းဆန်နေ ခဲ့သည်။" [၅၄] ဒါဖော (Darfur) ဒေသမှာကျူးလွန်ခဲ့သော နိုင်ငံတကာရာဇဝတ်မှုများ အတွက် ဆူဒန် (Sudan) သမတကို ဖမ်းဝရမ်းထုတ်ခြင်းသာဓကအရ တရားစွဲဆိုမည်တကဲကဲခြိမ်းခြောက်မှုသည် သံတမာန်အသိုင်းအဝိုင်း၏ဩဇာအာဏာကို အမှန်တကယ်တိုးစေပြီး၊ ပြစ်မှုကျူးလွန်သူများကို အပြစ်လွှတ်ငြိမ်းခွင့်ပေးနေသော အခြေအနေအဆုံးသတ်ရေးအတွက် အာဏာရစစ်အစိုးရအဖို့ ထည့်သွင်းစဉ်းစားစရာတရပ် ဖြစ်စေပါသည်။ [၅၅]

နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေ၏ အခြေခံမူတရပ်မှာ အရပ်သားများကိုဖြစ်စေ၊ တိုက်ခိုက်ရေးသမားမဟုတ်သောအခြားသူများကိုဖြစ်စေ၊ အရပ်သားပိုင် အိုးအိမ်ပစ္စည်းများကိုဖြစ်စေ တိုက်ခိုက်ရန်ပစ်မှတ်ထားခြင်းကို ဘယ်တော့မှခွင့်မပြုဟူ၍ဖြစ်ပါသည်။ ဤအချက်ကို မြန်မာ စစ်အစိုးရက ၁၉၉၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ဂျီနီဗာသဘောတူညီချက်တွင် ထည့်သွင်း ထားပါသည်။ လူသားဆန့်ကျင်ရေးရာဇဝတ်မှုများ နှင့်စပ်လျဉ်း၍ အရပ်သားများအပေါ်တိုက်ခိုက်ခြင်း

---

[52] Rome Statute of the International Criminal Court, 1998, Article 8, http://www2.ohchr.org/english/law/

[53] Rome Statute of the International Criminal Court, 1998, Article 6, http://www2.ohchr.org/english/law/

[54] International Committee of the Red Cross, 29 June 2007, Press Release, "Myanmar: ICRC denounces major and repeated violations of international humanitarian law"

[55] International Crisis Group, 14 July 2008, Press release, "New ICC Prosecution: Opportunities and Risks for Peace in Sudan", www.crisisgroup.org

ဆိုသည်မှာ စစ်ရေးအရတိုက်ခိုက်ခြင်းကို ရည်ညွှန်းသည်သာမက၊ လူသတ်မှု၊ ကျေးကျွန်ပြုမှု၊ လူများကို အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းတို့အပါအဝင် "ပြစ်မှုမျိုးစုံကျူးလွန်သောလုပ်ရပ်များ"ကိုပါ ရည်ညွှန်းပါသည်။[56] သို့ရာတွင် အရပ်သားများအပေါ် ဦးတည်တိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေကို အကြီးလေးဆုံးနှင့် ပြောင်ပြောင်တင်းတင်း အကျဆုံးချိုးဖောက်ခြင်းဖြစ်သည်။ မြန်မာအစိုးရက ၎င်း၏တာဝန်ဝတ္တရားများကို ဆက်လက်၍လည်း အလေးဂရုမပြုဘဲထားသောအားဖြင့် ၂၀၀၈ ခုနှစ်အတွင်း၊ ကရင်ပြည်နယ်မြောက်ပိုင်းတခွင်တွင် အရပ်သားများအပေါ် စစ်ရေးအရတိုက်ခိုက်နေကြောင်းကို အောက်ပါသတင်းပေးပို့ချက်များက ညွှန်ပြနေပါသည်။

- ၂၀၀၈ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် မိုးရာဒေါ်ပေါ်လေးခိုစခန်း (MooRaDaw PauLayKho camp) မှ မြန်မာစစ်တပ်တိုက်ကင်းများသည် ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ ဂါးယူဒါး (GerYuDer) ကျေးရွာကို မီးတိုက်ပစ်ခဲ့သည်။ အကျိုးဆက်အနေနှင့် အနီးအနား ရှိ ကျေးရွာ ၈ရွာမှ မိသားစု ၂၅၀ ကျော်တို့သည် ကြောက်လန့်ပြီး ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြသည်။[57]
- ၂၀၀၈ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပေါ်ဒေးခို (PawDayKho) မှ မြန် မာ စစ်တပ်တိုက်ကင်းများသည် ထီးမူခီး (HteeMooKhi) နှင့် တေးဘိုပလော (TaeBoPlaw) နယ်မြေရှိ ပုန်းအောင်းရာနေရာများသို့ လက်နက်ကြီး ကျည် ၈ လုံးပစ်ထည့်ခဲ့သည်။ ဤတိုက်ခိုက်မှုများကြောင့် လူပေါင်း (၁,၅၀၀) ခန့်ပါဝင်သော မိသားစု ၂၀၀ ကျော်တို့သည် ၎င်းတို့၏ ယာယီတဲများမှနေ၍ ထွက်ပြေး ခဲ့ကြရသည်။[58] ရွာသားများက မိုးရာသီစပါးစိုက်ပျိုးရေးအတွက် လယ်ယာများကို ကြိုတင်ပြင်ဆင်နေလျက်ရှိခဲ့ကြသော်လည်း တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်တွင် လယ်ယာ များကို ခေတ္တစွန့်ပစ်ထားခဲ့ရသဖြင့် ဤနှစ်အဖို့ စပါးအထွက်အကြီးအကျယ်ထိခိုက် သွားခဲ့သည်။ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ထီးမူခီးစခန်းမှ မြန်မာစစ်တပ် တိုက်ကင်းများက အိမ်စုတစုကို ထပ်မံတိုက်ခိုက်ခဲ့ပြန်သည်။ ရွာသားအားလုံးက ခြေလျင်စစ်သားများရောက်မလာမီမှာ ရှောင်ပြေးနိုင်ခဲ့သော်လည်း လက်နက်ကြီးကျည် ၃ လုံးကို ပုန်းအောင်းရာနေရာသို့ မဆင်မခြင် ပစ်ထည့်ခဲ့သည်။[59]
- "၂၀၀၈ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (၁၀) အောက်မှာ လှုပ်ရှားနေ သော (နအဖ) ၏ ခမရ – ၃၆ သည် မော်သေးဒါ (Maw Thay Der) ပြည်တွင်းဒုက္ခသည်ရွာပုန်းကို တိုက်ခိုက်ကာ ရွာသားများကိုပစ်ခတ်ခဲ့သည်။ ရွာသားတဦး သေဆုံးခဲ့သည်။ သေဆုံးသူသည် အသက် ၂၈ နှစ်အရွယ်ရှိသော စောအဘောသာ ခေါ် ရွာသားဖြစ်သည်။ မော်သေးဒါမှာ နေထိုင်နေကြသော အခြားရွာသားများသည် ထွက်ပြေး လွတ်မြောက်နိုင်ကြသော်လည်း ပစ္စည်းများကိုသယ်မသွားနိုင်ခဲ့ကြချေ။ ခမရ – ၃၆ မှ

[56] Rome Statute of the International Criminal Court, 1998, Article 7.1 and 7.2(a)
[57] Committee for Internally Displaced Karen People, 10 March 2008, email correspondence
[58] Committee for Internally Displaced Karen People, 10 March 2008, email correspondence
[59] Committee for Internally Displaced Karen People, 3 September 2008, email correspondence

စစ်သားများသည် ရွာသားများ၏ ကျန်ရစ်သောပစ္စည်းများကို ခိုးယူကြပြီး၊ သယ်မသွားနိုင်သောပစ္စည်းများကို ဖျက်ဆီးပစ်ခဲ့ကြသည်။”[60]

- “၂၀၀၈ ခုနှစ်၊ မေလ ၁၄ မှ ၁၈ နေ့အထိ၊ (နအဖ) စစ်အစိုးရ၏ ခြေမြန်တပ်ရင်း (၅၀၇) သည် (ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ) စောမူပလော (Saw Muh Plaw) ကျေးရွာအုပ်စုထဲသို့ ဝင်ရောက်ပြီးလျှင်၊ သေးဆာခီး (Theh Hsa Kee)နှင့် သေးခီး (Theh Kee) နယ်မြေတဝိုက်ရှိ ရွာပုန်းများကိုတိုက်ခိုက်ခဲ့သည်။ ၂၀၀၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် စစ်သားများက စောမူပလောကျေးရွာမှ စောဂေါ်ဂေး (Saw Gkaw Ghay) ခေါ် အသက် ၂၇ နှစ်အရွယ်ရှိ ရွာသားတဦးကို ပစ်သတ်ခဲ့သည်။ ထိုအတောအတွင်းမှာပင် ဝါဂလေးဒူး (Wa Gklay Dtoo) မှာ အခြေစိုက်သော (နအဖ) တပ်ဖွဲ့ တဖွဲ့သည်သေးခီးရှိ ပုန်းအောင်းရာနေရာမှ ရွာသားများ တောင်ယာမှာ စပါးထိုးနေစဉ် လက်နက်ကြီးကျည် ၅ လုံး ပစ်ထည့်ခဲ့သည်။ ဤတိုက်ခိုက်မှုတွင် ပျက်စီးသွားသော ပစ္စည်းများမှာ– စောမော်ဒိုးဒဲ (Saw Maw Dtoh Dteh) ပိုင်သော စပါးတင်း ၃၀၊ စောစောသေးဘာ (Saw Saw Thay Ber) ပိုင် သော မျိုးစပါး ၁၀ ပုံးနှင့် ဝါဆဲမိုး (Wah Hseh Moo) ၏ မိခင်ပိုင်သော မျိုးစပါး ၆ ပုံးတို့ဖြစ်သည်။” [61]
- ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် မြန်မာစစ်တပ်၏ ခြေမြန်တပ်ရင်းအမှတ် (၂၄၀)သည် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ၊ တေးမူဒါး (TayMuDer) ကျေးရွာထဲသို့လက်နက်ကြီးကျည်များ ပစ်ထည့်ခဲ့သည်။ မြန်မာစစ်သားများရွာထဲသို့ဝင်လာရာ ရွာသားများက အနီးအနားရှိတောထဲသို့ ဝင်ပြေးကြသည်။ ဘုရားရှိခိုးကျောင်းတကျောင်း ပျက်စီးသွားသည်။ စပါးတင်း ၁၂၀ လှောင်ထားသော တောင်ယာတဲ ၃ လုံး မီးလောင်ပြာကျသွားခဲ့သည်။ ကြိုကြိတ်စက်တလုံးလည်း ပျက်စီးသွားခဲ့သည်။ လူသူစွန့်ခွာထွက်ပြေးသွားသော ရွာထဲမှာတည်နေပြီးနောက်၊ နောက်တနေ့တွင် စစ်သားများသည် ဆက်လက်၍ ကင်းလှည့်ထွက်သွားကြသည်။[62]

၄။ ၂။ ဥပဒေမဲ့ သတ်ဖြတ်မှုများ

နိုင်ငံတော် အရေးပေါ်အခြေအနေ သို့မဟုတ် စစ်ပွဲကာလအတွင်းမှာပင်လျှင် အစိုးရများသည် အသက်ရှင်နေထိုင်ခွင့်ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ဝတ္တရားမှ လျော့ပျော့ခွင့်မပေးချေ။ အရပ်သားလူထုအပေါ် အနှံ့အပြားနှင့် စနစ်တကျတိုက်ခိုက်ခြင်း၏ တစိတ်တပိုင်းအဖြစ် ကျူးလွန်ရာ၌ ဥပဒေမဲ့သတ်ဖြတ်မှုများကို လူသားဆန့်ကျင်ရေးရာဇဝတ်မှုများအဖြစ် သတ်မှတ်ထားသည်။[63] သို့ရာတွင် ရှမ်း၊ ကရင်နီနှင့် ကရင် လူမှုအသိုက်အဝန်းများမှ ၂၀၀၈ ခုနှစ်အတွင်းပေးပို့သော သတင်းများအရဆိုလျှင် မြန်မာစစ်တပ်သည် မြန်မာနိုင်ငံအရှေ့ပိုင်းတခွင်၌ လူသတ်မှုကို ဤလူမှု

[60] Karen Human Rights Group, 1 July 2008, “Attacks, forced labour and restrictions in Toungoo district”, 2008-F7, pp2-3, www.khrg.org
[61] Karen Human Rights Group, 22 August 2008, “Mortar attacks, landmines and the destruction of schools in Papun district”, 2008-F12, p2, www.khrg.org
[62] Committee for Internally Displaced Karen People, 25 June 2008, email correspondence
[63] Rome Statute of the International Criminal Court, 1998, Article 7.1(a)

အသိုက်အဝန်းများထဲမှာ ကြောက်စိတ်ဝင်သွားအောင် အသုံးပြုသောနည်းနာအဖြစ် ဆက်လက် ကျင့်သုံးနေပုံပေါ်ပါသည်။

- "၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် (ခလရ) (၂၈၇) မှ အင်အား ၁၅ ယောက်ခန့် ရှိသော (နအဖ) တိုက်ကင်းတကင်းသည် ကျေးသီးမြို့နယ်၊ မန်းနောင်း (Murng Nawng) ကျေးရွာအုပ်စုရှိ၊ မန်းလမ်း (Mung Lerm) ကျေးရွာသို့ရောက်လာပြီးလျှင် အားလုံး အသက် ၄၀ ခန့်ရှိသော ရွာသားယောကျ်ား ၃ဦးကို ရွာအရှေ့သက်သို့ ဖမ်းဆီးခေါ်ထုတ် သွားခဲ့သည်။ ရွာမှ ၃–၄ မိတာ အကွာသို့အရောက်တွင် (နအဖ)စစ်သားများက ရွာသား ၃ ဦးကို နယ်မြေတွင်းရှိ ရှမ်းစစ်သားများအကြောင်း မေးမြန်းစစ်ကြောခဲ့သည်။ စစ်သားများက ၎င်းတို့သည်သူတို့ရွာအနီးအနားရှိ နယ်မြေကို ရှမ်းစစ်သားများ မကြာခဏ ဖြတ်သွားလေ့ရှိသည်ဟု ကြားရကြောင်း ပြောပြီးလျှင်၊ မကြာသေးမီက ရှမ်းစစ်သားများကို မြင်တွေ့ခဲ့သလားဟု ရွာသားများကို မေးသည်။ နောက်ဆုံး၌ စစ်သားများက ဒေါသ ထွက်ကာ ရွာသားတဦးကို ပစ်သတ်လိုက်ပြီးနောက် ကျန်ရွာသား ၂ ဦးကို ပြန်လွှတ် ပေးလိုက်သည်။ ... စစ်အာဏာပိုင်များက ဤကိစ္စကို စုံစမ်းစစ်ဆေးပေးပါမည်၊ ပြစ်မှုကျူးလွန်သူ များကိုလည်း ချက်ချင်းအရေးယူပေးပါမည်ဟု ပြောခဲ့သော်လည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း၊ ဤသတင်းပေးပို့ချက်ကို ရရှိသည့်အချိန်အထိ မည်သို့မျှ အရေးယူခြင်း မရှိခဲ့ချေ။"[၆၄]
- "ဇူလိုင်လ ၉ ရက်နေ့တွင် ရှားတောမြို့နယ်ရှိ ကရင်နီတပ်စခန်းသို့ရောက်လာခဲ့သော ရှမ်းပြည်နယ် တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ ကိုဆန်း (Koson) ကျေးရွာအုပ်စု၊ ဆိုရာဖဲခူ (Hgorapheku) ကျေးရွာမှ ရွာသားတဦးက မြန်မာနယ်မြေအာဏာပိုင်များ၏ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွင် သူတဦးတည်းသာရှင်ကျန်ခဲ့ကြောင်း သတင်းပေးခဲ့သည်။ ... မြန်မာအစိုးရ၏ မြို့နယ် ဥက္ကဋ္ဌ ညားရယ် (Nyar Reh) နှင့် ပြည်ထောင်စု ကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ နိုရယ် (Noe Reh) တို့က ရှားရယ် (Shar Reh) ၏မိသားစုသည် ဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုလုပ်သည်ဟု သံသယရှိသဖြင့် မိသားစုဝင်အားလုံးကို သတ်ဖြတ်ခဲ့သည်ဟု ရှားရယ်ကဆိုပါသည်။ (နအဖ) ၏ အခြေခံဥပဒေမူကြမ်းကို ကန့်ကွက်မဲပေးရန် လှုံ့ဆော်သော လက်ကမ်းစာစောင်တစောင် ကို မိမိတို့၏ အိမ်အပြင်တွင်တွေ့သွားသောကြောင့် မိမိတို့ခေါင်းပေါ်သို့တာဝန်ပုံချ ခြင်းခံရကြောင်း ရှားရယ်ကရှင်းပြခဲ့သည်။ ရှားရယ်သည်အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှ သီသီလေးလွတ်မြောက်သွားခဲ့ပြီး၊ သူ၏မုဆိုးမမိခင် ပရေးမြာ (Pray Myar)၊ အစ်ကိုများဖြစ်ကြသော ဖဲဘူး (Phebu) ၊ အူးရယ် (Oo Reh)၊ ရီးရယ် (Ree Reh)၊ သိုးရယ် (Thoe Reh)၊ တော်ရယ် (Taw Reh) နှင့် သူ၏ညီမ မဲမြာ (Mei Myar) တို့ အသတ်ခံခဲ့ရသည်။ ထို့နောက် သူ့မိသားစုဝင်များ၏အလောင်းများကို ရွာအနီးရှိ ကျောက်ဂူနက်နက်ကြီးတခုထဲသို့ ပစ်ချခဲ့ကြသည်။"[၆၅]
- ၂၀၀၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ခြေမြန်တပ်ရင်း (၅၄၇) မှ ရန်နောင်ဦးစီးသော (နအဖ) စစ်သားများနှင့် DKBA တပ်ရင်း (၉၀၇) မှ ဆာမူဆေး (HsaMusay) ဦးစီးသော

[64] Shan Human Rights Foundation, April 2008, Monthly Report, "Lahu Villagers beaten up, shot dead, in Kae-See", http://www.shanland.org/articles/humanrights/monthlyreport/
[65] Karenni Information Centre, 10 July 2008, "Seven family members killed by Burmese officials", www.karennihomeland.org

စစ်သားများက ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ ကေတိုးတာ (K' Toe Ta) ကျေးရွာမှ အမျိုးသမီးတဦးကိုဖမ်းဆီးနှိပ်စက်၊သတ်ဖြတ်ခဲ့သည်။ သေဆုံးသူအမျိုးသမီး၏ အမည်မှာ နော်မငြိမ်းဖြစ်ပြီး အသက်မှာ ၄၂ နှစ် ဖြစ်သည်။[66]

- "၂၀၀၈ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နံက်ခင်းတွင် မိုးနဲ (Murng-Nai) အခြေစိုက်၊ ခြေလျင်တပ်ရင်းအမှတ် (၂၄၈) မှ အင်အား ၅၀ ခန့်ပါသော (နအဖ) စစ်သားများသည် လဲချားမြို့နယ်၊ ဟအိုင်းဆင်း (Haai Seng) ကျေးရွာအုပ်စုရှိ၊ နောင်ဖုက် (Nawng Phurk) ကျေးရွာသို့ရောက်လာပြီး ရွာကိုဝိုင်းထားလိုက်ကြသည်။ ... ရွာသားများအား အတင်းအကျပ်စစ်ပစ္စည်းများသယ်ခိုင်းပြီး၊ တိုက်ကင်းနှင့်အတူလိုက်စေသည်။ ညနေရောက်၍ (နအဖ) တပ်များ ညအိပ်ရပ်နားသော နမ့်ဆန်မြို့နယ်၊ နောင်ဟီး (Nawng Hee) ကျေးရွာအုပ်စု၊ နမ်ဝိုး (Nam Wo) ကျေးရွာသို့ရောက်သည်အထိ ပစ္စည်းထမ်းရာ၌ ပခုံးပေါ်တင်ထားရသော ထမ်းပိုးမှာ လက်များကိုချည်တုပ်ထားသည်။ အထမ်းသမား ၃ ဦးနှင့် (နအဖ) စစ်သားအချို့ကို ကျေးရွာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း အောက်ထပ်တွင် ညအိပ်ရန် နေရာချထားခဲ့သည်။ နောက်တနေ့ နံနက်စောစော ၄ နာရီခန့်တွင် ဘုန်းကြီးကျောင်း၌ အထမ်းသမားတဦးဖြစ်သူ လန်အော (Lung Aw) ကို (နအဖ) စစ်သားများက ပစ်သတ်လိုက်ကြသည်။ ထွက်ပြေးရန် ကြိုးစားသဖြင့် ပစ်သတ်လိုက်ရသည်ဟု (နအဖ) စစ်တပ်ကပြောခဲ့သည်။ ကျည်က နောက်ကျောမှနေ၍ ရင်ဘတ်ကို ဖောက်သွားကာ လန်အောသည် နေရာမှာပင်ပွဲချင်းပြီးသေဆုံးခဲ့သည်။ (နအဖ) စစ်သားများက အလောင်းကို ဖယ်ရှားပစ်လိုက်ကြသည်။ သို့သော် မည်သည့်နေရာမှာ စွန့်ပစ်ထား (မြုပ်နှံခဲ့) မှန်းမသိရချေ။"[67]
- ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ခြေမြန်တပ်ရင်းအမှတ် (၃၆၂)မှ ဗိုလ်သိန်းထွန်းဦးစီးသော မြန်မာစစ်တပ်စစ်သားများသည် ကရင်ပြည်နယ်၊ သံတောင်မြို့နယ်၊ မောဖာဒါးကျေးရွာမှ အသက် ၅၀ အရွယ်ရှိသူ စောတကော့ကော် (Saw TaKawhKaw) ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် သူ့ကိုသတ်ပစ်လိုက်ကြသည်။ သူ့အလောင်းကို ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် နယ်ခံရွာသားများက တွေ့ရှိခဲ့သည်။ စောတကော့ကော်ကို မည်သည့်အကြောင်းကြောင့် ဖမ်းဆီး၊ သတ်ဖြတ်သည်ကို မည်သည့် ရွာသားတဦးတယောက်မျှ မသိရှိရချေ။[68]

၄။ ၃။ ကျေးကျွန်ပြုမှု

ကျွန်ပြုမှုမှလွတ်မြောက်ရေးသည် အခြေခံကျသော လူ့အခွင့်အရေးတရပ်ဖြစ်ပြီးလျှင်၊ အတင်းအဓမ္မလုပ်အားစေခိုင်းမှုသည် ခေတ်သစ်ကျွန်ပြုမှုသဏ္ဌာန်တမျိုးဖြစ်သည်။ မြန်မာအစိုးရသည် အတင်းအဓမ္မလုပ်အားစေခိုင်းမှုဆိုင်ရာသဘောတူညီချက်ကို ၁၉၅၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည်။[69]

---

[66] Karen Office of Relief and Development, 27 May 2008, private correspondence
[67] Shan Human Rights Foundation, September 2008, Monthly Report, "Civilian porters shot dead, accused of being Shan soldiers and imprisoned, in Lai-kha",
[68] Committee for Internally Displaced Karen People, 3 September 2008, email correspondence
[69] International Labour Organisation, 1930, "Forced Labour Convention (No. 29)", Art.1, http://www2.ohchr.org/english/law/

သို့ရာတွင် မြန်မာစစ်အစိုးရ၏ အရပ်သားများအပေါ် အတင်းအဓမ္မလုပ်အားစေခိုင်းမှုသည် အနှံ့အပြား ဖြစ်ပွားနေသည်ဟူသောအချက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) က အသိအမှတ်ပြုခဲ့သည်။[70] "အတင်းအဓမ္မလုပ်အားစေခိုင်းမှုကို ထောက်ခံအားပေးခြင်းသို့မဟုတ် စတင်သွတ်သွင်းခြင်း သို့မဟုတ် လက်သင့်ခံခြင်း သို့မဟုတ် သည်းခံနေခြင်း ပြုသော အစိုးရ တရပ်သည်... နိုင်ငံတကာရာဇဝတ်မှုတရပ်ကို ကျူးလွန်သော အပြစ်ရှိသည်။ အကယ်၍ အနှံ့အပြားနှင့် စနစ်တကျကျူးလွန်ပါက လူသားဆန့်ကျင်ရေးရာဇဝတ်မှုလည်းမြောက်သည်။"[71] ဟုလည်း သုံးသပ် ဖော်ပြထားခဲ့သည်။ မြန်မာစစ်အစိုးရကို (ILO) ၏ ၁၀ နှစ်လုံးလုံး ပြစ်တင်ရှုတ်ချနေမှုနှင့် ၂၀၀၈ ခုနှစ်အတွင်း မြန်မာနိုင်ငံအရှေ့ပိုင်းတခွင်မှ သတင်းပေးပို့ချက်တို့က ကျွန်ုပ်မှုသည် ယခင်ယခင်အတိုင်း ဆိုးဆိုးရွားရွားဖြစ်ပွားနေပုံကို ထင်ဟပ်ဖော်ပြနေပါသည်။[72]

- ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် (နအဖ) ၏စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ် (၁၀) မှ ဗိုလ်မှူးချုပ် ကျော်သင်းမြင့်က တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်ရှိ ဘူးသောပလော (Buthawplaw) စုစည်းကျေးရွာရှိ ရွာသားများအား ထိုင်းနယ်စပ်ရှိ စစ်တပ်စခန်းများအတွက် ရိက္ခာနှင့်ပစ္စည်းများသယ်ပို့ပေးရန် အမိန့်ထုတ်ဆင့်ခဲ့သည်။ ရွာသားများအား ဝေးတုံရေး (WayTonRay) စစ်တပ်စခန်းမှ ဆန်အိတ် ၁၀၀ (တအိတ်လျှင် ကီလို ၅၀ လေးသည်) ကို မဲပြာဖိုးကီး (MaePyaPoeKee) သို့ သယ်ပို့ပေးရမည်ဟု အမိန့်ပေးခဲ့သည်။ ဤမျှဝေးသောခရီးအတိုင်း ဆန်အိတ်တအိတ်ကို သယ်မည်ဆိုလျှင် အနည်းဆုံးရက်သတ္တတပတ်ခန့်ကြာမည်ဖြစ်သည်။ ဆန်အိတ်တအိတ်သယ်ပို့ပေးခြင်းအတွက် ငွေကျပ် (၁, ၀၀၀) (အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ) ပေးမည်ဟု တပ်မှူးက ပြောခဲ့သည်။[73]
- ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၊ ကျိန်းတောင်း (Kaeng Tawng) နယ်မြေအခြေစိုက်၊ အမှတ် (၃) ဒေသ စစ်သင်တန်းကျောင်းမှ (နအဖ) စစ်အာဏာပိုင်များက ကျိန်းတောင်းရှိ လယ်သမားများအား စစ်တပ်အတွက်နွေစပါး ၎က ၆၀ စိုက်ပေးရန် အမိန့်ထုတ်ဆင့်ခဲ့သည်။ လယ်သမား ၁၅ ဦးခန့်၏ တနှစ်ပတ်လုံးရေသွင်းစိုက်ပျိုး၍ရသော လက်ရှိလယ်များကို နွေစပါးစိုက်ပျိုးရေးအတွက် ရွေးချယ်ခဲ့သည်။ ၎က ၆၀ လုံးလုံး စိုက်ပျိုးရန်အသင့်ဖြစ်သွားသည်အထိ၊ နယ်ခံလယ်သမားများ၏ လယ်ထွန် စက်အသေးစားများကို အသုံးပြုကာ နေ့စဉ်လယ်ထွန်ပေးစေခဲ့သည်။ (လယ်ထွန်စက် ၂၄–စက်ပေးရန် ရွာ ၄–ရွာကို အမိန့်ထုတ်ဆင့်ခဲ့သည်။) အဆိုပါရွာ ၄ ရွာမှ လယ်ထွန်ပေးရန် ထွန်စက်မပေးနိုင်သော ရွာသားများအား လယ်ထဲမှာ လယ်စိုက်ခြင်းလုပ်ငန်းပြီးစီးသည်အထိ စပါးစိုက်ရေးအတွက် နေ့စဉ်တာဝန်ယူရန် အမိန့်ပေးခဲ့သည်။ စစ်တပ်၏ နွေစပါးစိုက်ပျိုးရေးသည် အချိန်နောက်ကျမှ စတင်ခဲ့ပြီး၊ အပြီးလည်းနောက်ကျသဖြင့် နွေစပါးစိုက်ပျိုးရေးအတွက် အသုံးပြုခဲ့သော လယ်များ၏ ပိုင်ရှင်လယ်သမားများသည် မိုးရာသီစပါးစိုက်ပျိုးရေးကို လဝက်ကျော်ကျော်

[70] International Labour Organisation, 1998, "Forced labour in Myanmar (Burma), Commission of Inquiry", Official Bulletin, Vol. LXXXI, Series B, special supplement, 1998, para. 528
[71] Ibid, para. 538.
[72] Rome Statute of the International Criminal Court, 1998, Article 7.1(c)
[73] Committee for Internally Displaced Karen People, 14 February 2008, email correspondence

နောက်ကျ၍ စတင်ခဲ့ရကာ လာမည့် နှစ်စပါး အထွက်မှာ ဆိုးဆိုးရွားရွားထိခိုက်လိမ့်မည်ဟု ပြီးဖြူကြသည်။ [74]

- ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့တွင် ဘောကထာ (BawKaHta) မှ မြန်မာစစ်တပ်သည် ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်ရှိ ပဒေကောနှင့် မပိ ကျေးရွာအုပ်စုများမှ ရွာသူရွာသားများအား မရမ်းတောင်နယ်မြေမှာ စစ်စခန်းသစ်တခုဆောက်လုပ်ပေးရန် အမိန့်ပေးဆင့်ဆိုခဲ့သည်။ ပဒေကောကျေးရွာအုပ်စုက ဝါးလုံး ၁,၇၀၀ နှင့် သစ်လုံးတိုင် ၇၀၀ ပေးရပြီး၊ မပိ ကျေးရွာသားများက ဝါးလုံး ၃၀၀ နှင့် သစ်လုံးတိုင် ၂၀၀ ပေးရသည်။ ဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးသည်အထိ နေ့စဉ်အလုပ်လုပ်ပေးရမည်ဟု ရွာသားများကို ဆင့်ဆိုအမိန့်ပေးခဲ့သည်။ [75]
- "တပ်ရင်းမှူး မျိုးမင်းအောင် ဦးစီးတဲ့ ခမရ (၃၄၃) ရွာထဲရောက်လာတော့၊ သူက ကျနော့်ကို ဂဟီးဂျို ရွာကို သွားရမယ်လို့ပြောတယ်။ ကျနော်လိုက်လို့မဖြစ်ဖူး၊ ခုဘဲ တခြားရွာတရွာကနေ (နအဖ) အတွက် ပေါ်တာလိုက်ရာကနေပြန်လာပြီးရုံပဲရှိသေးလို့ ပင်ပန်းနေပြီလို့ ကျနော်ကပြောတယ်။ သူက ကျနော့်ကို (နအဖ) နဲ့အတူ ဂဟီးဂျိုစခန်းကို သွားရမယ်လို့ ချည်းပဲပြောနေတယ်။ ဂဟီးဂျိုရွာကို ရောက်ပြီး ပြန်တော့ နောက်တကြိမ် သွားရဦးမယ်လို့ ပြောပြန်တယ်။ (နအဖ) က ရွာသား ၅ ယောက်ကို ပေါ်တာလိုက်ရမယ်လို့ပြောပါတယ်။ လမ်းမှာ မိုင်းတွေအများကြီးရှိနေလို့ ကျနော်တို့မလိုက်ရဲဘူးလို့ သူတို့ကို ကျနော်ပြောတယ်။ သူက ကျနော့်ကိုလိုက်ဖို့ချည်းဘဲပြောနေတော့ ကျနော်လည်းဘာမှမတတ်နိုင်တော့ဘဲ၊ 'ဒီတခါဘဲ နောက်ဆုံးအနေနဲ့ လမ်းပြပေးလိုက်မယ်'လို့ စိတ်ထဲမှာတွေးလိုက်တယ်။ ကျနော်က ပေါ်တာလိုက်ဖို့ ရွာသား ၄ ယောက်လောက်ဘဲ ခေါ်ရင်ရပြီလို့ သူတို့ကိုပြောပါတယ်။ ဒါကို သူတို့လက်ခံပါတယ်။ ကျနော်တို့ သွားကြတယ်။ လမ်းမှာ ဗုံးကွဲသံကြားလို့ ကျနော်ကြည့်လိုက်တော့ ရွာသားတယောက် မိုင်းနင်းမိတာကို တွေ့ရတယ်။ ဆေးကုပေးဖို့ ရွာသားကို ဖာပွန်ဆေးရုံပို့ဖို့ သူတို့ကိုကျနော်ပြောပါတယ်။ သူတို့က ပို့ဖို့မလွယ်ဘူး၊ စခန်းကို အရင်ပို့ထားပြီး၊ နောက်မှ ဖာပွန်ကို ပြန်ပို့ပေးမယ်လို့ ပြောတယ်။ အဲဒီနေ့က ၂၀၀၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၊ အင်္ဂါနေ့ မနက် ၉ နာရီပါ။ စခန်းကို ကျနော်တို့ရောက်တော့၊ ရွာသားကို ဆေးကုပေးပါတယ်။ အဲဒီနေ့၊ ည ၇ နာရီမှာ ရွာသားသေဆုံးသွားပါတယ်။" [76]
- "နိုကိုး၊ နိုကိုးစံပြ၊ ဒေါ်စောဒူ၊ စောကီးဒေါ်၊ ဒေါ်လူရှီ၊ ဒေါ်ဆဲနှင့် ကယားညီခူး (Nohko, Nohko, Daw Sawdu, Sawkeedaw, Daw Loshe, Daw Se and Kayah Nyikhu) ရွာက ရွာသားတွေကို လွှဲကော်မြို့နယ် အာဏာပိုင်တွေက ကြက်ဆူပင်တွေ နောက်တခါထပ်စိုက်ခိုင်းပြန်ပါတယ်။ 'ဇူလိုင်လမှာ သူတို့က အိမ်ထောင်စုတိုင်း ကြက်ဆူပင် (၅,၄၀၀) စီ စိုက်ရမယ်လို့ အမိန့်ထုတ်ပါတယ်။ ဒါ့အပြင် သီတင်းပါတ်တိုင်းမှာ မိသားစုတိုင်းက

[74] Shan Human Rights Foundation, August 2008, Monthly Report, "Farmers forced to cultivate dry season rice for military in Murng Nai", http://www.shanland.org/articles/humanrights/monthlyreport/
[75] Committee for Internally Displaced Karen People, 7 May 2008, email correspondence
[76] 40 year old Karen woman, cited in Karen Human Rights Group, 22 August 2008, "Mortar Attacks, landmines and the destruction of schools in Papun district", KHRG 2008-F12, p4

ကြက်ဆူပင်ဘယ်နှစ်ပင်စိုက်ပြီးပြီဆိုတာကို မြို့နယ်ရုံးကိုအစီရင်ခံရပါတယ်' လို့ နယ်ခံရွာသားတယောက်က ပြောပါတယ်။''[77]

- ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ် (၁၀) မှ ဒွေးဝင်းက ကရင်ပြည်နယ် သံတောင်မြို့နယ်၊ ကော်သေးဒါ (Kaw Thay Der) ကျေးရွာအုပ်စုရှိ အိမ်ထောင်စုတိုင်းအား ကလားလာ (KlerLah) (ဘောဂလိကြီး) စစ်တပ်စခန်းအတွက် အိမ်ဆောက်ပစ္စည်းများပေးရမည်ဟု အမိန့်ထုတ်ခဲ့သည်။ အိမ်တိုင်း (အရှည် ၅–၇ မီတာအရှည်ရှိသော) ဝါး ၃ လုံးစီခုတ်ပြီး၊ ကော်သေးဒါ စစ်တပ်စခန်းသို့ ပို့ပေးရမည်ဟု အမိန့်ထုတ်ဆင့်ခဲ့သည်။ သီတင်းပါတ်တပါတ်အကြာ၌ လမ်းပြင်ရန်အတွက် အမိုးဖွင့်ကား ပိုင်ရှင်များအား တပါတ်လျှင် နှစ်ခေါက်စီအလှည့်ကျ ကျောက်သယ်ပေးရမည်ဟု အမိန့်ထုတ်ဆင့်ခဲ့သည်။ ဘောဂလိကြီးမှ ရွာသားများကိုလည်း လမ်းပြင်ရန် တပါတ်လျှင် ၂ ကြိမ်ကျစီ အလှည့်ကျအလုပ်လုပ်ပေးရမည်ဟု အမိန့်ထုတ်ဆင့်သည်။ နေ့စဉ်အလုပ်သမား ၈၀ ပေးရမည်ဟု တောင်းသည်။ ကားပိုင်ရှင်များအား စစ်တပ်အတွက် ကျောက်သယ်ပေးရန် ဆင့်ထားသောအချိန်အတောအတွင်းမှာ ကွမ်းရွက်၊ ဒူးရင်းသီး၊ သရက်သီးနှင့် အခြားလယ်ယာထွက်သီနှံများကို သယ်ယူပို့ဆောင်ခြင်းမပြုရဟု ပိတ်ပင်ထားခဲ့သည်။ ဤအတွက် နယ်ခံရွာသားများအဖို့ ကျပ်ငွေသိန်းပေါင်းများစွာ ဆုံးရှုံးနစ်နာခဲ့သည်။[78]

၄။ ၄။ လူအစုလိုက်အပြုံလိုက် အတင်းအဓမ္မပြောင်းစေခြင်း

လုံလောက်သော အိုးအိမ်ရရှိရေးသည် အခြေခံကျသော လူ့အခွင့်အရေးတရပ်ဖြစ်သည်။ စစ်ဖြစ်နေသောကာလ အတွင်းမှာပင်လျှင် အရပ်သားများ၏ လုံခြုံရေးကို အာမခံရေးအတွက် သို့မဟုတ် မရှောင်မလွှဲသာသော စစ်ရေးကိစ္စများအတွက်မဟုတ်လျှင် အတင်းအဓမ္မနေရာမှ ဖယ်ရှားပစ်ခြင်းမပြုရန် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေများက ပိတ်ပင်တားမြစ်ထားသည်။[79] အစိုးရအားလုံးမှာ အရပ်သားများအား နေရာမှအတင်းအဓမ္မဖယ်ရှားပစ်ခြင်းမခံရအောင် ကာကွယ်ပေးရန်နှင့် အိုးအိမ်အခြေပျက်ကာလအတွင်းမှာသော်လည်းကောင်း၊ နေရပ်ရင်းပြန်ရန် သို့မဟုတ် ပြန်လည်အခြေချသောကာလအတွင်းမှာသော်လည်းကောင်း ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီ များဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။[80] လူသားဆန့်ကျင်ရေးရာဇဝတ်မှုများနှင့် ပတ်သက်၍ လူအစုလိုက်အပြုံလိုက် အတင်းအဓမ္မပြောင်းစေခြင်းဆိုသည်မှာ ကျယ်ပြန့်သော သို့မဟုတ် စနစ်တကျရှိသော ပမာဏအရ "နှင်ထုတ်ခြင်း သို့မဟုတ် အခြားသောနိုင်ထက်စီးနင်းလုပ်ရပ်များဖြင့် သက်ဆိုင်ရာလူပုဂ္ဂိုလ်များကို အတင်းအဓမ္မနေရာမှဖယ်ရှားပစ်ခြင်း" ဟု အသိအမှတ်ပြုထားပါသည်။[81]

---

[77] Karenni Information Centre, 15 September 2008, "Villagers forced to grow castor oil trees again", www.karennihomeland.org

[78] Committee for Internally Displaced Karen People, 12 September 2008, email correspondence

[79] Protocol II, Additional to the Geneva Conventions, Art. 17

[80] UN Guiding Principles on Internal Displacement, 1998, UN Doc. E/CN.4/1998/53/Add.2

[81] Rome Statute of the International Criminal Court, 1998, Article 7.2(d)

ဤအစီရင်ခံစာ၏ အခန်း (၂။ ၃) မှာ ဖော်ပြခဲ့သည့်အတိုင်းပင် (TBBC) အဖွဲ့က ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံ အရှေ့ ပိုင်းရှိ အရပ်သား လူနေအိမ်စုပေါင်း (၃,၃၀၀) ကျော်တို့ အတင်းအဓမ္မနေရာမှ ဖယ်ရှားခံရပုံကို မှတ်တမ်းပြုလာခဲ့ပါသည်။ ဤအထဲတွင် ပြီးခဲ့သော ၁၂ လအတွင်း၊ နောက်ထပ် ကျေးရွာနှင့် ပုန်းအောင်းရာနေရာပေါင်း ၁၄၂ ခုပါဝင်ပါသည်။ ဤကွင်းဆင်းလေ့လာချက် အစီရင်ခံစာများသည် ကျေးရွာများ၏ အိုးအိမ်အခြေပျက်မှုများ မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက်ပိုင်း အဆင့်မြင့်ဂြိုဟ်တုဓါတ်ပုံ (high resolution commercial satellite imagery) များဖြင့် အတည်ပြုပုံပိုးထားခြင်းဖြစ်သည်။ အောက်ပါ ၂၀၀၈ ခုနှစ်အတွင်း အတင်းအဓမ္မနေရာမှ ဖယ်ရှားခံရမှုများကညွှန်ပြနေသည်မှာ အတင်းအဓမ္မနေရာမှဖယ်ရှားပစ်ခြင်းသည် ဆက်လက်၍ လူသားလုံခြုံရေးကို ထိခိုက်နေစေပြီး၊ စစ်တပ်၏ ကြီးစိုးမှုကိုခိုင်မာနေစေလျက်ရှိသည် ဟူ၍ဖြစ်ပါသည်။

- ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင်၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ်(၁၃) ၏ လက်အောက်ခံ ခြေမြန်တပ်ရင်း (၅၅၇) မှ ဗိုလ်အောင်မျိုးသောင်း ဦးစီးသော မြန်မာစစ်တပ် စစ်သားများသည် တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်ရှိ၏ ကဆားဒိုးတောင်နယ်မြေမှာ ကင်းလှည့်လျက်ရှိသည်။ မြန်မာစစ်သားများက ထီးဖိုးလေး (HteePohLay) ရှိ ရွာပုန်းတခုကိုတွေ့ရှိသွားကာ၊ အသိုက်အမြုံတခုလုံးကို မီးတိုက်ပစ်ခဲ့သည်။ စစ်တပ်ရောက် မလာမီကတည်းက ရွာသားများထွက်ပြေးပြီးဖြစ်သော်လည်း စပါးတင်း ၁၅၀ အပြင်၊ ပစ်ပြေးခဲ့ရသော အိုးခွက်ပန်းကန်၊ အသုံးအဆောင်များနှင့် စားရေရိက္ခာ အားလုံး ဖျက်ဆီးခံခဲ့ရသည်။ [၈၂]
- ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့တွင်၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) အမှတ် (၄) လက်အောက်ခံ၊ (နအဖ) ခြေမြန်တပ်ရင်း (၇၀၆) ၏ စစ်ကြောင်း (၁) နှင့် (၂) တို့သည် ဘူးခီးရွာ (Buh Kee) (ကရင်ပြည်နယ်၊ သံတောင်မြို့နယ်)သို့ဝင်ရောက်ခဲ့သည်။ ရွာသားများက စစ်သားများရောက်မလာမီမှာ မိမိတို့၏ ဆန်၊ ဆား၊ အဝတ်အထည်၊ စောင်နှင့် အိုးခွက်ပန်းကန်များကိုပစ်ထားကာ ထန်းတပင်မြို့နယ်အတွင်း ရှိ ပုန်းအောင်းရာနေရာတနေရာသို့ ရှောင်တိမ်းထွက်ပြေးခဲ့ကြသည်။ ဤပစ္စည်းများထဲက အတော်များများကို (နအဖ) စစ်သားများက ယူသွားခဲ့ကြသည်။ (နအဖ) စစ်သားများသည် မကြာသေးမီ၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ကလည်း ဘူးခီးရွာကို တိုက်ခိုက်ခဲ့ကြပြီး၊ ရွာသားများ၏ အိမ်များကိုမီးတိုက်ပစ်ခဲ့ကြသေးသည်။ [၈၃]
- "၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် (စကခ) အမှတ် (၂၁) မှ မြန်မာစစ်သားများသည် (ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်) တီဂေါဒါ (T'Gkkaw Der) ရွာပိုင်နက်ထဲမှာပါသော မဲ့လေးခီး (Meh Lay Kee) ရွာ၌ အိမ် ၁၁ လုံးနှင့် ရွာသားပိုင်ပစ္စည်းများကို တိုက်ခိုက်ပြီး၊ မီးတိုက်ပစ်ခဲ့သည်။ စစ်သားများ မပြတ်ရောက်ရှိနေခြင်းနှင့် ဆက်လက်တိုက်ခိုက်နေခြင်းတို့ကြောင့် ပုန်းအောင်းနေရသောဤပြည်တွင်းဒုက္ခသည်များ (တီဂေါဒါနှင့် သောင်းဒါရွာတို့မှ ယခင်ကတည်းက အိုးအိမ်အခြေပျက်ပြီးသားဒုက္ခသည် အုပ်စုများအပါအဝင် ဖြစ်သည်။) အဖို့ မိမိတို့၏လယ်ယာများထဲသို့မဆင်းနိုင်ကြဘဲ၊ စားဝတ်နေရေးအတွက်

[82] Committee for Internally Displaced Karen People, 8 February 2008, email correspondence
[83] Karen Human Rights Group, 1 August 2008, "Attacks, killings and the food crisis in Toungoo district", KHRG 2008-F9, p2, www.khrg.org

အလုပ်မလုပ်နိုင်ခဲ့ကြချေ။ မေလမှ ဇွန်လအတွင်းကာလသည် မိုးဦးကျချိန်ဖြစ်သဖြင့် ရွာသားများသည် ဖျက်ဆီးခံထားခဲ့ရသောမိမိတို့၏ပုန်းအောင်းရာစခန်းမှာ တဲသစ်များကို အပြေးအလွှား ဆောက်ခဲ့ကြရသည်။ အလျင်စလိုဆောက်ရခြင်းကြောင့် ဤတဲများသည် ဆောက်ပြီးစမှာပင် အမိုးအကာကောင်းကောင်း မလုံကြချေ။"[၈၄]

- "ပေါင်းလောင်းမြစ်ဝှမ်းမှာ နေထိုင်နေကြသောရွာသားများသည် ပေါင်းလောင်းမြစ်အထက်ပိုင်း ဆည်ဆောက်လုပ်ရေးနှင့်ပတ်သက်၍ မည်သည့်အခါကမျှ အသိပေးတိုင်ပင်ခြင်းမခံခဲ့ရဘဲ၊ ၂၀၀၄ ခုနှစ်တွင် ဆည်ဆောက်မည့်နေရာကို သတ်မှတ်ကြေညာအပြီး၊ နယ်မြေစောင့်ကြပ်ရေးအတွက် မြန်မာစစ်တပ်များကို ပို့လွှတ်လိုက်သောအခါမှသာလျှင် ဆည်တည်ဆောက်မည့်အကြောင်းကို သိခဲ့ကြရသည်။ သို့ရာတွင် ၂၀၀၇ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် သပြေကုန်းကျေးရွာအုပ်စုမှ ရွာလူကြီးများကို ပင်လောင်းမြို့နယ် အာဏာပိုင်များက ဟိုပုန်းမြို့နယ် (သူတို့၏ရွာများမှ မိုင် ၄၀ ဝေးသည်။) သို့ခေါ်ဆောင်သွားပြီးလျှင်၊ သူတို့၏ရွာများ ဆည်ရေလွှမ်းလျှင် ရွှေ့ပြောင်းရမည့်နေရာကို ပြသခဲ့သည်။ ရေလွှမ်းခံရမည့် လယ်ယာများအတွက် လျော်ကြေးအကြောင်းနှင့်ပတ်သက်၍ တွန်းတပါဒမျှ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ချေ။ ... ၂၀၀၈ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ကျေးရွာအချို့သည် မိမိတို့ရွာများမှ စွန့်ခွာကာ၊ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်များရှိ အခြားနယ်မြေများသို့ ပြောင်းရွှေ့နေထိုင်စပြုကြသည်။"[၈၅]

- "၂၀၀၇ ခုနှစ်၊ မတ်လတွင် (နအဖ) တပ်များသည် ဖာပွန်မြို့မှနေ၍ ဂဟီးကျိုး (Gk'Hee Kyo) နှင့် ကော်ဘိုး (Kaw Bpoo) (မြန်မာဘာသာဖြင့် ကော်ဘုတ်) တို့ကိုဖြတ်လျက် ဓါးကွေး (ကျောက်ညှပ်အနီး) သို့ ဆက်သွယ်ရေးလမ်းကြောင်းအတွက် မော်တော်ကားလမ်းပြုပြင်ရန် စိုင်းပြင်းစပြုခဲ့သည်။ ဝဲကြီးဆည်တည်ဆောက်မည့်နေရာသို့ ရိက္ခာနှင့် အခြားပစ္စည်းများပို့ရန်ဖြစ်သည်။ ... ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စစ်ဆင်ရေးကွပ်ကဲမှုစစ်ကြောင်းအမှတ် (၁၆) ၏ တပ်မှူး ကျော်ကျော်စိုး က ဂဟီးကျိုးကျေးရွာလူကြီးများနှင့်ကိုယ်စားလှယ်များကို တီကောထာ (T'Kaw Hta) တပ်စခန်းသို့ သွန့်လာရောက်တွေ့ဆုံရန် ဆင့်ခေါ်ခဲ့သည်။ အစည်းအဝေး၌ ရွာလူကြီးများအား ၎င်းတို့ရွာကို သီးမူထ (Thee Muh Hta) ရှိ (နအဖ) တပ်စခန်းအနီးမြေပြန့်လေးတနေရာသို့ ပြောင်းရွှေ့ရမည်ဟု အမိန့် ပေးခဲ့သည်။ အိမ်ထောင်စု ၁၀ စုဖြင့် ပြောင်းရွှေ့ခြင်းကို စတင်ရန်ဖြစ်သည်။ ဤသို့စတင်ချိန်၌ ရွာသားများကိုလွှတ်ပြီး၊ ပြောင်းရွှေ့နေရမည့်နေရာမှာ လိုအပ်သောအိမ်များကို မြန်မြန်ထက်ထက်စတင်၍ ဆောက်စေရန်လည်းပြောခဲ့သည်။ သူ့အနေနှင့် ဤသို့ဆောင်ရွက်မည့်အကြောင်း သူ့အထက်က တပ်မဆောင်းဆောင်များကို သူကတိပေးထားပြီးဖြစ်သောကြောင့် ဤအိမ်ထောင်စုများကို ရွှေ့ပြောင်းခိုင်းခြင်းမှလွဲ၍ သူ့မှာအခြားရွေးချယ်စရာမရှိတော့ကြောင်းနှင့် ရွှေ့ပြောင်းပြီးနောက်တွင် ဤသို့ရွှေ့ပြောင်းမှုကို အောင်မြင်စွာဆောင်ရွက်ပြီးကြောင်း

[84] Karen Human Rights Group, 5 August 2008, "Military expansion and exploitation in Nyaunglebin District", 2008-F10, p2, www.khrg.org
[85] Kayan Women's Union, 2008, "Drowning the Green Ghosts of Kayan Land: Impacts of the Upper Paunglaung dam in Burma", p7, www.salweenwatch.org

အစီရင်ခံစာနှင့် ဓါတ်ပုံများကို သူပို့ပေးရမည်ဖြစ်ကြောင်း ကျော်ကျော်စိုးက ရွာသားများကို ပြောပြခဲ့သည်။[၈၆]

၄။ ၅။ ညှဉ်းပန်းနှိပ်စက်မှု

"(နအဖ) က ကျနော်တို့ကို KNU ဒါမှမဟုတ် သူပုန်တွေကို ထောက်ခံအားပေးတယ်လို့ စွပ်စွဲပါတယ်။ စစ်ဆင်ရေးတွေမှာ တချို့ရွာသားတွေကိုဆိုရင် အဲဒီအကြောင်းကြောင့် (နအဖ) က သတ်ပါတယ်။ တချို့ကိုကျတော့ အကြီးအကျယ်ညှဉ်းပန်းနှိပ်စက်ပါတယ်။"
(ကရင်အမျိုးသားတဦး၊ ပြည်တွင်းနေရပ်ရင်းဒုတိစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု(Focus group)၏တွေ့ဆုံမေးမြန်းချက်မှ၊ ဖားအံမြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

ညှဉ်းပန်းနှိပ်သက်မှုနှင့် ရက်စက်သော သို့မဟုတ် လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော အခြားပြစ်ဒဏ်ခတ်မှုများမှ လွတ်ကင်းရေးသည် အခြေခံကျသောလူ့အခွင့်အရေး တရပ်ဖြစ်ပြီး၊ နိုင်ငံအစိုးရ အားလုံးအနေနှင့် စစ်ကာလအတွင်းမှာပင်လျှင် ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။ "ပြင်းထန်သောနာကျင်မှု သို့မဟုတ် ဝေဒနာများဖြစ်အောင် တမင်လုပ်ခြင်းသည် အကယ်၍ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်တိုက်ခိုက်မှု၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်ပါက လူသားဆန့်ကျင်ရေးရာဇဝတ်မှုမြောက်သည်။"[၈၇] မြန်မာစစ်အစိုးရသည် ဆယ်စုနှစ်များနှင့်ချီ၍ ညှဉ်းပန်းနှိပ်စက်မှုကို မတရားဖမ်းဆီးချုပ်နှောင်ခြင်းတို့နှင့် ပေါင်းစပ်ကျင့်သုံးလာခဲ့သည်။ လက်နက်ကိုင်အတိုက်အခံတို့၏ လှုပ်ရှားမှုသတင်းများကို ညှစ်ယူရန် အတွက်သော်လည်းကောင်း၊ သူပုန်ထောက်ခံအားပေးသူအဖြစ်စွပ်စွဲထားသူများကို လက်တုံ့ပြန်ရာ၌ လည်းကောင်း၊ ရွာသားများအပေါ် ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လုပ်နေပုံကို အောက်ပါသတင်းပေးပို့ချက်များက ထင်ဟပ်ဖော်ပြထားပါသည်။

- "၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်၊ ဝမ်လောင် (Wan Lao) ကျေးရွာအုပ်စု၊ နားမွန် (Naa Mon) ကျေးရွာသို့ ကျေးသီး (Kae See) အခြေစိုက် (ခလရ) (၂၈၇) မှ (နအဖ)တပ်၊ တိုက်ကင်းအဖွဲ့တဖွဲ့ရောက်လာပြီးလျှင် ရွာသားများကို ဆန်တတင်းခွဲ၊ ကြက် ၅ ပိသာ အပြင်၊ ပစ္စတိုတလက်နှင့် လမ်းလျှောက်စကားပြောစက်တလုံးကိုပါ ပေးရမည်ဟု တောင်းခဲ့သည်။ တောင်းထားသော ဆန်နှင့်ကြက်များကိုပေးပြီးလျှင် ရွာသားများက ပစ္စတိုနှင့် လမ်းလျှောက်စကားပြောစက်ကို မပေးနိုင်ကြောင်း၊ ရွာမှာ ရှိလည်းမရှိကြောင်း၊ ဘယ်မှာရှာရမှန်လည်း မသိကြောင်းပြောရာ၊ (နအဖ) စစ်သားများက ဆန်နှင့်ကြက် ယူလာပေးသော ရွာသား ၄ ဦးကို ဖမ်းထားလိုက်သည်။ (နအဖ) စစ်သားများက ရွာသားများကို ရှုမ်းစစ်သားများအကြောင်းနှင့် ရွာထဲမှာ ရှိမည်ဟု သူတို့ထင်ထားသော ပစ္စတိုနှင့် လမ်းလျှောက်စကားပြောစက်အကြောင်း မေးမြန်းစစ်ကြောကာ၊ ရိုက်နှက်ညှဉ်းပန်းခဲ့သည်။ ရွာသား ၄ ဦးသည် တကိုယ်လုံးပေါက်ပြဲခြင်းနှင့် အဆစ်လွဲခြင်းတို့ဖြစ်ပွားသည်အထိ ထိုးကြိတ်ခြင်းနှင့် တုတ်ဖြင့်ရိုက်ခြင်းတို့ကိုခံခဲ့ရသည်။ ...

[86] Karen Human Rights Group, 7 March 2008, "Village level dscision-making in responding to forced relocation: A case from Papun district", KHRG 2008-F3, www.khrg.org
[87] Rome Statute of the International Criminal Court, 1998, Article 7.2(f)

နောက်နေ့ ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် (နအဖ) တိုက်ကင်းသည် ဖိန်းခန်း (Paeng Khaan) ရွာသို့ဆက်၍သွားပြီး ရွာလူကြီးကိုဖမ်းကာ အခြားရွာများ မှာလုပ်သည့် နည်းတူပင် ရှမ်းစစ်သားများအကြောင်း စစ်ကြောမေးမြန်းသည်။ ပစ္စတိုတလက်နှင့် လမ်းလျှောက်စကားပြောစက်တလုံးကို ပေးရမည်ဟုလည်း အမိန့်ထုတ်သည်။ ရွာလူကြီးက လည်း ရှမ်းစစ်သားများအကြောင်းနှင့် အဆိုပါပစ္စတိုနှင့် လမ်းလျှောက်စကားပြောစက် အကြောင်းတို့ကို ဘာမျှမသိကြောင်းငြင်းရာ၊ (နအဖ) စစ်သားများက သူ့ကို ရိုက်နှက် ညှဉ်းပန်းခဲ့သည်။ မေးရင်း (နအဖ) စစ်သားတယောက်က ရွာလူကြီး၏ ဆံပင်ကိုဆွဲကာ သူ့ဘက်သို့ဆွဲနှိမ်ချလိုက်ပြီး ရင်ဘတ်ကိုခါးဖြင့်ထိုးလိုက်သည်။ ရွာလူကြီးသည် ပက်လက်လန်ကျပြီး သတိလစ်သွားခဲ့သည်။"[၈၈]

- ၂၀၀၈ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင်၊ ခြေမြန်တပ်ရင်း (၄၀၁) မှ ထွန်းထွန်းထွေးဦးစီးသော (နအဖ) စစ်သားများနှင့် DKBA တပ်ရင်း (၉၉၉) တို့သည် ပူးတွဲတိုက်ကင်းထွက်ရင်း ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ လောပါကီး (LawPahKee) ရွာမှ ရွာသား ၅ ဦးကို ဖမ်းဆီးခဲ့သည်။ ရွာသားအားလုံးသည် ယောကျ်ားသားများ ဖြစ်ကြပြီး၊ အသက် ၂၀ မှ ၇၃ နှစ်အရွယ်ရှိသူများပါဝင်သည်။ ရွာသားများသည် မိမိတို့၏လယ်ယာများထဲသို့ သွားနေကြ ခြင်းဖြစ်သော်လည်း သူပုန်များနှင့် ဆက်သွယ်သည်ဟုသက်ဒီမကင်းအဖြစ်ခံခဲ့ကြရသည်။ KNU အကြောင်းသတင်းရရေးအတွက် ရွာသား ၅ ဦးစလုံးကို ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ အသက် ၃၀ အရွယ် ရှိသူတတဦးကို ဦးခေါင်းအရေခွံတဝက်တပျက်ခွာခြင်း အပါအဝင် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။[၈၉]
- ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင်၊ (နအဖ) ခြေမြန်တပ်ရင်း (၅၅) မှ ဗိုလ်မှူးမောင်မောင်နှင့် စစ်သားအချို့တို့သည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ တဝက်သာရွာ ရွာလူကြီးအိမ်၌ အရက်သောက်နေကြသည်။ စစ်သားများသည် တဦးနှင့်တဦးရန်ဖြစ်ကြပြီး၊ ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်အတွင်း ဗိုလ်မှူးမောင်မောင်၏ ပစ္စတို ပျောက်ဆုံးသွားခဲ့သည်။ ဗိုလ်မှူးက အသက် (၃၅) နှစ်အရွယ်ယောကျ်ား တဦးဖြစ်သော စော--- အား သူ့သေနတ်ကို ခိုးပါသည်ဟု စွပ်စွဲပြီး မေ့မျောသွားသည်အထိ အကြိမ်ကြိမ်လက်သီးနှင့် ထိုးသည့်အပြင် ရိုင်ဖယ်သေနတ်ဒင်နှင့် ထုသည်။ ထို့နောက် ဗိုလ်မှူးက ရိုင်ဖယ်သေနတ်ကို အချက်ပေါင်း ၅၀ ခန့်ပစ်ဖောက်ခြင်းအားဖြင့် အခြားရွာသားများကို ခြိမ်းခြောက်ခဲ့သည်။ ရွာလူကြီး၏ ခြေထောက်ကိုသေနတ်ဖြင့်ပစ်သည့်အပြင် ရိုက်လည်း ရိုက်သေးသည်။ နောက်ဆုံး၌ ဗိုလ်မှူးက တရွာလုံးကို သူ့တပ်စခန်းမှာ သွားအိပ်ခိုင်းခဲ့သည်။ [၉၀]
- ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် (နအဖ) ခြေမြန်တပ်ရင်း (၄၂၇) မှ ဗိုလ်မှူးစိုင်းကျော်က ဒေါ်တဟဲ (DawTaHe) စုစည်းကျေးရွာမှာ နေထိုင်နေသူတဦးကို သူပုန်နှင့်ဆက်သွယ်သည်ဟု စွပ်စွဲကာဖမ်းဆီးခဲ့သည်။ အသက် ၃၀ အရွယ်ရှိသော ဤရွာသားကို လှိုင်လင်လေး ပုလိပ်စခန်းသို့ ခေါ်သွားခဲ့သည်။ ပုလိပ်စခန်း၌ ထိုးကြိတ်ပြီး၊ သေနတ်ဒင်နှင့်လည်းထုခဲ့သည်။ တရက်နှစ်ရက်ကြာအပြီး ဒဏ်ရာများ မပျောက်သေးခင်

[88] Shan Human Rights Foundation, July 2008, Monthly Report, "Arrest, torture, forced labour and extortion in Kunhing", http://www.shanland.org/articles/humanrights/monthlyreport/
[89] Committee for Internally Displaced Karen People, 11 June 2008, email correspondence
[90] Karen Office of Relief and Development, 22 September 2008, email correspondence

မှာပင် ရွာသားကို ဆေးကုရန်အတွက် ငွေကျပ် (၁၀,၀၀၀) ပေးကာ၊ ဖြစ်ပျက်သမျှကို တိုင်ကြားခြင်းမပြုရန်လည်း သတိပေးခဲ့သည်။[၉၁]

၄။ ၆။ မုဒိမ်းပြုကျင့်မှု

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေသည် လူသားအားလုံးသည် လွတ်လပ်စွာမွေးဖွားလာခဲ့ကြပြီး၊ ဂုဏ်သိက္ခာနှင့် အခွင့်အရေးတို့တွင် တန်းတူညီမျှသည် ဟူသောမူအပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ခွဲခြားဖိနှိပ်ဆက်ဆံမှု သဏ္ဌာန်တမျိုးဖြစ်ပြီး၊ တဦးချင်းလုံခြုံမှုဆိုင်ရာ အခြေခံလူ့အခွင့်အရေးကို ချိုးဖျက်ခြင်းဖြစ်သည်။ စစ်လက်နက်တခုအနေနှင့် မုဒိမ်းမှုကျူးလွန်ခြင်း သို့မဟုတ် အခြားသောလိင်မှုဆိုင်ရာအကြမ်းဖက်မှုသဏ္ဌာန်တမျိုးမျိုး ကျူးလွန်ခြင်းကို နိုင်ငံတကာခေလ့ထုံးတမ်းဥပဒေက ပိတ်ပင်တားမြစ်ထားသည့်အပြင်[၉၂] စစ်ရာဇဝတ်မှုတမှု အဖြစ်လည်း သဘောထားသည်။[၉၃] ထို့အပြင် လူသားဆန့်ကျင်ရေးရာဇဝတ်မှုတမှုကို ကျူးလွန်ရာ လည်းရောက်သည်။[၉၄]

ကုလသမဂ္ဂ အထွေထွေညီလာခံက မြန်မာနိုင်ငံအရှေ့ပိုင်းဒေသမှာ "လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အမြဲတစေ မထူးဆန်းတော့သလို ကျူးလွန်နေသည့် အနှံ့အပြားသဘောဆောင်သော မုဒိမ်းမှုနှင့် အခြားသော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု သဏ္ဌာန်များကို" ပြစ်တင်ရှုတ်ချခဲ့ပြီးဖြစ်သည်။[၉၅] သို့ဖြစ်သည့်တိုင် "မုဒိမ်းမှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူများကို စုံးစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် အပြစ်ပေးခြင်းပြုရန်" စစ်အစိုးရ၏ "ပျက်ကွက်မှုသည် မြန်မာနိုင်ငံ၌ အမျိုးသမီးနှင့်မိန်းကလေးများအပေါ် ဤပြစ်မှုများကျူးလွန်စေလောက်သော ပတ်ဝန်းကျင်တရပ်ကို တွန်းအားပေးရာရောက်စေခဲ့သည်။"[၉၆] ရှမ်းပြည်နယ်မှ သတင်း ပေးပို့ချက်များကိုကြည့်လျှင်၊ အစိုးရခွင့်ပြုထားသော လိင်မှုဆိုင်ရာအကြမ်းဖက်မှုများသည် အပြစ်လွတ်ငြိမ်းခွင့် ရနေကာ ဆက်လက်ဖြစ်ပွားနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

- "၂၀၀၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့၊ မွန်းတည့်ချိန်လောက်တွင် အသက် ၂၁ နှစ်အရွယ်ရှိသူ နန်းမွန်း (အမည်ရင်းမဟုတ်ပါ) သည် နမ်းမောင်း (Nam Mawn) ရွာပြင်ရှိ ယာထဲတွင် အလုပ်လုပ်ရာမှ နေ့လည်စာစားရန် ရွာထဲသို့ပြန်လာနေလျက်ရှိသည်။ ယာထဲမှ ထွက်လာပြီး မကြာမီပင် ရွာအနီးတနေရာ၌ (ခလရ) (၂၄၆) မှ (နအဖ) စစ်သား ၁၃ ယောက်ခန့်ပါသော တိုက်ကင်းတကင်းနှင့် ဝင်တိုးမိခဲ့သည်။ (နအဖ) စစ်သားများက သူမကို ရပ်ခိုင်းပြီး ဘယ်သူလဲ၊ ဘယ်သွားမလို့လဲ စသည်ဖြင့် တောင်မေးမြောက်မေးမေးသည်။ မေးခွန်းများဖြေပြီးနောက်တွင် (နအဖ) စစ်သားများက သူမကို သွားခွင့်မပေးဘဲ သူမ၏ယာနှင့် သိပ်မဝေးသော ချောင်ကျကျတနေရာသို့ခေါ်သွားပြီး၊ အုပ်စုလိုက်

---

[91] Karenni Information Centre, 11 September 2008, "Camp resident beaten up by Burmese troops"
[92] Geneva Conventions I-IV, Common Article 3
[93] Rome Statute of the International Criminal Court, 1998, Article 8.2(e)(vi)
[94] Rome Statute of the International Criminal Court, 1998, Article 7.2(g)
[95] UN General Assembly, 2006, Resolution 61/232, p3(b)
[96] Paulo Sergio Pinheiro, 7 March 2008, "Report of the Special Rapporteur on the situation of human rights in Myanmar", A/HRC/7/18, p 87

မုဒိမ်းကျင့်ကြသည်။ စစ်သားများက လူကုန်၊ အားရအောင် မုဒိမ်းကျင့်ပြီးတော့မှ သူမကို ပြန်လွှတ်ပေးခဲ့သည်။ နန်းမောင်းသည် သိပ်မဝေးလှသော မိမိရွာသို့ အရောက်ပြန်လာခဲ့သည်။ ညနေ၌သူမက မိဘများကို အဖြစ်သနစ်အား ပြန်ပြောပြခဲ့သည်။ သို့ရာတွင် နန်းမောင်း၏မိဘများက ကြောက်ကြလွန်း၍ ဘာတခုမျှ မလုပ်ဝံ့ကြချေ။ သမီးဖြစ်သူကို ဖြေသိမ့်ပေးရုံသာ ဖြေသိမ့်ပေးနိုင်ခဲ့ကြသည်။"[97]

- "အသက် ၁၈ နှစ်အရွယ်ရှိသူ၊ နန်းခမ်းဝါ (Naang Kham Wa) သည် နောင်းဇမ်းရွာသူတဦးဖြစ်ပြီး၊ တာကော် (Ta Kaw) ကျေးရွာအုပ်စုအတွင်းရှိ အနီးအနား ရွာများနှင့် တောင်ယာများသို့ အလှကုန်ပစ္စည်းကလေးများ လိုက်လံရောင်းချခြင်းဖြင့် အသက်မွေးသည်။ သူမသည် နေ့စဉ်နေ့တိုင်းပင်၊ နံနက်ခင်းမှာ အိမ်မှနေ၍ ခြင်းတောင်း နှစ်တောင်းထဲမှာပစ္စည်းများကို ထည့်လျက် တံပိုးဖြင့်ထမ်းထွက်သွားသည်။ ညနေရောက်မှ အိမ်ပြန်သည်။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် ခြင်းတောင်းဗလာဖြင့် ပြန်လာခဲ့ရာ ရွာအပြန်လမ်းရှိ နမ်းယာ (Nam Ya) ဟုခေါ်သော ချောင်းအနီးတွင် (နအဖ) တိုက်ကင်းတကင်းနှင့် ပက်ပင်းတိုးမိခဲ့သည်။ စစ်သားများက သူမကို ရပ်ခိုင်းပြီး၊ စီးကရက်နှင့် ဆေးပေါ့လိပ်များ ဝယ်ချင်သည်ဟုပြောကြသည်။ ... တပ်ကြပ်ကြီးတင်အေးက သူ့လူများ အား ဆူဆူပူပူမလုပ်ကြနဲ့ဟု ပြောပြီး၊ နန်းခမ်းဝါကို သူ့အနားမှာ လာထိုင်ရန်ပြောသည်။ သူမကို မေးခွန်းအချို့မေးပြီးနောက် သူ့စစ်သားများကို ခပ်လှမ်းလှမ်းမှာကင်းစောင့်နေရန် အမိန့်ပေးသည်။ ထို့နောက် သူမကိုအားရအောင် မုဒိမ်းကျင့်ခဲ့သည်။ ထို့နောက် တင်အေးက သူမ ပြောပြသော နေ့လည်တုန်းကဈေးရောင်းသည်ဆိုခြင်းမှာ ဘိန်းစိုက်သူ များကို ဈေးရောင်းခြင်းဖြစ်ကြောင်း၊ ဤသို့ရောင်းခြင်းသည် ရာဇဝတ်မှုဖြစ်ကြောင်း၊ ထို့ကြောင့် အဖမ်းမခံလိုပါက ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်းပြောသည်။ ထို့နောက် သူမ ဈေးရောင်း၍ရခဲ့သော သူမ၏လက်ထဲက ရှိရှိသမျှ ငွေကျပ် (၄၀,၀၀၀) ကို လုယူထား လိုက်သည်။ လက်ဗလာ၊ ခြင်းတောင်းဗလာဖြင့် အိမ်ပြန်အရောက်တွင် နန်းခမ်းဝါက သူမ၏ အဖြစ်ဆိုး ကို မိဘများနှင့်ဆွေမျိုးများကို ပြန်ပြောပြခဲ့သည်။ မိဘများက ကျေးရွာ လူကြီးများနှင့် ရပ်မိရပ်ဖများကို ဤအဖြစ်အား တိုင်ကြားခဲ့သည်။ လူကြီးများက (ခလရ) (၅၂၈) မှ (နအဖ) စစ်သားများသည် အလွန် ရက်စက်ကြောင်းနှင့် မိမိတို့အနေနှင့်လည်း ဤအမှုနှင့်ပတ်သက်၍ ဘာတခုမျှ မလုပ်ဝံ့ကြောင်း ပြန်လည်ပြောပြခဲ့ကြသည်။"[98]
- ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် နားခေါ် (Naa Khaw) ရွာထဲက မိမိအိမ်ဆိုင်မှာ ပစ္စည်း အသေးအမွှားကလေးများ ရောင်းချလုပ်ကိုင်စားနေသော အသက် ၁၇ နှစ်အရွယ် ရှိသူ၊ နန်းဆွေးလူသည် ခြင်းတောင်းနှစ်တောင်းကို တပိုးဖြင့်ထမ်းကာ ဈေးဝယ်သွား ရာမှပြန်လာနေလျက်ရှိသည်။ ဤသို့ပြန်လာရင်း သူမ၏ရွာနှင့် မလှမ်းမကမ်း လယ်ကွက် ထဲမှာ တို့စားစရာဟင်းရွက်ရှာနေသော (နအဖ) စစ်သား ၃ ယောက်ကို သူမ မြင်တွေ့ လိုက်ရသည်။ သူမ ပစ္စည်းအဝယ်သွားတိုင်း လျှောက်သွားနေက၊ ဖြတ်လမ်းဖြစ် သဖြင့် 'လူမြင်ကွင်းကြီးဖြစ်နေလို့ ငါ့ကို ရန်ရှာမှာ မဟုတ်ပါဘူးလေ'ဟု ထင်ကာ လယ်ကွင်းကို

[97] Shan Human Rights Foundation, September 2008, Monthly Report, "Gang Rape in Kunhing", http://www.shanland.org/articles/humanrights/monthlyreport/
[98] Shan Human Rights Foundation, July 2008, Monthly Report, "A petty peddler raped, robbed of her money, in Murng Paeng", http://www.shanland.org/articles/humanrights/monthlyreport/

ဖြတ်လျက် စစ်သားများအနီးမှ လျှောက်သွားမိခဲ့သည်။ သို့ရာတွင် သူတို့အနီးသို့ နန်းဆွေးလူ ရောက်သွားသောအခါ၌ စစ်သားတယောက်က သူမကို ခုန်အုပ်လိုက်ပြီး၊ လက်ကို ချုပ်လျက်၊ ရေချောက်ခမ်းနေသော ခပ်တိမ်တိမ် ရေနူတ်မြောင်းတမြောင်းထဲသို့ ဆွဲချလိုက်သည်။ ထို့နောက် အခြားစစ်သားများကို လှမ်းခေါ်ကာ ဝိုင်းကူခိုင်းသည်။ (နအဖ)စစ်သားများက နန်းဆွေးလူကို မြောင်းဘောင်မှာဖိကပ်ထားပြီး၊ သူမ၏ ထမီကို ဆွဲချွတ်လိုက်သည်။ ထို့နောက် တယောက်ပြီးတယောက် အဓမ္မပြုကျင့်ကြသည်။ တပ်မှူးဖြစ်သူ တပ်ကြပ်ကြီးမြင့်သိန်းက အားရအောင်ပြုကျင့်ပြီးမှ နောက်တယောက်အား ပြုကျင့်စေသည်။ တတိယစစ်သားက သူ့အလှည့်ကိုယူမည်အပြုတွင် နွားလှည်းတစီး မြင်ကွင်းထဲမှာ ရုတ်တရက် ပေါ်လာသည်။ နွားလှည်းက သူတို့ ဆီဦးတည်လာနေ လျက်ရှိသည်။ ဤတွင်တပ်မှူးလုပ် သူက အမိန့်တချက်ပေးလိုက်ပြီး၊ သူတို့ အားလုံး ထွက်ပြေးသွားကြသည်။ နန်းဆွေးလူက မြောင်းထဲမှာလဲလျက် ကျန်ရစ်ခဲ့သည်။ နွားလှည်းက ထင်းတိုက်ရာမှပြန်လာနေသော နားခေါ်ကျေးရွာမှ တရွာတည်းသားဖြစ်သူ ဖိုးမား၏လှည်းဖြစ်နေသည်။ အကြောင်းစုံသိရပြီးနောက် ဖိုးမားသည် နန်းဆွေးလူ နှင့် သူမ၏ပစ္စည်းများကို လှည်းပေါ်တင်ကာ၊ ရွာထဲရှိ သူမ၏ မိဘများအိမ်သို့ပို့ပေးခဲ့သည်။ နန်းဆွေးလူ နှင့် မိဘများက ဖိုးမားကို သက်သေအဖြစ်ထားကာ အမှုကို ကျေးရွာလူကြီးများထံ တိုင်ကြားခဲ့သော်လည်း ရွာလူကြီးများက (နအဖ) စစ်သား များကို အမှုစွဲဆိုရန် ဝန်လေးကြသည်။ အမှုစွဲဆိုခြင်းသည် အလွန်အန္တရာယ်များပြီး မိမိတို့ကျေးရွာ ဒုက္ခရောက်သွားနိုင်သည်ဟုဆိုကာ ဘာပစ္စည်းမှလည်း မဆုံးရှုံးသည့်အတွက် ဤအကြောင်း ကို မေ့ပျောက်ထားလိုက်ရန် နားချခဲ့သည်။ [99]

၄။ ၇။ လူမဆန်သော အခြားလုပ်ရပ်များ

လူသားဆန့်ကျင်ရေးရာဇဝတ်မှုများနှင့်ပတ်သက်၍ တရားစီရင်ပိုင်ခွင့်ရှိသောအမှုများတွင် အကြီး အကျယ် ဒုက္ခခံစားရအောင် တမင်လုပ်သော အလားတူလက္ခဏာရှိသည့် လူမဆန်သော အခြား လုပ်ရပ်များ"[100] အတွက် ပြဋ္ဌာန်းချက်တရပ်ပါရှိသည်။ အရပ်သားများပိုင်သော အိုးအိမ်ပစ္စည်းများကို သိမ်းယူခြင်း၊ အရပ်သားများ၏ စားရေရိက္ခာများကို ဖျက်ဆီးခြင်းနှင့် မြေမြုပ်မိုင်းများကို မဆင်မခြင် အသုံးပြုခြင်းတို့သည် လူသားချင်းစာနာမှုဆိုင်ရာဥပဒေကို အကြီးအကျယ်ချိုးဖောက်ခြင်းဖြစ်ပြီး စစ်ရာဇဝတ်မှုမြောက်သည်။[101] သို့ဖြစ်ရာ ဤသို့သော ချိုးဖောက်မှုများကို လူသားဆန့်ကျင် ရေးရာဇဝတ်မှုများအဖြစ်လည်း လေ့လာနိုင်ပါသည်။ ဤချိုးဖောက်မှုများကို အနှံ့အပြားနှင့် စနစ်တကျ ဆက်လက်ချိုးဖောက်နေလျက်ရှိပါသည်။ သို့သော် အောက်ပါတို့သည် သာဓက သုံးခုမျှ သာဖြစ်ပါသည်။

- "ပုန်ပခင်း (Pung Pa Khem) မြို့၌ ရပ်ကွက် ၅ ခုရှိပြီး၊ လူနေအိမ်ခြေပေါင်း ၁,၂၀၀ ကျော် ရှိပါသည်။ ၎င်းတို့အနက် အိမ်ထောင်စုပေါင်း ၁၀၀ ကျော်ကျော်သာလျှင် မြို့ဆင်ခြေဖုံးမှာ စပါးစိုက်ပျိုးသော လယ်သမားများဖြစ်သည်။ အာဏာပိုင်များ၏ ဖေါ်ပြချက်အရ

[99] Shan Human Rights Foundation, July 2008, Monthly Report, "A woman gang-raped in Murng Paeng",
[100] Rome Statute of the International Criminal Court, 1998, Article 7.1(k)
[101] Rome Statute of the International Criminal Court, 1998, Articles 8.2(a)(iv), 8.2(b)(xx) and 8.2(b)(xxv)

စပါးစိုက်မြေသည် စုစုပေါင်း ၁,၅၇၆ ဧကမျှ ဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင်၊ (ခလရ) (၁၉) တပ်က မြို့၏ရပ်ကွက်လူကြီးများ အားလုံးကို အစည်းအဝေး တက်ရောက်ရန် ဆင့်ခေါ်လိုက်ပြီးလျှင် မြို့ထဲရှိလယ်သမားများသည် လယ်တဧကလျှင် စပါးတတင်း (၂,၀၀၀) ကျပ်နှုန်းဖြင့် စပါး ၄ တင်းကျစီ ရောင်းရမည်ဟု အမိန့်ထုတ်ခဲ့သည်။ ထိုအချိန်က စပါးတတင်း၏ ပေါက်ဈေးသည် (၅,၀၀၀) ကျပ်နှင့်အထက်ဖြစ်သည်။ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလကုန်နေ့ နောက်ဆုံးထား၍ သတ်မှတ်ထားသော စပါးအရေအတွက်ကို ရောင်းချရန်ပျက်ကွက်ပါက ဖမ်းဆီးခြင်းနှင့် မြေသိမ်းခြင်းခံရမည်ဟု အမိန့်အရ ခြိမ်းခြောက်ထားသည်။"[102]

- "စောမူဘလောကျေးရွာအုပ်စုအတွင်းမှာ မကြာသေးမီက လုပ်ခဲ့သော (နအဖ) စစ်ဆင်ရေးအတွင်း၌ စစ်သားများက မီးရှို့ထားသော ကျေးရွာများ၏ ပတ်ဝန်းကျင် နယ်မြေတဝိုက်တွင် မြေမြှုပ်မိုင်းများကိုလည်း ထောင်ထားခဲ့သည်။ နေအိမ်များကို စွန့်ခွာထွက်ပြေးသွားသောရွာသားများ ပြန်မလာနိုင်အောင် တားဆီးရန်ဖြစ်သည်။ ... (နအဖ)စစ်သားများ၏ မိုင်းထောင်ထားမှုကြောင့် ထီးဘောဒီးကျေးရွာသူ၊ အသက် ၁၆ နှစ် အရွယ်ရှိသော နော်ဒ––– ဆိုသူ မိန်းကလေးတဦးသည် သူမ၏ မိသားစု ဝှက်ထားခဲ့သော စပါးများကို သယ်ယူရန်အတွက် ၂၀၀၈ ခုနှစ်၊ မတ်လ ၁၅ရက်နေ့တွင် လူသူစွန့်ပစ်ထားခဲ့သော ရွာသို့ပြန်လာရာ မိုင်းတလုံးကိုနင်းမိခဲ့သည်။ မိုင်းကြောင့် သူမ၏ဒူးခေါင်ထောက်အောက်ပိုင်း ပြတ်ထွက်သွားပြီးလျှင် ကျန်သောအပိုင်းသည် မရှုရက်မမြင်ရက်စရာ ဖြစ်သွားခဲ့သည်။ ဒေးပူနို့ (Day Pu Noh) ဆေးရုံမှ ဆေးဝန်ထမ်းများက ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ခြေထောက်ကိုတိုဖြတ်ပြီး၊ ဆေးကုသပေးခဲ့သည်။ လူသော်မြို့နယ်၏ နေရာအတော်များများ၌ ပြည်တွင်းဒုက္ခသည်များအဖို့ မြေမြှုပ်မိုင်းကြောင့် ဤကဲ့သို့ ထိခိုက်အနာတရဖြစ်မည့် အန္တရာယ်များ ရှိနေဆဲ ဖြစ်ပါသည်။"[103]

"၂၀၀၈ ခုနှစ်၊ မတ်လ ၂၀ မှ ဧပြီလ ၁၇ ရက်နေ့အတွင်း၊ ကိုကိုလတ် ကွပ်ကဲမှုအောက်မှ (ခမရ) (၃၆၁) နှင့်(၃၇၀) တို့သည် ဂေါဆိုးခို့ (Gkaw Soe Koh) ကျေးရွာ (ကရင်ပြည်နယ်၊ သံတောင်မြို့နယ်) မှ အောက်ပါ ရွာသား ၁၂ ဦးပိုင်သော ဖာလာစိုက်ခင်း ဧက ၅၀ ခန့်ကို ဖျက်ဆီးပစ်ခဲ့သည်။ ၂၀၀၈ ခုနှစ်၊ မတ်လ ၂၅ မှ ဧပြီလ ၁၅ ရက်နေ့အတွင်း၊ (စကခ) အမှတ် (၁၀) စခန်း၊ တပ်မှူးကိုကိုလတ်၏ ကွပ်ကဲမှုအောက်မှာ ကလားလ (Kler La) မြို့ လုံခြုံရေးအတွက် တာဝန်ယူနေကြသော (ခမရ) (၃၆၁)၊ (၃၆၄)၊ (၃၆၅)၊ (၃၆၆)၊ (၃၆၇) နှင့် (၃၆၈) တို့သည် နယ်ခံရွာသား ၅၄ ဦးပိုင်ဆိုင်သော ဖာလာစိုက်ခင်း ၂၈၃ ဧက ကို ဖျက်ဆီးပစ်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း၊ (ခမရ) (၃၆၁) မှ (နအဖ) စစ်သားများသည် ဂေါသေးဒါရွာမှ ရွာသားများပိုင်သော ဖာလာစိုက်ခင်း စုစုပေါင်း ၁၀၂ ဧကအပြင် မြေပဲခင်းများကိုပါ မီးရှို့ဖျက်ဆီးပစ်ခဲ့ကြသည်။"[104]

---

[102] Shan Human Rights Foundation, July 2008, Monthly Report, "People forced to sell rice, threatened with arrest and land confiscation, in Murng-Ton",

[103] Karen Human Rights Group, 12 June 2008, "Burma Army attacks and civilian displacement in northern Papun district", KHRG 2008-F6, pp3-4, www.khrg.org

[104] Karen Human Rights Group, 1 July 2008, "Attacks, forced labour and restrictions in Toungoo district", KHRG 2008-F7, p 5

(ဝန်ဆောင် လပြီ၊ IYCID) ဌာန၌ပြုစုပျိုးထောင်ပြီးသည့်ပင်စေ့ပင်စိမျိုးစုံ

နောက်ဆက်တွဲများ

“ဗမာစစ်သားတွေအဲဒီမှာသာဆက်ရှိနေလို့ကတော့ ကျနော်တို့ဘယ်တော့မှ ပြန်ဖို့မစဉ်းစားဘူး။ ဒီအပစ်ရပ်ဒေသထဲမှာပဲသေတဲ့အထိဆက်နေသွားမယ်”

(မွန်အမျိုးသမီးတဦး၊ မွန်ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးကော်မီတီ၊ အထူးပြုစောင့်ကြည့်လေ့လာရေးအုပ်စု (Focus group) ၏ တွေ့ဆုံမေးမြန်းချက်မှ၊ ရေးဖြို့နယ်၊ ဇွန်လ၊ ၂၀၀၈–ခုနှစ်)

နောက်ဆက်တွဲ (၁)
ပြည်တွင်းအိုးအိမ်စွန့်ခွာထွက်ပြေးရသူများဦးရေခန့်မှန်းလေ့လာချက်

ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များ	လွန်ခဲ့သည့် ၁၂လအတွင်း အခြေခဲ့ ရွာသား အသစ်များ	တောပုန်းရွာများရှိ အခြေခဲ့သူများ	ရွှေပြောင်းစခန်းများရှိ အခြေခဲ့သူများ	အပစ်ရပ်ဒေသများရှိ အခြေခဲ့သူများ	အခြေခဲ့သူ စုစုပေါင်း
ရှမ်းပြည်နယ်	**၂၄၁၀၀**	**၁၆၅၀၀**	**၂၆၁၀၀**	**၉၂၄၀၀**	**၁၃၅၀၀၀**
မောက်မယ်	၃၀၀၀	၁၈၀၀	၁၅၀၀	၁၈၀၀	၅၁၀၀
မိုင်းကိုင်	၁၅၀၀	၂၀၀၀	၂၅၀၀	၀	၄၅၀၀
လဲချား	၃၈၀၀	၁၁၀၀	၃၀၀၀	၃၀၀၀	၇၁၀၀
လွိုင်လင်	၁၀၀၀	၉၀၀	၆၀၀	၅၀၀	၂၀၀၀
နမ့်ဆန်	၂၉၀၀	၂၀၀၀	၃၅၀၀	၁၅၀၀	၇၀၀၀
ကွန်ဟိန်း	၄၀၀၀	၃၀၀၀	၄၀၀၀	၇၀၀၀	၁၄၀၀၀
မိုင်းဆတ်	၁၀၀၀	၁၀၀၀	မရရှိနိုင်	၃၃၀၀၀	၃၄၀၀၀
မိုင်းတုံ	၂၀၀၀	၁၀၀၀	၄၀၀၀	၂၉၀၀၀	၃၄၀၀၀
မိုင်းပန်	၁၇၀၀	၁၅၀၀	၁၈၀၀	၁၁၀၀	၄၄၀၀
ကျေးသီး	၁၀၀၀	၆၀၀	၃၀၀၀	၁၃၀၀၀	၁၆၆၀၀
လင်းခေး	၇၀၀	၅၀၀	၀	၁၀၀၀	၁၅၀၀
မိုးနဲ	၁၅၀၀	၁၁၀၀	၂၂၀၀	၁၅၀၀	၄၈၀၀
ကရင်နီပြည်နယ်	**၁၀၀၀**	**၉၃၀၀**	**၅၀၀၀**	**၃၉၀၀**	**၅၃၃၀၀**
ရှားတော	၂၀၀	၉၀၀	၁၃၀၀	၀	၂၂၀၀
လွိုင်ကော်	၀	၀	၂၂၀၀	၄၀၀၀	၆၂၀၀
ဒီမောဆို	၁၀၀	၀	၀	၂၅၀၀၀	၂၅၀၀၀
ဖရူဆို	၄၀၀	၁၅၀၀	၀	၄၀၀၀	၅၅၀၀
ဘောလခဲ	၀	၀	၁၅၀၀	၀	၁၅၀၀
ဖာဆောင်း	၃၀၀	၆၉၀၀	၀	၂၀၀၀	၈၉၀၀
မယ်ခဲ့	၀	၀	၀	၄၀၀၀	၄၀၀၀
ပဲခူးတိုင်း	**၁၂၀၀**	**၂၀၀၀**	**၂၃၅၀**	**၀**	**၄၄၅၀**
ထန်းတပင်	၀	၀	၂၇၀၀	၀	၃၉၀၀
ကျောက်ကြီး	၉၅၀၀	၁၂၀၀၀	၂၀၀၀၀	၀	၃၂၀၀၀
ရွှေကျင်	၂၆၀၀	၉၀၀၀	၈၀၀	၀	၉၈၀၀
ကရင်ပြည်နယ်	**၂၆၄၀၀**	**၄၉၅၀၀**	**၁၀၉၀၀**	**၄၄၅၀၀**	**၁၀၄၉၀၀**
သံတောင်	၄၄၀၀	၈၅၀၀	၂၉၀၀	၀	၁၁၄၀၀
ဖာပွန်	၁၁၁၀၀	၃၀၈၀၀	၀	၀	၃၀၈၀၀
လိုင်းဘွဲ့	၃၅၀၀	၁၃၀၀	၀	၄၅၀၀	၅၈၀၀
မြဝတီ	၃၀၀၀	၂၅၀၀	၁၂၀၀	၅၀၀၀	၈၇၀၀
ကော့ကရိတ်	၂၅၀၀	၂၀၀၀	၂၅၀၀	၀	၄၅၀၀
ကြာအင်းဆိပ်ကြီး	၁၉၀၀	၄၄၀၀	၄၃၀၀	၃၅၀၀၀	၄၃၇၀၀
မွန်ပြည်နယ်	**၁၀၀၀**	**၈၀၀**	**၄၈၀၀**	**၄၂၀၀**	**၄၇၇၀၀**
သထုံ	၀	၀	၀	၀	၀
ဘီးလင်း	၀	၀	၀	၀	၀
ရေး	၁၀၀၀	၈၀၀	၄၈၀၀	၄၂၀၀	၄၇၇၀၀
တနင်္သာရီတိုင်း	**၁၄၀၀**	**၃၉၀၀**	**၅၅၇၀၀**	**၆၀၀၀**	**၆၅၆၀၀**
ရေဖြူ	၈၀၀	၇၀၀	၁၀၈၀၀	၆၀၀၀	၁၇၅၀၀
ထားဝယ်	၂၀၀	၅၀၀	၆၁၀၀	၀	၆၆၀၀
သရက်ချောင်း	၂၀၀	၀	၃၂၀၀	၀	၃၂၀၀
ပလောင	၁၀၀	၁၀၀၀	၁၂၄၀၀	၀	၁၃၄၀၀
မြိတ်	၀	၁၀၀	၈၀၀၀	၀	၈၁၀၀
တနင်္သာရီ	၁၀၀	၁၁၀၀	၁၂၇၀၀	၀	၁၃၈၀၀
ဘုတ်ပြင်း	၀	၅၀၀	၂၅၀၀	၀	၃၀၀၀
စုစုပေါင်း	**၆၆၀၀၀**	**၁၀၁၀၀၀**	**၁၂၆၀၀၀**	**၂၂၄၀၀၀**	**၄၅၁၀၀၀**

နောက်ဆက်တွဲ (၂)
ဖျက်ဆီး၊ ရွှေ့ပြောင်း သို့မဟုတ် စွန့်ပစ်ခံရသည့်ကျေးရွာများ (၂၀၀၇ – ၀၈)

ရှမ်းပြည်နယ်

ကွန်ဟိန်းမြို့နယ်
ဝမ်နားခေး
ဝမ်ပါဆတ်
ဝမ်ကွန်းခို
ဝမ်ပါပ

မိုင်းပန်မြို့နယ်
ဝမ်တုံစု
လုံကျိုင်

နမ့်စန်မြို့နယ်
စဲခုန်
ဝမ်ဘန့်ခမ်း
နားဘာလမ်း
ဝမ်ကွန်မွန်း
နမ့်စာ
ကပ်ဆိုင်

လဲချားမြို့နယ်
နမ့်ဟူး
ဝမ်ပုံ
မာ့လျန်
ခေးနိမ်း
ဝမ်ခိုင်
ကုန်းလှိုင်း
ဝမ်ဟိုင်း
ဝမ်ပါဟတ်
ဝမ်နားရေး
ဝမ်နမ့်မော်
ဝမ်ဟိုဟု
ဝမ်နားဘွိုင်း

ကရင်နီပြည်နယ်

ရှားတောမြို့နယ်
ဒေါကလဲတယ်

ဒီမောဆိုမြို့နယ်
ဒေါဟေးကလဲ

ဖရူဆိုမြို့နယ်
မော်တီတို
ကာပရူး

ဖာဆောင်းမြို့နယ်
ကိုဘောဒါးဟေး
ဖယ်ခိုးခီး
မူစပါဒဲ

ပဲခူးတိုင်း

ရွှေကျင်မြို့နယ်
လဲဝါး
လောကလောခီး
လယ်ပွေး
ထီးသူ
ထီးဘလား
မယ်ကတယ်
မယ်ယယ်ခီး
မယ်ယယ်ထာ
မယ်တန်
ပလောထာ
ဘောပေါခီး
လဲခါး
တိုးခီး
ကျေးထာ
ကလူးထာ

ကျောက်ကြီးမြို့နယ်
ယောခီး
ပလေးခီး
လောဒေး
ကဖါးထာ
ကျောက်ဖျာ
သီးမူးရာ
တဲနာထာ
ညာမူခီး
မော်လူခို
တော်အောပေးဒေး
စောကာဒဲ
ကလောခီး
သေးညောခီး
နောလောတယ်
လဲကလား
သာဝေးဒဲ
တကောဒဲ
ကဲဒဲ
ကဒီးဒဲ
ပေါလာခို
ပါပိုးခီး
ကလာခီး

ကရင်ပြည်နယ်

သံတောင်မြို့နယ်

ဖားဝဲ
ကေးလောခီး
မာဝါခေါ
ကမူဒို
ဒီးဒါးခို
မာပွေးခို
ကော်မီးခို
ဖာဒဲကား
ဝေးလာခေါ
စောလောခို
လေးခိုဒဲကား
သောခေါစော
ကတာခီး
သေးရာယူ
လဲခိုဒဲခို
လဲခဲဒဲထာ
ဖိုးမူဒဲ
စာဝါးဒေါခို
ဝါးမီပါခို
စော်မူဒဲ
ပွေဘောဒဲ
စီဒေါခို
ဘူးဆာခီး
သာကွီးစိုး
ဘူးခီး
သေးအေးခီး
ဟာသိုးပဲ
စော်ဝါးဒဲ
သေးခူဒဲ
ကလေးခီး
ခိုးခီး
ဟိဒေါခေါ
ရှိုးစဲ
ဝါစိုး
ထီးသီးပူးဒဲ
ထီးသီးပူးဒါး

ဖာပွန်မြို့နယ်

စီဒေး
ဘောလေးဒဲ
တာခဲဒဲ
ကထဲဒဲ
တာမေခီး
ခေးပူ
ဂေးယူဒဲ
ထီးဘောခီး
ကျော်ဂေါလူ
တာနဲ့
သိုးထီးခီး
ဟော်လားထာ
ဖလာခိုဒို
စောခါဒဲ
စော်ပါဒေး
ကလောခီးဒဲ

မြဝတီမြို့နယ်

သေးပါဒူးခီး
ဘားထာ
တာဘလုခိုးခီး
တာဘလုခိုးထာ
ထီးပါလဲ
မကနယ်ပိုးထာ
ပေါဘောမီးခီး

ကော့ကရိတ်မြို့နယ်

ထီးကေးခို
အော်ပါခီး
ကလယ်လောဆဲခီး
သေးလဲပူ
စကဝက်ခီး
လောပါခီး
မယ်နော်သိုးခီး
တာလောပိုးခီး

မွန်ပြည်နယ်

ရေးမြို့နယ်

ယင်းဒိန်းရွာသစ်

တနင်္သာရီတိုင်း

ထားဝယ်မြို့နယ်

တီးတာကွီး
လဲကလား
ထီးဖိုးလေး
ထီးလော်ခီး
လဲမူ

သရက်ချောင်းမြို့နယ်

ဝါးကော်ဒို

နောက်ဆက်တွဲ (၃)
ရွှေပြောင်းခံရသည့်စုစည်းစခန်းများ (၂၀၀၈)

ရှမ်းပြည်နယ်

မိုးနဲမြို့နယ်
နားခမ်း

မိုင်းတုံမြို့နယ်
မဲ့ကင်း
နားကောင်းမူး

ကွန်ဟိန်းမြို့နယ်
ကာလိ
ကျိုင်းလုမ်း

လွိုင်လင်မြို့နယ်
နောင်လဲင်း

လဲချားမြို့နယ်
ဝမ်ဆန်း
ဆလိုင်းခုံ
စိုင်းလိုင်းခမ်း

ကျေးသီးမြို့နယ်
ဝမ်ဟိုင်း

မိုင်းပန်မြို့နယ်
နောင်ပါမွန်
နားလော
ဝမ်မိုင်မောက်စမ်

မောက်မယ်မြို့နယ်
နမ့်လောက်
ကန်ဒူးလုံ

နမ့်ဆန်မြို့နယ်
ဟိုင်းဖတ်
ကတ်လေ
နမ်းမူး
ဝမ်နောင်

မိုင်းကိုင်မြို့နယ်
ခေးအုံအွေ့
ကတ်ဖွေး

ကယားပြည်နယ်

လွိုင်ကော်မြို့နယ်
နွားလဘိုး
ပါလောင်း

ရှားတောမြို့နယ်
ရှားတော
ပွန်ချောင်း

ဘောလခဲမြို့နယ်
နန်းဖဲ
ဘောလခဲ
ရွာသစ်

ပဲခူးတိုင်း

ကျောက်ကြီးမြို့နယ်
သပြေညွန့်
ရန်မျိုးအောင်
ပါအေး
ဘောကထာ
အောင်စိုးမိုး
မူသဲ
ပဒမ်းဒဲ

ကလောမောင်
ရှခင်းသာယာ
ကုန်းမြင့်သာယာ
ထိုက်ထူ
ဘောဒဲခို
မာလာတော
ကျောက်ကြီး

ထန်းတပင်မြို့နယ်
ဆာဇီးဘို
ရင်ရှား
ဇီးဖြူကုန်း
တောင်ကုန်း
ထောမအဲ

တောင်ငူမြို့နယ်
ရင်စေးကုန်း
နကမော

ကရင်ပြည်နယ်

ကြာအင်းဆိပ်ကြီးမြို့နယ်
ရွှေဒိုး
အနန်ကွင်း
ရွာသစ်
မြိုင်သာယာ
သယ်ကွီး
ကြာအင်းဆိပ်ကြီးစက်တလိုက်

ကော့ကရိတ်မြို့နယ်
တီးဟူထံ

သံတောင်မြို့နယ်
သံတောင်
ဘောကလိကြီး
ထုံးဖို

မြဝတီမြို့နယ်
မယ်ကနယ်

မွန်ပြည်နယ်

ရေးမြို့နယ်

ခေါဇာ
ဝင်းတမောက်
လိမ္မော်ခြံ
မိုကနင်းရွာသစ်
ကျုံလင်းရွာသစ်
ရွာသစ် (စံပြ)

တနင်္သာရီတိုင်း

တနင်္သာရီမြို့နယ်

နတ်သမီး
သဘော်ဦး
ဆာရဝ
ဆင်မကျွန်း
ဖားကွင်း
ရှောက်ကုန်း
စံဖဲ
ကျောက်ပိတ်
ကင်းနီကျွန်း
တပ်မူး
ကုန်းသာယာ
ပဝတ်
ကဝဲ
သရဘွင်ချောင်းဖျား
ပိန်းချောင်း
ကျောက်တောင်
တလိုင်းတပ်
သရဘွင်
အနန်းချောင်း
ငရုံအင်း
ဒူးကျွန်း
ရေခမ်းချောင်း
တုံးပြော
ဥကျက်ဂဏ္ဍန်းကွင်း
သကျက်ကုလားအိပ်
သကျက်တောင်ပိုင်း
မီးလောင်းကွင်း
အနဲ
ပဝထောင်းမ
ပဝအင်းဝိုင်း
သိန်ခွန်း
လှည်းဆိပ်
သဲဖြူ
ပျဉ်းတော
ကမလိုင်း

သရက်ချောင်းမြို့နယ်

သင်ပုန်းချောင်း
ပိတောက်ကြီး
ပိတောက်ငယ်
ပဲဒက်
လှည်းတန်းရှည်

ပလောမြို့နယ်

အင်းမကြီး
ဘုရင့်တောင်
မဒေါ
ရောဘူး
ဝါးစွမ်းအုပ်
ပြည်ခြား
မြစ်ချဉ်စု
ထမင်းမစား
ရှမ်းဒွတ်
မင်းဝင်း
ကျောက်လိပ်
မိကျောင်းသိုက်
ဆားခဲ
ဒူးရင်းပင်ရှောင်
ဂျင်းနီ
ဇာဒီဝင်း
ကဗျာ
ပဝတ်
ခေါ်ဘလယ်
လက်ပံပြင်
ပဲ့ထောက်
တပို
ဖျဲ့
ရေရှား
ခမောင်းလှ
မီးကျောင်းဖြူ
ခဖြူပြင်

မြိတ်မြို့နယ်

ပပြင်
ဘုတ်
ယာတပါ
ဘော်မသီ
ကော်ခီး
ဝါးနက်ချောင်းဖျား
ကြက်မအုပ်
ဝါးနက်ချောင်း
အလယ်ချောင်း
ပသို့
တညတ်
မဇော
တကာ

ရေဖြူမြို့နယ်

ယားပူး
ဖဝမိုင်
ရောဘူးရွာသစ်
ဇင်းဘာ
ရေပုံး
မြစ်ဆုံ
ဖ၂မိုင်
မရမ်းချောင်း
လောက်သိုင်း

ဘုတ်ပြင်းမြို့နယ်

ငါးပုတ်ချောင်း
မနိုရိုး
ခဲချောင်း
လားဖူးဝန်
ကော့ဘော့
ဟဲလဲ
ဂျိုးတောင်
ချောင်းမွန်
စတိန်
နန်းတောင်

ထားဝယ်မြို့နယ်

ညောင်တုံး
သပြုချောင်း
ပျဉ်းသားတော
မေတ္တာ
တောင်သုံးလုံး
နန်းပရုပ်
ဘူဒါရုံ
ကျက်ဖီးလောင်း
ပေါင်းတော

နောက်ဆက်တွဲ (၄)
မြန်မာပြည်အရှေ့ပိုင်း နအဖ၏စစ်တပ်ဌာနချုပ်များ (၂၀၀၈)

(ပုတ်ချက်။ ။ မြို့နယ်များအတွင်းအခြေစိုက်တပ်ရင်းများသာဖေါ်ပြ၍ ရှေ့တန်းယာယီအခြေကုတ်စခန်းများမပါဝင်ပါ)

တိုင်းစစ်ဌာနချုပ်များ

တြိဂံတိုင်းစစ်ဌာနချုပ်	*ကျိုင်းတုံ၊ ရှမ်းပြည်နယ်*	အရှေ့တောင်တိုင်းစစ်ဌာနချုပ်	*မော်လမြိုင်၊ မွန်ပြည်နယ်*
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်	*တောင်ကြီး၊ ရှမ်းပြည်နယ်*	ကမ်းရိုးတမ်းစစ်ဌာနချုပ်	*မြိတ်၊ တနင်္သာရီတိုင်း*
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်	*တောင်ငူ၊ ပဲခူးတိုင်း*		

ခြေမြန်တပ်မဌာနချုပ်များ

တပ်မ–၁၁	*ရန်ကုန်၊ ရန်ကုန်တိုင်း*	တပ်မ–၅၅	*ကလော၊ ရှမ်းပြည်နယ်*
တပ်မ–၂၂	*ဖားအံ၊ ကရင်ပြည်နယ်*	တပ်မ–၇၇	*ပဲခူး၊ ပဲခူးတိုင်း*
တပ်မ–၄၄	*သထုံ၊ မွန်ပြည်နယ်*	တပ်မ–၉၉	*မိတ္ထီလာ၊ မန္တလေးတိုင်း*

ဒေသစစ်ကွပ်ကဲရေးနှင့် စစ်တပ်ကွပ်ကဲရေး စစ်ဌာနချုပ်များ (ဒကစ နှင့် စကခ)

မိုင်းဖြတ် ဒကစ	*မိုင်းဖြတ်၊ ရှမ်းပြည်နယ်*	စကခ – ၁၂	*ကော့ကရိတ်၊ ကရင်ပြည်နယ်*
လွိုင်ကော် ဒကစ	*လွိုင်ကော်၊ ကရင်နီပြည်နယ်*	စကခ – ၈	*ထားဝယ်၊ တနင်္သာရီတိုင်း*
စကခ – ၂	*မိုင်းနောင်း၊ ရှမ်းပြည်နယ်*	စကခ – ၁၃	*ဘုတ်ပြင်း၊ တနင်္သာရီတိုင်း*
စကခ – ၁၄	*မိုင်းစစ်၊ ရှမ်းပြည်နယ်*	စကခ – ၁၉	*ရေး၊ မွန်ပြည်နယ်*
စကခ – ၁၇	*မိုင်းပန်၊ ရှမ်းပြည်နယ်*	စကခ – ၂၀	*ကော့သောင်း၊ တနင်္သာရီတိုင်း*
စကခ – ၇	*ဖယ်ခုံ၊ ရှမ်းပြည်နယ်တောင်ပိုင်း*	စကခ – ၆	*ပျဉ်းမနား၊ မန္တလေးတိုင်း*

မြို့နယ်အလိုက် နအဖတပ်ရင်းများ

(ခလရ = ခြေလျင်တပ်ရင်း၊ ခမရ = ခြေမြန်တပ်ရင်း၊ အမတ = အမြောက်တပ်ရင်း)

ရှမ်းပြည်နယ်တောင်ပိုင်း

မိုးနဲမြို့နယ်
ခလရ–၂၄၈
ခမရ – ၅၇၆
ခမရ–၅၁၈
ခမရ–၅၆၉
အမတ–၃၃၆

ကွန်ဟိန်းမြို့နယ်
ခလရ–၂၈၆
ခလရ–၂၄၆
ခလရ–၂၉၆
ခမရ–၅၂၄

မိုင်းပန်မြို့နယ်
ခမရ–၅၇၅
ခမရ–၃၃၂
ခမရ–၅၂၀
ခမရ–၅၇၇
ခမရ–၅၉၈
ခလရ–၂၉၅
ခလရ–၂၉၄

ကလောမြို့နယ်
ခလရ–၃
ခလရ–၇
ခမရ–၁၈
ခမရ–၁၁၂
ခမရ–၁၁၇

မိုင်းပင်းမြို့နယ်
ခလရ–၄၃
ခမရ–၃၆၀
ခမရ–၅၂၈

လင်းခေးမြို့နယ်
ခလရ–၉၉
ခမရ–၅၂၅
ခမရ–၅၇၈
ခမရ–၅၇၄

မိုင်းဆတ်မြို့နယ်
ခမရ–၅၂၇
ခမရ–၅၇၉
ခမရ–၅၈၀

ကျေးသီးနှင့်မိုင်းကိုင်မြို့နယ်
ခမရ–၁၃၁
ခမရ–၅၁၄
ခလရ–၂၈၆
ခလရ–၂၈၇

ဖယ်ခုံမြို့နယ်
ခမရ–၃၃၆
ခမရ–၄၂၁
ခမရ–၄၂၂

မိုင်းယောင်းမြို့နယ်
ခမရ–၃၁၁
ခမရ–၃၃၄
ခမရ–၅၅၅
ခမရ–၅၅၃

ရပ်စောင့်မြို့နယ်
ခလရ–၂၉၂
ခမရ–၅၀၈
ခမရ–၅၀၉

မိုင်းတုံမြို့နယ်
ခလရ–၆၅
ခလရ–၁၃၃
ခလရ–၂၇၇
ခလရ–၂၂၅
ခမရ–၅၁၉

လဲချားမြို့နယ်
ခလရ–၆၄
ခမရ–၅၁၅

လွိုင်လင်မြို့နယ်
ခလရ–၉
ခလရ–၁၂
ခမရ–၅၁၃

တောင်ကြီးမြို့နယ်
ခလရ–၉၄
ခမရ–၅၁၀

ပင်လောင်းမြို့နယ်
ခလရ–၂၄၉
ခမရ–၅၁၁

တာချီလိပ်မြို့နယ်
ခမရ–၃၃၁
ခမရ–၃၅၉
ခမရ–၅၂၆

ကျိုင်းတုံမြို့နယ်
ခလရ–၂၄၄
ခလရ–၂၄၅
ခမရ–၃၁၄

မောက်မယ်မြို့နယ်
ခလရ–၁၃၂

နမ့်ဆန်မြို့နယ်
ခလရ–၂၄၇
ခလရ–၆၆
ခလရ–၄၉
ခလရ–၂၇၈
ခမရ–၈၀
ခမရ–၅၁၆
ခမရ–၃၃၃
ခမရ–၅၂၇
ခမရ–၅၂၉

ဆီဆိုင်မြို့နယ်
ခမရ–၄၂၃
ခမရ–၄၂၄

မိုင်းဖြတ်မြို့နယ်
ခလရ–၂၂၁
ခမရ–၃၂၉
ခမရ–၃၃၀
ခမရ–၃၅၅
ခမရ–၅၇၀

မိုင်းခက်မြို့နယ်
ခလရ–၂၂၇
ခမရ–၃၂၇
ခမရ–၃၂၈

ကရင်နီ (ကယား)ပြည်နယ်

လွိုင်ကော်မြို့နယ်
ခလရ–၅၄
ခလရ–၇၂
ခလရ–၂၆၁
ခလရ–၂၅၀
ခမရ–၅၃၀

ဖရူဆိုမြို့နယ်
ခမရ–၄၂၈
ခမရ–၅၃၀
ဖာဆောင်းမြို့နယ်
ခလရ–၁၃၄
ခလရ–၁၃၅

ဘောလခဲမြို့နယ်
ခမရ–၃၃၇
ခမရ–၄၂၉
ခမရ–၄၃၀

ဒီမောဆိုမြို့နယ်
ခလရ–၁၀၂
ခမရ–၄၂၇

ကရင်ပြည်နယ်

ဖာပွန်မြို့နယ်
ခမရ–၃၄၁
ခလရ–၄၄
ခမရ–၃၄၀
ခမရ–၄၃၄
ခမရ–၃၅၄
ခလရ–၆၈
ခမရ–၅၂၂
သံတောင်မြို့နယ်
ခလရ–၁၂၄
ခလရ–၆၀၃
ခလရ–၂၆၄

လှိုင်းဘွဲ့မြို့နယ်
ခလရ–၂၈
ခမရ–၃၁
ခမရ–၂၂၃
ခမရ–၅၅၉
ခမရ–၃၅၈
ခမရ–၃၃၈
မြဝတီမြို့နယ်
ခလရ–၂၇၅
ခမရ–၃၅၅
ခမရ–၃၅၆
ခမရ–၃၅၇
ခမရ–၆၅၆
ခမရ–၅၄၇

ကြာအင်းဆိပ်ကြီးမြို့နယ်
ခလရ–၃၂
ခလရ–၂၈၃
ခလရ–၂၈၄
ခမရ–၂၁၀
ခမရ–၅၅၀
ခမရ–၂၀၆
ခမရ–၂၂၁
ခမရ–၃၄

ကော့ကရိတ်မြို့နယ်
ခလရ–၉၇
ခလရ–၂၃၀
ခလရ–၂၃၁
ခမရ–၅၄၅
ခမရ–၅၄၆
ခမရ–၅၄၈
ဖားအံမြို့နယ်
ခမရ–၂၀၁
ခမရ–၂၀၃
ခမရ–၂၀၄
ခမရ–၂၀၅
ခမရ–၃၁၀

ပဲခူးတိုင်း (အရှေ့ပိုင်း)

တောင်ငူမြို့နယ်
ခလရ–၂၆
ခလရ–၃၉
ခလရ–၄၈
ခလရ–၇၃
ခမရ–၂၀
ခမရ–၂၄၉

ရွှေကျင်မြို့နယ်
ခလရ–၅၇
ခလရ–၃၅၀
ခလရ–၃၄၉
ခလရ–၅၈၉

ကျောက်ကြီးမြို့နယ်
ခလရ–၆၀
ခမရ–၅၉၉
ခမရ–၅၉၀
ခမရ–၂၅၃
ခမရ–၃၅၁
ခမရ–၃၂၀
ခမရ–၆၀၁
ခမရ–၂၂၃
ခမရ–၆၀၂

ဖြူးမြို့နယ်
ခလရ–၃၅
ပဲခူးမြို့နယ်
ခလရ–၃၀
ခမရ–၄၃၀

မွန်ပြည်နယ်

သထုံမြို့နယ်
ခမရ–၁၁၈
ခလရ–၂၄
ခမရ–၁
ခမရ–၉
ဘီးလင်းမြို့နယ်
ခလရ–၈
ခမရ–၃
ခမရ–၉

ကျိုက်ထိုမြို့နယ်
ခလရ–၂
ခလရ–၉၆
ခမရ–၂
ခမရ–၂၀၈
ခမရ–၂၀၇
မော်လမြိုင်မြို့နယ်
ခလရ–၈၁
ခမရ–၁၀၂
ခမရ–၁၀၄

ရေးမြို့နယ်
ခလရ–၆၁
ခလရ–၁၀၆
ခလရ–၂၂၉
ခမရ–၅၈၆
ခမရ–၅၃၃
ခမရ–၃၅၃
ခမရ–၄၄၉
ခမရ–၅၄၃

သံဖြူဇရပ်မြို့နယ်
ခလရ–၃၁
ခလရ–၆၂
ခလရ–၃၂
ခမရ–၂၀၉
မုဒုံမြို့နယ်
ခမရ–၂၀၀
ခမရ–၂၀၂

တနင်္သာရီတိုင်း

ရေဖြူမြို့နယ်
ခလရ–၂၇၃
ခလရ–၂၈၂
ခမရ–၄၁၀
ခမရ–၄၀၈
ခမရ–၄၀၉
ခမရ–၄၀၇
အမတ –၃၀၄
အမတ –၃၀၇

ပလောမြို့နယ်
ခလရ–၂၈၀
ခလရ–၂၈၅
အမတ –၃၀၉

တနင်္သာရီမြို့နယ်
ခမရ–၅၅၆
ခမရ–၅၅၇
ခမရ–၅၀၅
အမတ –၂၀၆
သရက်ချောင်းမြို့နယ်
ခမရ–၄၀၃
ခမရ–၄၀၄
ခမရ–၄၀၅
အမတ –၂၀၁

လောင်းလုံမြို့နယ်
ခလရ–၁၀၄
ခလရ–၂၆၇

ထားဝယ်မြို့နယ်
ခလရ–၂၅
ခမရ–၄၀၂
ခမရ–၄၀၁
အမတ –၃၀၂
မြိတ်မြို့နယ်
ခလရ–၁၇
ခလရ–၁၀၃
ခလရ–၁၀၁
ခလရ–၂၆၅
ခမရ–၄၃၃
ခမရ–၄၈၁
ခမရ–၄၂၂
အမတ –၄၀၁
အမတ –၄၀၃

ဘုတ်ပြင်းမြို့နယ်
ခလရ–၂၂၄
ခမရ–၅၈၅
ခမရ–၅၅၉
ခမရ–၅၆၀
ခမရ–၅၃၂
ခမရ–၅၅၅
ခမရ–၅၆၃
ခမရ–၅၆၂
ခမရ–၅၆၆
အမတ –၃၀၈
အမတ –၅၀၁

ကော့သောင်း မြို့နယ်
ခလရ–၂၈၈
ခလရ–၂၆၂
ခမရ–၅၉၇
ခမရ–၅၉၄
ခမရ–၅၅၅
ခမရ–၅၆၂
ခမရ–၅၃၁
ခမရ–၅၈၂
အမတ –၃၀၃
အမတ –၃၀၅

နောက်ဆက်တွဲ (၅)
၂၀၀၈ခုနှစ် စစ်တမ်းကောက်လွှာပုံစံ

လူဦးရေအားစစ်တမ်းကောက်ခြင်း

ယင်းလူဦးရေစစ်တမ်းကောက်ယူခြင်း၏ရည်ရွယ်ချက်မှာ အခြေခံနေမှုအတိုင်းအတာနှင့် အခြားဆက်စပ်သည့် အခြေအနေများ၊ စစ်တပ်၏လွှမ်းမိုးမှုနှင့် ၄င်းတို့၏ဖွဲ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အကဲဖြတ်နိုင်ရန် ဖြစ်သည်။

မြို့နယ်အမည် (မြန်မာပြည်မြေပုံအတိုင်း) _____
သတင်းအချက်အလက်ပေးသူများ၏အကြောင်း _____

၁။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း လုံးလုံးပျက်စီးရွှေ့ပြောင်း သို့မဟုတ် ဖျက်ဆီးခံခဲ့ရသောရွာပေါင်း ဘယ်လောက် များများရှိပါသလဲ။ ထိုရွာများသည် မည်သည့်နေရာတွင်တည်ရှိခဲ့ပါသလဲ?

(နေရာတခုစီကိုအောက်တွင်ပေးထားသည့် ဖယားနှင့်မြေပုံထဲတွင်ထည့်သွင်းရန်)

၂။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း စစ်ပွဲများနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ၄င်းတို့အိမ်များကို စွန့်ခွာ၍ အခြားတနေရာသို့ ထွက်ပြေး၍ နေထိုင်နေရသူပေါင်း ဘယ်လောက်ရှိပါသလဲ?

(နေရာတခုစီကိုအောက်တွင်ပေးထားသည့် ဖယားထဲတွင်ထည့်သွင်းရန်)

၃။ ကျေးလက်တောင်ပေါ်ဒေသအတွင်း လက်ရှိနေထိုင်သူလူထုဦးရေစုစုပေါင်းဘယ်လောက်ရှိပါသလဲ?

(နေရာတခုစီကိုအောက်တွင်ပေးထားသည့် ဖယားထဲတွင်ထည့်သွင်းရန်)

၄။ လက်ရှိတွင်နအဖ၏ပြောင်းရွှေ့စခန်းများ(ရွာစုများအပါအဝင်)အတွင်း အအခွံမနေထိုင်စေသည့်စခန်း ဘယ်နှစ်ခု ရှိပါသလဲ? *(နေရာတခုစီကိုအောက်တွင်ပေးထားသည့် ဖယားနှင့်မြေပုံထဲတွင်ထည့်သွင်းရန်)*

၅။) နအဖ၏ရွှေ့ပြောင်းရေးစခန်းများ(ရွာစုများအပါအဝင်) အတွင်း ဝတ္တရားအရနေထိုင်နေရသောလူပေါင်း ဘယ်လောက်ရှိပါသလဲ? *(နေရာတခုစီကိုအောက်တွင်ပေးထားသည့် ဖယားထဲတွင်ထည့်သွင်းရန်)*

၆။ နအဖ၏ကင်းလှည့်စစ်ကြောင်းများအားရှောင်ရှား၍ လူထုများပုန်းခိုအောင်းနေသော "ပုန်းခိုရာနေရာများ (Hiding Sites)" မည်သည့်နေရာများတွင်ရှိပါသလဲ? (အတိုက်အခံများထိန်းချုပ်သောဒေသထဲအပါအဝင်)

(အောက်တွင်ပေးထားသည့်မြေပုံထဲတွင်ထည့်သွင်းရန်)

၇။ ယခုလက်ရှိတွင်နအဖကင်းလှည့်တပ်ဖွဲ့များမတွေ့စေရန် ပုန်းအောင်းနေသော သို့မဟုတ် လုံးလုံးအတွေ့မခံရဲသော လူဦးရေပေါင်း ဘယ်လောက်ရှိပါသလဲ? *(နေရာတခုစီကိုအောက်တွင်ပေးထားသည့် ဖယားထဲတွင်ထည့်သွင်းရန်)*

၈။ နအဖတိုက်ခိုက်မှုများအတွက် အာမခံချက်ပေးနိုင်ပြီး အကန့်အသတ်ဖြင့်သာလုပ်ပိုင်ခွင့်ရှိသော တိုင်းရင်းသား လူမျိုးစုအာဏာပိုင်များ ထိန်းချုပ်ရာ "အပစ်အခတ်ရပ်စဲရေးဒေသများ " သို့မဟုတ် "အထူးဒေသများ" မည်သည့် နေရာတွင် တည်ရှိပါသလဲ? *(အောက်တွင်ပေးထားသည့်မြေပုံထဲတွင်ထည့်သွင်းရန်)*

၉။ တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးဒေသများအတွင်း ယခုလက်ရှိနေထိုင်နေရသောအခြေခံလူဦးရေပေါင်း ဘယ်လောက် ရှိပါသလဲ? *(နေရာတခုစီကိုအောက်တွင်ပေးထားသည့် ဖယားထဲတွင်ထည့်သွင်းရန်)*

၁၀။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စေခဲ့သော အစိုးရ၏ဖွဲ့ဖြိုးရေးစီမံကိန်းများ မည်သည့် နေရာများတွင် တည်ရှိပါသလဲ?

(ကားလမ်းဖောက်ခြင်း၊ စိုက်ပျိုးရေးစီမံကိန်း၊ မိုင်းလုပ်ငန်း၊ သစ်ထုတ်လုပ်ရေး၊ ရေကာတာဆောက်ခြင်း၊ သဘာဝဓါတ်ငွေ့ ပိုက်လိုင်း စသည်တို့ကိုမြေပုံထဲတွင်ထည့်ပေးရန်)

(သည့်အပြင် အတင်းအရွှေ့မလုပ်အားပေးရသည့်နေရာ၊ ရွှေ့ပြောင်းခံရသည့်နေရာများနှင့် မြေယာသိမ်းခံရသည့် နေရာများ ကိုပါဖေါ်ပြပေးရန်)

၁၁။ လက်ရှိနအဖစစ်တပ်၏ အခြေချစခန်းများ၊ တပ်စွဲထားရာဌာနချုပ်၊ ခြေမြန်တပ်မများ၊ စစ်ကွပ်ကဲရေးဌာနချုပ်၊ တိုင်းစစ်ဌာနချုပ်များ တည်နေရာမည်သည့်နေရာများတွင်ရှိပါသလဲ?

(အောက်တွင်ပေးထားသည့်မြေပုံထဲတွင်တပ်တည်နေရာ၊ အမျိုးအစားနှင့် တပ်နံပါတ်များထည့်သွင်းရန်)

အခြေမဲ့သူများနှင့် အုပ်စုလိုက်ဆွေးနွေးပွဲများပြုလုပ်ရန်အတွက်လမ်းညွှန်

အုပ်စုလိုက်ဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ အခြေမဲ့သူများ၏ ထိခိုက်နစ်နာရမှုနှင့် ကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်းများ အပေါ် အမြင်သဘောထားများကို လေ့လာရန်ဖြစ်သည်။

မြို့နယ်အမည် (မြန်မာပြည်မြေပုံအတိုင်း) ----------
ပါဝင်ဆွေးနွေးသူများ၏အသက်အရွယ် ----------
အုပ်စုအမျိုးအစား။ ☐ *အမျိုးသားအုပ်စု* ☐ *အမျိုးသမီးအုပ်စု*
နေရာအမျိုးအစား ။

☐ *တောပုန်းဒေသ* ☐ *နအဖပြောင်းရွှေ့စခန်း*
☐ *အပစ်အခတ်ရပ်စဲဒေသ* ☐ *ရောထွေးအုပ်ချုပ်ဒေသ*

ဖေါ်ပြထားသည့်အကြောင်းအရာတခုစီအား ဆွေးနွေးအားကောင်းစေရန် ရွာသားများအားအားပေးရပါမည်။ ဆွေးနွေးပွဲများမှသည့်အသံများ၊ အကြောင်းအရာများကို အတတ်နိုင်ဆုံးအကုန်အသံသွင်းနိုင်ရန် ကြိုးစားရပါမည်။

စစ်တပ်တိုးချဲ့ခြင်း

ပြီးခဲ့သည့်တနှစ်တာအတွင်း ဤဒေသအတွင်းနအဖ၏စစ်ကြောင်းများကြောင့် သင်တို့၏လုံခြုံရေးနှင့် အသက်မွေးဝမ်းကြောင်းအား မည်သို့ထိခိုက်စေပါသလဲ။

အစိုးရမှကမကထပြုသော ဖွံ့ဖြိုးရေးစီမံကိန်းများ

ပြီးခဲ့သည့်တနှစ်တာအတွင်း အစိုးရမှကမကထပြုသောဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်သင်တို့၏ လုံခြုံရေးနှင့်အသက်မွေးဝမ်းကြောင်းအား မည်သို့ထိခိုက်စေပါသလဲ။

ကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်းများ

ပြီးခဲ့သည့်နှစ်အတွင်း သင့်လုံခြုံရေးအားခြိမ်းချောက်မှုများကိုလျော့လာရန် သင်မည်ကဲ့သို့လုပ်ဆောင်ခဲ့ပါသလဲ။
ပြီးခဲ့သည့်နှစ်အတွင်း သင့်စားဝတ်နေရေးပြဿနာအပေါ် သင်မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းခဲ့ပါသလဲ။

ရေရှည်ငြိမ်းချမ်းခြင်း နှင့် အခြားတနေရာတွင်ပြန်လည်နေရာချခြင်း

လုံခြုံစွာနှင့်ဂုဏ်သိက္ခာရှိစွာ မိမိနေရပ်ရင်းရွာ သို့မဟုတ် အခြားတနေရာရာတွင်ပြန်လည်အခြေချနေထိုင်ရန် မစဉ်းစားမီ မည်သည့်အခြေခံကျသည့်အခြေအနေများအား ဆွေးနွေးဖြေရှင်းရန်လိုသည်ဟု ထင်ပါသလဲ။

သင်၏ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးတင်ပါသည်။

ထိုင်းမြန်မာနယ်စပ်တလျှောက်ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်း

မြန်မာပြည်မှ အခြေမဲ့ထွက်ပြေးသူများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခြင်း

ရည်ရွယ်ချက်

ထိုင်းမြန်မာနယ်စပ်တလျှောက်ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်းသည် အကျိုးအမြတ်အတွက်အလုပ်လုပ်သည့်အဖွဲ့မဟုတ်၍ အစိုးရမဟုတ်သော လူသားချင်းစာနာသည့်လုပ်ငန်းများနှင့် ပွဲ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် NGOs များပူးပေါင်းထားသောအဖွဲ့ဖြစ်သည်။ ဤအဖွဲ့သည် မြန်မာနိုင်ငံမှဒုက္ခသည်များအတွက် အတူတကွပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေသည့် အဖွဲ့လည်းဖြစ်သည်။ ဒုက္ခသည်များလိုအပ်နေသည့် လူသားချင်းစာနာသည့်အကူအညီများကိုပေးအပ်ခါ ဒုက္ခသည်များကိုယ့်အားကိုယ်ကိုး လာနိုင်စေရန်နှင့် ၄င်းတို့၏ဂုဏ်သိက္ခာ၊ တရားမျှတရေး၊ ငြိမ်းချမ်းရေးတို့အတွက်လည်း သင့်တော်၍ရေရှည်တည်တံ့ခိုင်မြဲသည့် ရလာဒ်များထွန်းကားလာစေရေးတို့အတွက်ပါ ကူညီဆောင်ရွက်ပေးနေသည့်အဖွဲ့ဖြစ်သည်။

www.tbbc.org